

တက္ကသိုလ်
သွေးအကြွေ ကြွေးအပြေ

တက္ကသိုလ်

# နေလင်းအောင်

---

## သွေးအကြွေ ကြွေးအပြေ

စာစဉ် (၆)

## အခန်း(၇၁)
## ဖခင်အတွက်သဲလွန်စ

ရွှေ့ဝေရေကန်မှာ ဝါးရုံတောကလေး၏ အလယ်တွင် တည်ရှိသည်။

စိမ်းလဲ့သောရေလွှာပြင်က စိတ်ကို ကြည်လင်လန်းဆန်းစေသည်။

ဝါးရုံရိပ်များက ရေပြင်တွင် တလွန့်လွန့် ထင်ဟပ်နေပြီး လှိုင်းကြက်ခွပ်ကလေးများ ဘောင်ဘင်ခတ်နေသည်မှာလည်း ပန်းချီကားတစ်ချပ်သဖွယ် မျက်စိပသာဒရှိလှပေသည်။

တုံဖန်းဟေသည် ရေကန်သို့ရောက်လျှင် ခြေလှမ်းရပ်တန့်လိုက်ပြီး ရေကန်နံဘေးမြေပုံမို့မို့တစ်ခုအနီး လျှောက်သွားလိုက်သည်။

ထို့နောက် မြေပုံရှေ့တွင် ခေါင်းငိုက်စိုက်ချကာ ရပ်လိုက်သည်။

လင်းထက်ဆွေသည် ကျောက်ပြားမှတ်တိုင်ကို အကဲခတ်ကြည့်လိုက်သည်။

အနီရောင်ဆေးမင်ဖြင့် ထင်ထင်ရှားရှား ရေးထိုးထားသော စာတန်းတစ်ခုက သူ့ရင်တပြင်လုံးကို တုန်လှုပ်သွားစေတော့သည်။

"သူ့ရဲကောင်းကြီး လင်းအင်ချမ်း"

လင်းထက်ဆွေသည် အထိတ်တလန့်ဖြစ်သွားလေ၏။ ဂူယို့နမ်၏ ဝက်ပါဂူတွင်လည်း မိမိဖခင်၏ဂူကို တွေ့ခဲ့ရသည်။ ယခု မိမိဖခင်၏မြေပုံကို တွေ့ရပြန်လေ၏။

ဂူယို့နမ်ပင် လိမ်သလော။ ယခု တုံဖန်းဟောတို့ကပင် လိမ်သလော။ လင်းထက်ဆွေက ထစ်ထစ်ငေါ့ငေါ့ဖြင့်ပြောလေ၏။

"ဦးဦး... ကျွန်... ကျွန်တော် ဖေဖေ့ဂူတစ်ခုကို တွေ့ခဲ့ရပါသေးတယ်"

ဝမ်းနည်းကြေကွဲနေဟန်ရှိသော တုံဖန်းဟောသည် အထိတ်တလန့် ဖြစ်သွားလေ၏။

"အစ်ကိုကြီးလင်းအင်ချမ်းရဲ့ဂူ ဟုတ်လား၊ အစ်ပွာယ်မရှိတာ၊ အဲဒီဂူကိုမင်း ဖော်ကြည့်ခဲ့သလား"

"ဟင့်အင်း... ကျွန်တော် မကြည့်ခဲ့ပါဘူး"

"ဒါ မရိုးသားမှုပဲ၊ ဟောဒီမြေပုံကို မင်း တူးဖော်ကြည့်စမ်းပါ၊ ငါ့သွေးသောက်အစ်ကိုကြီးရဲ့ အရိုးတွေ ရှိနေတယ်၊ မင်းကို အစ်ကိုကြီး လင်းအင်ချမ်းရဲ့သားမို့ ဒီစကားကိုပြောတာနော်၊ တော်ရုံလူဆိုရင် ဒီနားကို တစ်ပေအကပ်မခံဘူးကွ"

လင်းထက်ဆွေသည် ယခင်ကတည်းက ဂူယို့နမ်အပေါ် သိပ်ယုံကြည်မှုမရှိခဲ့ပေ။ ဤဖြစ်ရပ်၏နောက်ကွယ်၌ ထူးခြားမှု တစ်စုံတစ်ရာရှိမည်ဟု သူလည်း ယုံကြည်မိသည်။



တုံဖန်းချိုချင်နှင့် တုံဖန်းဟောတို့သည် လွန်စွာ တည်ကြည်သူများဖြစ်ကြောင်း စားအပေးအယူ ပြုလုပ်သည့်ကိစ္စကို ကြည့်ရုံနှင့်သူ သိရှိခဲ့ပြီးလေပြီ။

သို့ကြောင့် မည်သို့မျှ စောဒကမတက်တော့ပဲ ဖခင်ဖြစ်သူ လင်းအင်ချမ်း၏မြေပုံရှေ့၌ ဒူးထောက်ထိုင်ချလိုက်၏။

"ဖေဖေ... ဖေဖေ့ မြေပုံရှေ့ကို သားရောက်လာပါပြီ၊ ဖေဖေ့ကိုသတ်သွားတဲ့လူကို သား မတွေ့တွေ့အောင် ပြန်ရှာပြီး အကြွေးဆပ်ရစေ့မယ်လို့ ဖေဖေ့ကို ကတိပေးပါတယ်ခင်ဗျာ"

လင်းထက်ဆွေသည် မြေပုံကိုမျက်ရည်ဝေ့သော မျက်လုံးများဖြင့်ကြည့်၍ ရှိခိုးကန်တော့လေ၏။

တုံဖန်းဟောသည် လင်းထက်ဆွေ၏လက်မောင်းကိုကိုင်ကာ ထရပ်စေသည်။ ဧည့်ခန်းသို့ ပြန်လည်ခေါ်ဆောင်လာသည်။

လင်းထက်ဆွေသည် မျက်ရည်များ သုတ်လိုက်ပြီး တုံဖန်းချိုချင်တို့ သားအဖနှစ်ယောက်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဘဘတို့သားအဖက အခုလို ဖေဖေ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုလ်ခဲ့တာကို ကျွန်တော်တစ်သက်မမေ့နိုင်အောင် ကျေးဇူးတင်လှပါတယ်ခင်ဗျာ"

တုံဖန်းချိုချင်က လင်းထက်ဆွေကို ကြင်နာစွာပြော၏။

"ဒါတွေ မလိုအပ်ပါဘူးကွယ်၊ မင်းဖေဖေရှိစဉ်တုန်းက သူနဲ့ငါဟာ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကောင်းတွေပါ၊ နောက်ပြီး မင်းရဲ့ဖေဖေက ငါ့သား တုံဖန်းဟောကို မန်ရန်တောင်မှာ အသက်ကယ်တင်ပေးခဲ့ဖူးတယ်၊ အဲဒီကစပြီး သူတို့နှစ်ယောက်လဲ သွေး

သောက်ညီအစ်ကိုတွေအဖြစ် ကတိပြုသစ္စာဆိုခဲ့ကြတယ်၊ ဒီလောက် ရင်းနှီးနေတဲ့သူတွေအတွက် ကျေးဇူးစကားပြောနေဖို့ မလိုတော့ပါဘူး ငါ့မြေးရယ်"

တုံဖန်းချိုချင်၏လေသံက နူးညံ့နေသည်။

လင်းထက်ဆွေသည် သူ မသိခဲ့ရသည့်အကြောင်းများကို ထပ်မံသိလိုက်ရသောအခါ တုံဖန်းဟေတို့အား ပို၍ ယုံကြည်မိလေ၏။

"ဦးနဲ့ဖေဖေကို သွေးသောက်ညီအစ်ကိုမှန်းမသိလို့ ကျွန်တော့်အပြုအမူ အပြောအဆိုတွေ မယဉ်ကျေးဖွယ်ရာရှိရင် ခွင့်လွှတ်ပါခင်ဗျာ"

တုံဖန်းဟေက သက်ပြင်းချလိုက်ပြီး....

"မင်းအဖေဟာ ငါ့ရဲ့အသက်သခင်ကျေးဇူးရှင်ပါကွာ၊ သူက ငါ့အပေါ်မှာ အထင်သေးတဲ့စိတ်ထားမရှိလို့သာ အခုလို သွေးသောက်ညီအစ်ကိုအဖြစ် ကတိပြုသစ္စာဆိုခဲ့ရတာပါ၊ တကယ်ဆိုရင်တော့ အဆင့်ကွာလှပါတယ်"

လင်းထက်ဆွေ စဉ်းစားနေသည်။ အတန်ကြာမှ ခပ်တိုးတိုး မေးလေ၏။

"ဦးကို ကျွန်တော်တစ်ခုလောက် မေးပါရစေခင်ဗျာ၊ ကျွန်တော့်ဖေဖေ ဘယ်လိုအဖြစ်ဆိုးနဲ့ ကြုံခဲ့ရတာပါလဲ ခင်ဗျာ"

တုံဖန်းဟေ ဒုတိယအကြိမ် သက်ပြင်းချလိုက်မိပြန်သည်။

သူ့မျက်နှာပေါ်တွင် အတိတ်၏ဆွေးရိပ်များက ဖုံးလွှမ်းလာသည်။

"အင်း... လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကာလရဲ့နွေဦးနေ့ကလေး



တစ်နေ့မှာပေါ့ကွာ၊ အဲဒီအချိန်က မနက် ဝေလီဝေလင်းလောက်ပဲ ရှိဦးမယ်၊ ငါတို့အိမ်ဂေဟာရဲ့ အပြင်ဘက်က တုံဖန်းဟေဆိုတဲ့ ခေါ်သံတစ်သံ ထွက်ပေါ်လာခဲ့တယ်၊ ငါလဲ အိမ်ရှေ့ကို ကမန်းကတန်း ထွက်လာခဲ့တယ်၊ အဲဒီမှာ ငါ တွေ့လိုက်ရတာကတော့...."

"ကျွန်တော့် ဖေဖေကို တွေ့လိုက်ရတာလားခင်ဗျာ"

လင်းထက်ဆွေက ဖြတ်၍မေးသည်။ တုံဖန်းဟေ စိတ်မကောင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်... အဲဒီအချိန်မှာ သူ့တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ ဗရပွဖြစ်နေပြီ၊ သွေးတွေကလဲ ရွှဲရွှဲနစ်နေပြီ"

လင်းထက်ဆွေ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားရသည်။ ဖခင်၏ နာကျင်ကြေကွဲဖွယ်အဖြစ်ကို မြင်ယောင်ခံစားလာမိတော့သည်။

မျက်ရည်ပူများက တားမနိုင်ဆီးမရပဲ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်းလာရသည်။

တုံဖန်းချိုချင်လည်း လင်းထက်ဆွေကိုကြည့်ပြီး မျက်ရည်ဝဲလာသည်။ တုံဖန်းဟေက တုန်ယင်စွာ ဆက်ပြောသည်။

"အဲဒီတုန်းက သူ့ကိုမြင်မိတာနဲ့ ငါလဲ အထိတ်တလန့် ဖြစ်သွားရတယ်၊ မင်းအဖေရဲ့ရန်သူဟာ နောက်က လိုက်လာမယ်လို့ တွက်ဆလိုက်ကြတယ်"

အဘိုးအို တုံဖန်းချိုချင်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ်... ငါလဲ ဒီလိုပဲ ဆုံးဖြတ်တယ်၊ ဒေါသလဲ ထွက်ရတယ်၊ ဒါကြောင့် တို့သားအဖနှစ်ယောက် ချက်ချင်းဆိုသလိုပဲ မင်းအဖေရဲ့သွေးစက်အတိုင်း နောက်ကြောင်းကိုလိုက်ကြည့်ကြတယ်၊ ဒါ

ပေမယ့် ရန်သူရဲ့ အရိပ်အယောင်ကို လုံးဝမတွေ့ခဲ့ရပါဘူး၊ နောက်က လိုက်လာမယ်ထင်တဲ့ရန်သူကို လိုက်ရှာရာကမတွေ့ဘဲ ပြန်လာကြတဲ့အချိန်မှာ မင်းရဲ့ဖေဖေဟာ သွေးလွန်ပြီး အသက်ဆုံးရှုံးသွားခဲ့ရတယ်၊ အဲဒါ ငါတို့အမှားပဲပေါ့ကွယ်၊ မင်းဖေဖေဟာ ငါတို့ကို ဘာစကားတစ်ခွန်းမှ ပြောမသွားခဲ့နိုင်ပါဘူး ငါ့မြေးရယ်”

လင်းထက်ဆွေမှာ မျက်ရည်ကျရုံမှတစ်ပါး ဘာမျှမတတ်နိုင်ချေ။

တုံဖန်းချိုချွင်၏မျက်လုံးများက မှိုင်းရီနေပြီး အဝေးဆီသို့ငေးကြည့်နေ၏။ အတိတ်၏လွမ်းမောဖွယ်ရာများက သူ့နှလုံးသားထဲသို့ ဝင်ရောက်ထိုးနှက်နေဟန်တူ၏။

မချိတင်ကဲ လေသံဖြင့်....

“ဘဘတို့လဲ ဘယ်လိုမှမစဉ်းစားတတ်အောင် ဖြစ်ခဲ့ရပါတယ် ငါ့မြေးရယ်၊ မင်းဖေဖေဟာ သစ္စာတရား လက်ကိုင်ထားတဲ့ သူရဲကောင်းသိုင်းသမားပါ၊ ဘယ်လိုကနေ ဘယ်လိုဖြစ်တယ်ဆိုတာ ငါတို့လုံးဝမသိခဲ့ရပါဘူးကွယ်”

“ဒီလိုဆိုရင် ဖေဖေ့ကိုသတ်သွားတဲ့တရားခံကို ဘဘတို့ လုံးဝမသိခဲ့ရဘူးပေါ့”

တုံဖန်းဟောက ရှင်းပြသည်။

“မင်းဖေဖေ သေပြီးတဲ့နောက်ပိုင်းမှာ ငါတို့သားအဖနှစ်ယောက် သိုင်းလောကထဲသွားပြီး စုံစမ်းခဲ့ပါသေးတယ်၊ ဘာသဲလွန်စမှ မရတဲ့အပြင် မင်းအမေနဲ့မင်းကိုတောင်မှ ရှာလို့မတွေ့ရတော့ဘူးလေ၊ မိုးကြိုးသွားဓား အစ်ကိုကြီး စီမာကမ်းစင်းကိုလဲ မတွေ့ရတော့



ဘူး၊ နောက်ဆုံးတော့ မင်းဖေဖေချန်ထားခဲ့တဲ့ ဟောဟိုဓားတစ်လက်ကလွဲလို့ ဘာမှသဲလွန်စမှ မကျန်ရစ်ခဲ့ပါဘူးကွယ်”

“ဒါဖြင့်ရင် စောစောက ဓားမြတ်က”

တုံဖန်းချိုချွင်က ခေါင်းညိတ်လျက်....

“ဟုတ်တယ်... ငါ့မြေး၊ အဲဒီဓားမြတ်က မင်းဖေဖေ အသက်ထက်ဆုံးကိုင်ဆောင်အသုံးပြုသွားတဲ့ သက်တန့်ပျံဓားပါပဲကွယ်”

ထိုအဖြေစကားလုံးကလေးများက နားကြောစိမ့်ကာ ချိုလွင်ကြည်မြလှသည်ဟု ထင်မိသည်။

အလယ်ပိုင်းမြေပြန့်ဓားနှစ်လက် ယခုကဲ့သို့ ပြန်လည်ဆုံဆည်းရသည်ကို သူ အံ့ဩမိသည်။ ယခုတော့ အမှတ်မထင်ပင် ဆုံဆည်းခဲ့ကြလေပြီ။

သူ့ဆရာမှာကြားခဲ့သော သက်တန့်ပျံဓားကိုရှာတွေ့ပါက မြစ်ဝါမြစ်ထဲ သွားရောက်ပစ်ချရမည်ဆိုသည့်စကားကို နားထဲတွင် ပြန်လည်ကြားလာမိသည်။

လင်းထက်ဆွေက....

“ကျွန်တော့်ဖေဖေ ချန်ထားခဲ့တဲ့ပစ္စည်းကို ကျွန်တော့်ကိုပြန်မပေးနိုင်ဘူးလား ခင်ဗျာ”

တုံဖန်းချိုချွင်က သူ့စကားကိုဆုံးအောင်ပင် စောင့်မနေတော့ဘဲ....

"မင်းစကားလိုပဲပေါ့ကွာ… ဥစ္စာရှင်းမှန်ရင် ပြန်ရရမှာပေါ့၊ စိတ်ချပါ… သက်တန့်ပုံများကို ငါတို့သိမ်းထားခဲ့တာ ကြာပါပြီ၊ မင်း လက်ထဲကိုပဲ ပြန်ပေးမှာပါ၊ အခုတော့ ခဏလောက် သည်းခံပါဦး"

လင်းထက်ဆွေမှာ မချိမဆန့် ဖြစ်သွားရသည်။ သူ့အား ယခု ချက်ချင်း ပေးအပ်သွားမည်ကို ထင်ထားမိရာ အထင်နှင့်အမြင် လွဲ သွားရတော့သည်။

လင်းထက်ဆွေမှာ အတင်းအကျပ်တောင်းရန် မသင့်လျော် တော့သဖြင့်….

"ဘဘတို့ဦးတို့လက်ထဲမှာ ဆယ့်ငါးနှစ်လုံးလုံး တရိုတသေ သိမ်းဆည်းစောင့်ရှောက်ထားရတာဖြစ်လေတော့ ဘဘတို့ရဲ့ အဆုံး အဖြတ်ကိုပဲ ကျွန်တော် နာခံရတော့မှာပေါ့"

တုံ့ဖန်းချိုချွင်သည် သူ့မုတ်ဆိတ်ရှည်ကြီးကိုပွတ်၍ ငြိမ်သက် စွာ စဉ်းစားနေ၏။

ထို့နောက် သားဖြစ်သူအား လှမ်း၍ အမိန့်ပေးလိုက်သည်။

"လူလေး တုံ့ဖန်းဟေ… သွားကွာ၊ သမီးလေးမိန်ကို သွား ခေါ်ခဲ့ချေ"

လင်းထက်ဆွေသည် သူဖခင်ချန်ထားရစ်ခဲ့သော သက်တန့် ပုံများကို လွယ်လွယ်ကူကူ တွေ့ရှိရနိုင်လိမ့်မည်ဟု သူ့စိတ်ထဲတွင် ယောင်၍မှုပင် စိတ်ကူးမယဉ်ခဲ့မိချေ။

ယခုမမျှော်လင့်ပဲ ဓားကိုတွေ့လိုက်ရပြီဖြစ်၍ လွန်စွာ စိတ် ချမ်းသာနေလေသည်။ ရန်သူကိုရှာဖွေရန်သာ ကျန်တော့သည်။

ထိုအချိန်မှာပင် မိန်းကလေးတစ်ဦး၏ လက်ဝတ်ရတနာ



များ လှုပ်ခတ်သံကိုကြားလိုက်ရသည်။

လင်းထက်ဆွေ ခေါင်းမော့ကြည့်လိုက်သည်။

တုံ့ဖန်းမိန်၏ပြစ်မျိုးမဲ့မထင် တုလွတ်ကင်းသည့်အလှကို တွေ့ရှိရသည်။

သိုင်းသမားဝတ်စုံနှင့်မဟုတ်ပဲ မိန်းမဝတ်မိန်းမစား အပြည့် အစုံဝတ်ဆင်ထားသဖြင့် သူမ၏အလှက ပို၍ပေါ်လွင်လာသည်။

မြင်သူတကာ ငေးလောက်သည့်အလှပိုင်ရှင် ဖြစ်လာတော့ သည်။

"ဘိုးဘိုး… သမီးကိုခေါ်တာ ဘာကိစ္စရှိလို့လဲဟင်"

တုံ့ဖန်းမိန်၏အသွင်သဏ္ဍာန်က ပြောင်းလဲနေသလို လေယူ လေသိမ်းစကားသံတို့ကလည်း ပြောင်းလဲနေသည်။ တွေ့စကနှင့်လုံး ဝမတူပဲ ပို၍ ယဉ်ကျေးသိမ်မွေ့လာသည်ဟု လင်းထက်ဆွေ ထင်မိ သည်။

တုံ့ဖန်းချိုချွင်က ရယ်မောလျက် မိတ်ဆက်ပေးသည်။

"သမီးလေး မိန်… ဒါဟာ မင်းရဲ့ဦးလေး လင်းအင်ချမ်းရဲ့ သား၊ သက်တန့်ပုံများရဲ့ပိုင်ရှင် အစစ်အမှန်ပဲကွယ့်၊ နာမည်က လင်း ထက်ဆွေတဲ့"

တုံ့ဖန်းချိုချွင်၏ ရယ်မောသံက ဧည့်ခန်းတစ်ခုလုံးကို ပဲ့တင် ထပ်နေသည်။ မြေးဖြစ်သူအား ထပ်မံတိုက်တွန်းနေသည်။

"နှုတ်ဆက်လိုက်ဦးလေး သမီးရဲ့… လင်းထက်ဆွေဟာ ညည်းရဲ့အစ်ကိုပဲဟဲ့"

တုံ့ဖန်းမိန်မှာ ရှက်သွေးတက်ပြီး ခေါင်းကလေးငုံ့နေသည်။

လင်းထက်ဆွေသည် တုံဖန်းမိန်ရှက်နေသည်ကို စာနာသနားမိသဖြင့် သူကပင် စတင်၍ ဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်၏။

"ညီမလေး တုံဖန်းမိန်၊ အစ်ကို့ဖေဖေရဲ့ ဓားကိုသိမ်းဆည်းပေးထားတဲ့အတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ်ကွယ်"

ထိုအခါကျမှ တုံဖန်းမိန် စကားပြောနိုင်ရှာ၏။

"ဟုတ်... ဟုတ်ကဲ့၊ ဦးလေး လင်းအင်ချမ်းရဲ့ ဓားဆိုတော့လဲ ညီမလေးတို့က သိမ်းထားရတာပေါ့၊ ညီမလေးကို ခွင့်လွှတ်ပါဦးနော်"

တုံဖန်းမိန်သည် အိမ်ခန်းထဲသို့ လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။

---

တုံဖန်းချိုချင်သည် လည်းကောင်း၊ တုံဖန်းဟေသည်လည်းကောင်း နှစ်ခြိုက်စွာ ရယ်မောလိုက်ကြလေ၏။

လင်းထက်ဆွေသည် ရောယောင်ရယ်မောရလေတော့သည်။ အတန်ကြာမှ လင်းထက်ဆွေက မေးသည်။

"ကျွန်တော့်ဖေဖေရဲ့သက်တန့်ပျံဓားကို ဘယ်အချိန်လောက်ပြန်ပေးမယ်လို့ စိတ်ကူးထားပါသလဲ ဘဘခင်ဗျာ၊ ကျွန်တော့်ကို တလွဲမထင်ပါနဲ့နော်၊ ကျွန်တော့်မှာ တခြားဆောင်ရွက်စရာကိစ္စကလေးတွေ ရှိနေလို့ပါ"

တုံဖန်းချိုချင်က သဘောကျစွာ ရယ်မောလိုက်ပြီး....

"စိတ်ပူမနေပါနဲ့ကွာ... ငါ့မှာ အစီအစဉ်ကောင်းတွေ ရှိပါ



တယ်၊ မနက်ဖြန်ကျမှပဲ ဒီအကြောင်းတွေ ဆက်ပြောကြတာပေါ့၊ မင်းလဲ ဒီမှာ သုံးလေးရက်လောက် နေစမ်းပါဦး၊ တို့သားအဖနှစ်ယောက် တိုင်ပင်ဆွေးနွေးပါဦးမယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ... ဒါပေမယ့် ကျွန်တော့်မှာ သိပ်ပြီး အရေးကြီးတဲ့ကိစ္စတွေရှိနေသေးလို့ ဒီမှာဆက်ပြီးတည်းခိုဖို့ အချိန်မပေးနိုင်တာကို ခွင့်လွှတ်ပါ"

လင်းထက်ဆွေက အလျင်အမြန် ဖြတ်ပြောလိုက်၏။

တုံဖန်းချိုချင် အံ့သြသွားသည်။

"ဟင်... မင်း တကယ်ပြောနေတာလား"

"ဟုတ်ပါတယ်ဗျာ... ကျွန်တော် ဘဘကို လိမ်ညာမပြောဝံ့ပါဘူး၊ ဒီရက်ပိုင်းအတွင်း ကျွန်တော့်မှာ သေရေးရှင်ရေးလောက်ကို အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက်စရာရှိနေသေးလို့ပါ"

လင်းထက်ဆွေသည် ကြူလုံပေါင်းအရှင်သခင် ကွမ်းကတော်အတွက် အဆိပ်ဖြေဆေးကို ကန်းစုဂိုဏ်းတွင် သွားရောက်တောင်းခံပေးရန် ကိစ္စရှိနေပေသည်။

ထိုကိစ္စအား တုံဖန်းချိုချင်ကို ရှင်းမပြလိုပေ။ ကြူလုံပေါင်း၏ ဂုဏ်သိက္ခာကို ငဲ့ညှာသောစိတ်ထားကြောင့်ဖြစ်သလို သူကိုယ်တိုင်ကလည်း ကိုယ့်ဂုဏ်ပုဒ်ကို ထုတ်ဖော်ကြွားဝါ မပြောလိုသောကြောင့်လည်း ဖြစ်ပေသည်။

တုံဖန်းချိုချင်က တဒင်္ဂမျှ ငြိမ်သက်စွာ စဉ်းစားလိုက်သည်။ ပြီးမှ....

"အေးလေ... ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျမှပဲ ပြန်ပေါ့ကွာ၊

မင်းကိစ္စကိုလဲ ဒီလောက်ကလေးနဲ့ကော့ အနှောင့်အယှက် မဖြစ်ဘူးလို့ ထင်ပါတယ်"

ဤအခြေအနေရောက်ကာမှ လင်းထက်ဆွေအနေဖြင့် ထပ်မံမငြင်းလိုတော့ပေ။

ကွမ်းကတော် ရဲ့ဖုံးလိမ်အတွက် နောက်ထပ်ရက်ပေါင်းလေးဆယ့်ရှစ်ရက်မျှ ကျန်ရှိနေသေးသဖြင့် ကန်းစုပြည်နယ်တွင် အဆိပ်ဖြေဆေးသွားရောက်ယူပေးရန် အချိန်လုံလောက်နေပေသေးသည်။

ထို့ကြောင့် ခေါင်းညိတ်ပြလိုက်ပြီး အားနာသောလေသံဖြင့်....

"နေလို့တော့ ဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကြောင့် ဘဘတို့ အနှောင့်အယှက်ဖြစ်ပြီး ခုက္ခရောက် အလုပ်များမှာကိုပဲ စိုးရိမ်မိပါတယ်"

"မလိုပါဘူးကွာ... ဘာမှ အားနာစရာမလိုပါဘူး"

တံခွန်ဆိုရှင်က ပြုံးပြုံးရယ်ရယ်ဖြင့် ပြောလိုက်ပြီး အုပ်ချုပ်ရေးမှူးပေါ်သက်သို့ လှည့်ကာ....

"ပါခြေး လင်းထက်ဆွေကို ဧည့်သည်တွေတွက်ထားတဲ့ အိပ်ခန်းဆီ လိုက်ပြနေရာချပေးလိုက်ပါကွယ်"

လင်းထက်ဆွေသည်၊ အိမ်ရှင်သားအဖကို ဂါရဝပြုလိုက်ပြီး အုပ်ချုပ်ရေးမှူးပေါ်နောက်သို့ တလိုက်သွားရလေတော့၏။



အခန်း(၇၂)
ထွက်ပြေးသွားသောသတိုးသား

လင်းထက်ဆွေသည် အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် လဲလျောင်းလိုက်၏။

တစ်လျှောက်လုံး ပြေးလွှားတိုက်ခိုက်လာသည့်တိုင် သူ၌ အိပ်ချင်စိတ်မရှိဘဲ ဖြစ်နေသည်။

နောက်ဆုံး၌ သူ ခုန်ထလိုက်ပြီး အခန်းတံခါးကို သေချာစွာ ပိတ်လိုက်၏။ ခုတင်ပေါ်၌ တင်ပျဉ်ခွေပြန်ထိုင်ကာ အင်္ကျီအတွင်းအိတ်ထဲမှ ကျောက်စိမ်းစကောရစ်သိုင်းကျမ်းကို ထုတ်ယူလိုက်၏။

လင်းထက်ဆွေ တီးတိုးရေရွတ်လိုက်သည်။

"ကျူးအီးတောင်ပေါ်မှာ ငါ မေ့နေတုန်းက ငါ့ဝတ်စုံကိုလဲ မပတ်ပေးလိုက်ကြတာ သိပ်ကံကောင်းတာ၊ နို့မို့ရင် သူတို့ဟာ အတွင်းအိတ်ထဲမှာ ထိမ်းထားတဲ့ ကျောက်စိမ်းစကောရစ်သိုင်းကျမ်းကို ရသွားကြမှာ သေချာတယ်"

လင်းထက်ဆွေသည် ကျောက်စိမ်းစကောရစ်သိုင်းကျမ်းထဲမှ

တတိယသိုင်းကွက်ကို လေ့ကျင့်လေ၏။

သူစိတ်များသည် သိုင်းကျင့်စဉ်ထဲသို့ လုံးလုံးလျားလျား ရောက်ရှိသွားတော့သည်။ သူ နစ်မျောလေ့ကျင့်နေသည်မှာ ညနှစ်ချက်တီးတိုင် ကြာမြင့်ခဲ့သည်။

ပထမ၊ ဒုတိယနှင့် တတိယသုံးကွက်သုံးခုစလုံး ဆက်စပ်ကစားပြီးချိန်တွင် နံနက်မိုးသောက်နေခဲ့လေပြီ။ သူ၏အခန်းပြင်၌ ဘာတွေဖြစ်နေသည်ကို လင်းထက်ဆွေ မသိပေ။

သိုင်းပညာများ လေ့ကျင့်ပြီးသောအခါ သူစိတ်ထဲ၌ တစ်မျိုးတမည် ထူးဆန်းနေသဖြင့် အခန်းတံခါးကိုတွန်းဖွင့်ကာ အပြင်ဘက်ခန်းများဆီသို့ ချောင်းကြည့်လိုက်မိလေ၏။

သူရပ်နေသော အခန်းတံခါး၏ တစ်ဘက်တစ်ချက်၌ အနီရောင်စက္ကူပေါ်၌ ရွှေစာလုံးများ ရေးထိုးထားသည်။ ထိုစာ၏အဓိပ္ပာယ်မှာ မင်္ဂလာရှိသောအချိန်အခါဟူ၍ ဖြစ်၏။

သူ့အခန်းဆီသို့ ဦးတည်ဆက်သွယ်ထားသော စင်္ကြံတစ်လျှောက်တွင်လည်း မီးပုံးနှင့်ရောင်စုံစက္ကူများ သွယ်တန်းချိတ် ဆွဲထားသည်ကို တွေ့ရပြန်၏။

"ဘာတွေများ လုပ်နေကြပါလိမ့်"

သူသည် ဘာမှုမစဉ်းစားတတ်သဖြင့် စင်္ကြံလမ်းအတိုင်း ဖြည်းညင်းစွာ လျှောက်လာခဲ့မိသည်။

ခြံဝင်းကြီးတစ်ခုလုံးမှာ လှုပ်လှုပ်ရွရွဖြစ်နေပြီး အခိုင်းအစေ အလုပ်သမားများသည်ပင် တောက်ပပြောင်လက်သော အဝတ်အစားများကို ဝတ်ဆင်ထားကြောင်းတွေ့ရသည်။



အုပ်ချုပ်ရေးမှူးပေါ့မှာလည်း ထိုလူအုပ်များအကြားတွင် အလုပ်ရှုပ်နေ၏။

လင်းထက်ဆွေကိုမြင်လိုက်သောအခါ ကမန်းကတန်းပင် လျှောက်လာခဲ့ပြီး ပြုံးရွှင်ချိုမြသောအမူအရာဖြင့် ဦးညွှတ်ပြီး နှုတ်ဆက်လိုက်သည်။

"သူရဲကောင်းလေး... အနားယူပြီးပြီလား"

လင်းထက်ဆွေသည် အုပ်ချုပ်ရေးမှူးပေါ့၏စကားကို ဆုံးအောင် နားမထောင်နိုင်တော့ပေ။ ဤခြံဝင်းကြီးထဲတွင် ဖြစ်ပေါ်နေသော ထူးခြားမှုအကြောင်းချင်းရာများကို မေးခွန်းထုတ်လိုက်မိသည်။

"ဒီနေ့ ဒီဂေဟာမှာ ဘာအစီအစဉ်တွေများ ရှိနေလို့လဲ"

အုပ်ချုပ်ရေးမှူးပေါ့က ဝမ်းသာအားရ အမူအရာဖြင့်.....

"ဒီနေ့ဟာ သခင်မလေးမိန်ရဲ့ မင်္ဂလာနေ့ပဲ၊ ချိုရှင်ကျေးရွာရဲ့ ဆယ်နှစ်တာကာလအတွင်းမှာ အကြီးအကျယ်ဆုံး မင်္ဂလာနေ့လေး တစ်နေ့ပဲပေါ့"

"သြော်... ဒါကြောင့်မို့လို့ ဘဘက ကျွန်တော့်ကို ဒီမှာ သုံးလေးရက်လောက် တည်းခိုဖို့ ပြောတာကိုး၊ တိုက်ဆိုင်လိုက်တာဗျာ"

လက်ရုံးရော နှလုံးရည်ပါပြည့်ဝပြီး ဖယောင်းရုပ်ကလေးတစ်ရုပ်လို လှပချောမောသည့် တုံဖန်းမိန်လိုမိန်းကလေးအား ထိမ်းမြားလက်ထပ်ခွင့်ရသူမှာ ကံကောင်းသူတစ်ယောက်ဟု သတ်မှတ်ရပေမည်။

လင်းထက်ဆွေက....

"သြော်... ဒီနေ့ဟာ ချိုရှင်ကွမ်းရဲ့ ခမ်းနားတဲ့မင်္ဂလာနေ့ပဲကိုး၊

ဒီလောက်ကျက်သရေရှိပြီး အပြစ်ကင်းစင်တဲ့ တုံဖန်းမိန်လိုမိန်းကလေးနဲ့ လက်ဆက်ရမယ့်သူကတော့ လောကမှာမိန်းမရ ကံအကောင်းဆုံးပါပဲဗျာ၊ ဘယ်သူများပါလိမ့်ဗျာ၊ အုပ်ချုပ်ရေးမှူးကြီး သိလား၊ ကျွန်တော် သူ့ကို ဂုဏ်ပြုချီးကျူးစကားဆိုချင်လို့ပါ"

အုပ်ချုပ်ရေးမှူးပေါ့ ကြောင်သွားသည်။ လင်းထက်ဆွေအား တအံ့တသြနှင့်စိုက်ကြည့်နေသည်။ ပြီးမှ သဘောပေါက်ဟန်ဖြင့် အသံထွက်အောင် ရယ်မော လိုက်သည်။

"ဟား... ဟား... ဟား၊ ခင်ဗျား တော်တော် ပျော်တတ်တဲ့လူပဲဗျာ၊ ကြံဖန်ပြီး ရယ်စရာစကားတွေ ပြောတတ်တယ်၊ ဟား... ဟား ... ဟား"

သူ့စကားနှင့်သူ့အမူအရာကို လင်းထက်ဆွေ နားမလည်နိုင်ပဲ ဖြစ်သွား၏။

"ရယ်စရာစကားပြောတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်ကို ဘာမှမသိလို့ပါ"

အုပ်ချုပ်ရေးမှူး ပေါ့က ဘာမျှပြန်မဖြေဘဲ နောက်ဘက်သို့ ခြေလှမ်းနှစ်လှမ်းမျှ ဆုတ်လိုက်ပြီး ဦးညွှတ်အရိုအသေပေး၏။

"မင်္ဂလာနေ့ပါဗျာ... ကျွန်တော်ကပဲ သူ့ရဲ့ကောင်းကလေးကို ဂုဏ်ပြုချီးကျူးပါတယ်၊ ကံထူးသူလို့လဲ သတ်မှတ်လိုက်ပါတယ်ဗျာ"

လင်းထက်ဆွေ နားရှုပ်သွားသည်။ မျက်မှောင်ကြုတ် မေးလိုက်၏။

"ဘယ်သူလဲဗျ အုပ်ချုပ်ရေးမှူး၊ ခင်ဗျား ဘာပြောလိုက်တာလဲ"



အုပ်ချုပ်ရေးမှူးက ပြုံး၍ ပြော၏။

"သူ့ရဲ့ကောင်းလေးကို ဂုဏ်ပြုတာပါခင်ဗျာ၊ မနက်ဖြန် နေ့လယ်ဆိုရင်ပဲ ခင်ဗျားဟာ သခင်မလေးမိန်ရဲ့ဘဝကြင်ဖော်ဖြစ်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်က သတို့သားလောင်းကို မင်္ဂလာနှုတ်ခွန်းဆက်ရတာပေါ့ဗျာ"

"ဟင်...."

လင်းထက်ဆွေမှာ အကြီးအကျယ် အံ့သြသွားရလေတော့သည်။ သူ လုံးဝထင်မှတ်မထားသောစကားကိုကြားရခြင်း၊ သူလုံးဝမသိသော အစီအစဉ်ကို ကြုံတွေ့ရခြင်းတို့ကြောင့် ရင်ထဲတွင် တုန်ယင်လှုပ်ခတ်နေတော့သည်။

အုပ်ချုပ်ရေးမှူးပေါ့အား ဘာစကားပြောရမှန်းပင် မသိတော့ဘဲ ကြောင်စီစီလေး ဖြစ်နေရတော့သည်။

ထိုအချိန်တွင် အုပ်ချုပ်ရေးမှူးပေါ့က နှစ်သက်ကြည်နူးစွာ ပြုံးပြလိုက်ပြီး ဘေးဘီကိုအကဲခတ်ကြည့်ရှုလိုက်သည်။

အနီးအနားတွင် မည်သူမျှရှိမနေမှ တိုးတိုးစကားဆိုသည်။

"ကျွန်တော်တို့သခင် တုံဖန်းဟောနဲ့သူ့ရဲ့ကောင်းကြီး လင်းအင်ချမ်းက သိပ်ပြီးအတွဲညီကြတဲ့ မိတ်ဆွေဟောင်းတွေပေါ့"

ထိုစကားဖြင့် အစချီကာ လင်းအင်ချမ်းက သားသမီးချင်း ပေါင်းသင်းစေချင်သည့် စိတ်ဆန္ဒရှိခဲ့သည်တို့ကို ရှင်းပြသည်။

အုပ်ချုပ်ရေးမှူးပေါ့က ဆက်ပြောပြန်သည်။

"ကျွန်တော်တို့ သခင်မလေးမိန်ဟာ ဆယ့်ငါးနှစ်လုံးလုံး ဒီစားဖြတ်ကိုသိမ်းဆည်းပြီး ခင်ဗျားကိုစောင့်နေခဲ့ရတာ၊ ဒီနေ့မှပဲ

သူ့ဖူးစာရှင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့တာပါပဲဗျာ၊ ကံကြမ္မာရဲ့ဆန်းကြယ်ပုံကလေးက တကယ့်ကိုအံ့ဩစရာ ကောင်းတာပါပဲ"

ထိုစဉ်....

"အုပ်ချုပ်ရေးမှူးကြီး... အုပ်ချုပ်ရေးမှူးကြီး"

လူတစ်ယောက်က အခြားအခန်းတစ်ခန်းတံခါးဝမှ အော်ဟစ်ခေါ်ငင်လိုက်သည်။ အုပ်ချုပ်ရေးမှူးပေါ့က ပြန်ထူးလိုက်ပြီး လင်းထက်ဆွေကို နှုတ်ဆက်ကာ ထွက်ခွာသွားတော့သည်။

အုပ်ချုပ်ရေးမှူးပေါ့၏စကားများက လင်းထက်ဆွေ၏နားထဲတွင် ပဲ့တင်ထပ်နေသည်။ ကြားလူတစ်ယောက်ပြောသော စကားဟူသည် ကာယကံရှင်နှစ်ဦးအတွက် အမှန်တရားနှင့် အမြဲတစေ နီးကပ်နေတတ်၏။

အုပ်ချုပ်ရေးမှူးပေါ့၏စကားများကို သူ အမှန်တရားဖြစ်လိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်သည်။ မည်သို့လုပ်ရမည်နည်း။ သူ့ခေါင်းထဲတွင် အဖြေက အဆင်သင့် ရှိမနေခဲ့။

တုံဖန်းမိန်ကို သူ့အနေနှင့်မည်သို့မျှ ငြင်းရက်စရာမရှိပေ။

မိန်းမကောင်း မိန်းမမြတ်အင်္ဂါနှင့် ညီညွတ်သလို မျိုးရိုးဇာတ်ကောင်းသူတစ်ယောက်လည်း ဖြစ်ပေသည်။

အဘက်ဘက်ကပြည့်စုံသော မိန်းမတစ်ယောက်နှင့် လက်ထပ်ခွင့်ရရှိနိုင်ခြင်းမှာ ရေးဘဝရေစက်ကုသိုလ် ထူးခြင်းကြောင့်သာလျှင် ဖြစ်ပေသည်။

သို့သော် လက်ရှိအခြေအနေအရ တုံဖန်းမိန်ကို လက်ထပ်



ရန်ဆိုသည်မှာ သူ့အတွက် မဖြစ်နိုင်သေး။ လိန်ရှန်လန်၏ သနားစဖွယ်မျက်နှာလေးကို လင်းထက်ဆွေ ပြန်မြင်ယောင်မိသည်။

လိန်ရှန်လန်သည် သူ့အပေါ်၌ ကြီးစွာသောမေတ္တာအဟုန်ဖြင့် ချစ်ခင်စွဲလမ်းခဲ့သလို သူကလည်း လိန်ရှန်လန်ကို မေတ္တာသက်ဝင်ခဲ့မိသည်။

လိန်လွယ်၏ ကောက်ကျစ်ယုတ်မာသော စိတ်ထားများကို ထည့်သွင်းမစဉ်းစားလျှင် လိန်ရှန်လန်နှင့်သူ၏ဘဝခရီးမှာ အဆင်ပြေချောမောနိုင်ပေသည်။

သို့သော် လင်းထက်ဆွေသည် လိန်လွယ်၏လက်အောက်ခံ မဖြစ်လိုပေ။ သိုင်းလောက၏ဆိုးမွေကိုဖန်တီးပေးသော တရားခံလည်း မဖြစ်လိုပေ။

ထို့ကြောင့်သာလျှင် သူနှင့်လိန်ရှန်လန်တို့ ချစ်လျက်နှင့် ဝေးခဲ့ကြရသည်။

မည်သို့ပင်ဆိုစေ လိန်ရှန်လန်၏ မေတ္တာတရားကို သူမျက်ကွယ်မပြုသင့်ကြောင်း လင်းထက်ဆွေ ကောင်းစွာ နားလည်ပေသည်။

ထို့ပြင် သူ့မျက်ဝန်းအိမ်ထဲတွင် ကျာပွတ်မယ် ကွမ်းရဲစမ်း၊ ဟာရှမ်းရှီနှင့် ဟုအင်ဟုန်တို့၏မျက်နှာများက အစီအရီ ပေါ်လာကြပြန်သည်။

တစ်ဘက်သတ်အချစ်ဟူသည် ပြင်းထန်ကြီးမားသလောက် တုံ့ပြန်ကြည်နူးမှုမရရှိလျှင် ရန်သူရန်ဘက်ပမာ အနေအထားပြောင်းသွားနိုင်သည်ကိုလည်း ကွမ်းရဲစမ်းနှင့်ပတ်သက်ပြီး သူ အတွေ့အကြုံ

ရခဲ့ပေပြီ။

ဤအရပ် ဤဒေသတွင် မမျှော်လင့်ပဲ ကြုံဆုံရသည်တို့ကို လွယ်လွယ်ကူကူ သူ မဆုံးဖြတ်သင့်ဟု လင်းထက်ဆွေ ယူဆသည်။

လင်းထက်ဆွေ ခေါင်းထဲတွင် ဆူဝေနေတော့သည်။ သူ့အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများကို အသာခဏ ဘေးဆယ်ထားဦးတော့ သိုင်းလောကတွင် ဖြစ်ပေါ်လာတော့မည့် သွေးချောင်းလျှံ တိုက်ပွဲသတ်ပွဲကြီးများကို သူ မဖြေရှင်းရသေး။ သူ့ဖခင်၏သွေးကြွေးကို မပေးဆပ်ရသေး။

ငြိမ်းချမ်းရေးတမန် ပေးအပ်သည့်တာဝန်များကို အပြည့်အဝ ထမ်းဆောင်ရဦးမည်။ ဤကိစ္စများကို တစ်နေ့တစ်ရက်နှင့် ပြီးဆုံးအောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်။

သူ့အသက်အန္တရာယ်ကိုလည်း စိတ်ချလုံခြုံမည်ဟု မည်သူကမျှ အာမခံနိုင်မည်မဟုတ်။

အိမ်ထောင်သည်ဖြစ်နေပါက နောက်ဆံတင်းစိတ်ဖြင့် မည်သို့မျှ စိတ်ရှိလက်ရှိ စိတ်တိုင်းကျဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ပြီးပြီးရော သဘောဖြင့် တာဝန်များကို သွေဖည်ရှောင်တိမ်းသွားမည်ဆိုပါကလည်း သူ့အမည် ဂုဏ်သိက္ခာညှိုးနွမ်းစေမည်။

လင်းထက်ဆွေဆိုသော လူသားတစ်ဦး လောကသို့ ရောက်ရှိလာရခြင်းမှာ လောက၏အကျိုးကို သည်ပိုးခြင်းမရှိဘဲ အချည်းနှီးလူသားတစ်ယောက် ဖြစ်သွားပေရော့မည်။ ထိုသို့လည်း သူအဖြစ်မခံနိုင်ပေ။



လင်းထက်ဆွေသည် နောက်ဆုံးတွင်မှ သူ့စိတ်ကို အတည်ငြိမ်ဆုံးထားရှိပြီး ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်တော့သည်။

တရုတ်ပြည်ကြီး၏ သိုင်းလောကအရေးအခင်းသည် အိမ်ထောင်ရေးထက် အရေးကြီးသည်။

လင်းထက်ဆွေသည် တုံဖန်းဟောကိုရှာရန် ထွက်လာ၏။

ခြည့်ခန်းမကြီးထဲတွင် မီးရောင်များက ထိန်ထိန်လင်းနေပြီး မင်္ဂလာအခမ်းအနားတစ်ခုအတိုင်း ခင်းကျင်းစီမံထားသည်။ မကြာမီ အစီအစဉ်များ ညွှန်ကြားခိုင်းစေနေသော တုံဖန်းဟောကို တွေ့မြင်လိုက်ရ၏။

တုံဖန်းဟောက လင်းထက်ဆွေကိုမြင်ရလျှင် ဝမ်းသာအားရ ခရီးဦးကြိုပြုလိုက်သည်။

"ငါ့တူ... ကောင်းကောင်း အနားရလိုက်ရဲ့လား"

လင်းထက်ဆွေက သွယ်ဝိုက်မနေတော့ဘဲ ရှင်းရှင်းမေးမြန်းလိုက်သည်။

"ဦးခင်ဗျာ... ဒီနေ့ ဒီခြံဝင်းထဲမှာ မီးပုံးတွေထွန်းညှိပြီး အခမ်းအနားတွေ ပြင်ဆင်နေတာ ကျွန်တော့်ကို ဦး သမီးတုံဖန်းမိန်နဲ့ လက်ဆက်ပေးမလို့ဆိုတာ သိရပါတယ်၊ အဲဒါ ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်တယ်လေ... ဒါတွေဟာ ဖေဖေ စီစဉ်တာတွေပဲ၊ ဘာဖြစ်လို့လဲ"

"ဟုတ်ကဲ့… ကျွန်တော် အခုလို ပွင့်ပွင့်လင်းလင်း မေးရတာက ဒီကိစ္စဟာ ကျွန်တော့်ဘဝကြီးတစ်ခုလုံးအတွက် သိပ်ကိုအရေးကြီးတဲ့ကိစ္စ ဖြစ်နေလို့ပါပဲ၊ ကျွန်တော့်မှာ အရေးတကြီးဆောင်ရွက်ရမယ့် ကိစ္စတွေကလဲ မပြီးပြတ်သေးပါဘူး၊ ဒါကြောင့် ဒီအစီအစဉ်ကို ကျွန်တော် လောလောဆယ် သဘောမတူနိုင်သေးတာ ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ် ဦး"

လင်းထက်ဆွေက သူ့စကားကို ကရားရေလွှတ် ပြောချလိုက်သည်။ တုံဖန်းဟေမှာ မမျှော်လင့်သောစကားများကို ကြားလိုက်ရသဖြင့် မင်သက်မိသွားသည်။

"ဒီကိစ္စက ဖေဖေ့သဘောအရ စီစဉ်တာပါ… ပြီးတော့…"

လင်းထက်ဆွေက အလုအယက် ဖြတ်ပြောသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ဘဘက ကျွန်တော့်ကို အပြစ်တင်ရှုတ်ချမယ်ဆိုရင်လဲ ကျွန်တော်ခံယူဖို့ အသင့်ပါပဲ"

တုံဖန်းဟေက မချိပြုံးပြုံးလိုက်၏။

"ဒါတွေဟာ မင်းဖေဖေ လင်းအင်ချမ်းရှိစဉ်တုန်းက ထားရှိခဲ့တဲ့ဆန္ဒသဘောထားကြောင့် ဖြစ်လာရတာပဲကွာ၊ ငါတို့စိတ်ဆန္ဒချည်းဆိုရင် ဒီလောက် မမြန်ပါဘူး"

"ဖေဖေ့ဆန္ဒ သဘောထားကြောင့်ဆိုရင်လဲ ကျွန်တော့်အနေနဲ့ ဖေဖေရဲ့သွေးကြွေးကို အပြေအလည်ဆပ်ချေပြီးမှ ဆုံးဖြတ်ပေးပါရစေ၊ အခု လောလောဆယ်တော့ သဘောမတူပါရစေနဲ့ခင်ဗျာ"

လင်းထက်ဆွေသည် တုံဖန်းဟေ၏စကားပြန်ကို မစောင့်



တော့ဘဲ ခန်းမကြီးထဲမှထွက်ခွာလာခဲ့သည်။

တုံဖန်းဟေက နောက်မှထက်ကြပ်မကွာ လိုက်လာပြီး…

"ဒီလိုလဲ မဟုတ်သေးဘူးလေကွာ၊ မင်္ဂလာကိစ္စပြီးမြောက်သွားခဲ့ရင် မင်းကို ချိုရှင်ကျွမ်းက အတည့်အလင်း ဝိုင်းပြီး အကူအညီပေးနိုင်တာပေါ့၊ ဒါမှလဲ သိုင်းလောကထဲက သိုင်းဂိုဏ်းတွေဆီမှာ အကူအညီတောင်းပြီး မင်းကိစ္စတွေကို အစအဆုံး ဆောင်ရွက်နိုင်မှာပေါ့"

ထိုအချက်မှာ လင်းထက်ဆွေ လုံးဝလက်မခံနိုင်သော အချက်ဖြစ်သည်။ သူက ခါးခါးသီးသီး ငြင်းပယ်လိုက်သည်။

"ကျွန်တော့်ဖေဖေရဲ့ရန်ကြွေးဟာ ဘယ်သူနဲ့မှ မသက်ဆိုင်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်းရဲ့ကိစ္စ ဖြစ်ပါတယ်၊ ဒီပြင် တခြားသိုင်းဂိုဏ်းတွေကို အကူအညီတောင်းနေစရာလဲ မလိုပါဘူး၊ ကျွန်တော်ကိုယ်တိုင်ပဲ ကျွန်တော့်မိဘတွေကို ကျေးဇူးတုံ့ပြန်ပါရစေ၊ ဦးရဲ့စေတနာနဲ့မေတ္တာကိုလဲ ကျွန်တော်စိတ်ထဲက ကျေးဇူးတင် အသိအမှတ် ပြုပါတယ်"

လင်းထက်ဆွေသည် သူ့အတွက် ပေးထားသောအခန်းထဲသို့ ပြန်ဝင်လာပြီး တံခါးပိတ်လိုက်၏။ တုံဖန်းဟေနှင့်ဆက်လက် မဆွေးနွေးလိုတော့ပေ။

စကားပြောမသင့်ပါက အငြင်းအခုံဖြစ်ပြီး မျက်နှာပျက်စရာဖြစ်ကုန်ပေလိမ့်မည်။ သူသည် စာရွက်နှင့်ကလောင်တံကိုရှာဖွေပြီး စာတစ်စောင်ရေးလေတော့၏။

"ကျေးဇူးရှင်များ ခင်ဗျား…

ကျွန်တော့် ဖခင်၏ကိစ္စ၊ ကျွန်တော့်ဆရာကိစ္စ၊ တိုင်းပြည်အတွက် အရေးကြီးသောကိစ္စများ မဆောင်ရွက်ရသေးမီ အိမ်ထောင်ပြုရန်အရေးကို ကျွန်တော် မတွေးသေးပါ၊ အိမ်ထောင်ပြုပြီးမှ ထိုကိစ္စများကို ဆောင်ရွက်လျှင် ညီမလေးတုံဖန်းမိန် စိတ်ဆင်းရဲနိုင်ပါသည်။ ကျွန်တော့်ကိုခွင့်ပြုပါရန် ဤစာဖြင့် တောင်းပန်ခဲ့ပါသည်။ မိုးကြိုးသွားစားကိုရရှိသည့်အတွက် ကျေးဇူးတင်ပါသည်။

လင်းထက်ဆွေ"

စာရွက်ကို အသေအချာ ပြန်ဖတ်ပြီးနောက် စားပွဲပေါ်တင် ပန်းစိုက်အိုးကလေးဖြင့် ဖိတင်ထားလိုက်သည်။

ထို့နောက် တံခါးကိုအတွင်းဘက်မှပိတ်လိုက်ပြီး ပြတင်းပေါက်မှခုန်ထွက်လိုက်သည်။

အခန်းအပြင်သို့ရောက်သည်နှင့် လူများစွာတို့ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်ကိုတွေ့လိုက်ရ၏။

ရုံးရုံး ရုံးရုံးဖြစ်နေသောလူများကြားမှ အမှတ်တမဲ့ တိုးထွက်လာခဲ့သည်။ မည်သူမျှ သူ့အား မကြည့်မိကြပေ။



## အခန်း(၇၃)
## ဟုငါးယောက်နှင့်တိုက်ပွဲ

လင်းထက်ဆွေမှာ တုံဖန်းဟေတို့သားအဖ နောက်မှလိုက်လာမည်စိုးရိမ်သဖြင့် လမ်းမကြီးများပေါ်မှမသွားပဲ လမ်းသွယ် လမ်းမြောင်များကိုရွေးချယ်ကာ ပြေးလွှားထွက်ခွာလာခဲ့ရသည်။

တောင်ဆင်းတောင်တက် မနားတမ်း ခရီးပြင်းနှင်ခဲ့ရသဖြင့် လင်းထက်ဆွေမှာ ပင်ပန်းနွမ်းနယ်နေတော့သည်။

နံနက်မိုးသောက်အလင်းရောက်လုချိန်တွင် လင်းထက်ဆွေမှာ ချိုရှင်ကျွမ်းကျေးရွာနှင့်မိုင်အတော်ဝေးကွာသောနေရာသို့ ရောက်သွားတော့သည်။

နှစ်ရက်မျှကြာသောအခါတွင်မူ လင်းထက်ဆွေ စိတ်အေးသွားချေပြီ။ မည်သည့်နည်းနှင့်မျှ တုံဖန်းဟေတို့ သူ့အား ရှာဖွေမတွေ့နိုင်တော့ဟု သူ ယူဆလိုက်သည်။

ဤသို့ဖြင့် သူသည် ချိန်းလိန်တောင်အနီးသို့ ရောက်ရှိလာလေ၏။

တောင်ခြေ၌ ကြီးမားသောအဆောက်အအုံတစ်ခုကို နှင်းမှုန်များကြား၌ တွေ့လိုက်ရ၏။ အရုဏ်ဦးစချိန်မို့ အလင်းရောင်က မစို့တပို့လေး လင်းလက်နေသည်။

မြူနှင်းများထန်သည့် ကာလဖြစ်သောကြောင့်လည်း ဝန်းကျင်တခိုမှာ မှုန်ဝါးမှိုင်းရီနေတော့သည်။ လင်းထက်ဆွေ ထိုအဆောက်အအုံရှိရာဆီသို့ ဦးတည်လိုက်သည်။

"ဒေါင်...."

အချက်ပေးသံတစ်သံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ... ရပ်လိုက်"

လင်းထက်ဆွေ ရင်ထဲတွင် ထိတ်ခနဲ တုန်လှုပ်သွားပြီး ခြေလှမ်းကိုတန့်ခနဲ ရပ်လိုက်သည်။

"ဝုန်း...."

လင်းထက်ဆွေ ခြေလှမ်းရပ်လိုက်စဉ်မှာပင် တောအုပ်ထဲမှ ထက်ဝါးရိုက်ချက်တစ်ချက်က ပြင်းထန်စွာ ထွက်ပေါ်လာလေသည်။

ပေါင်လုံးခန့်ရှိသော ထင်းရှူးပင်ကလေးများ ခါးလယ်မှ ပြတ်ကျသွားလောက်အောင် ရိုက်အားက ပြင်းထန်လှလေသည်။

လင်းထက်ဆွေသည် မမျှော်လင့်ပဲ အတိုက်အခိုက်ခံရသဖြင့် ဘေးသို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်ရသည်။

"ဘာဖြစ်လို့ ဒီလိုပုန်းလျှိုးကွယ်လျှိုး တိုက်ရတာလဲ၊ ထွက်ပြီး တိုက်ပါလား"

လင်းထက်ဆွေက လှမ်းအော်လိုက်၏။

ထိုအခါ တောအုပ် ထဲမှ ဝတ်ရုံဖားဖားနှင့်လူတစ်ယောက်



ခုန်ထွက်လာ၏။ တချင်ချင် မြည်သံများကိုလည်း ကြားလိုက်ရသည်။

ဘယ်ဘက်လက်မောင်း၌ သံကွင်းသုံးကွင်းစွပ်ထားသည့် သန်မာထွားကျိုင်းသော လူကြီးပေတည်း။

"ဟော့... မင်းက ဘယ်လောက်များစွမ်းလို့ 'ဟုငါးယောက်ဂိုဏ်း'ရဲ့ နယ်နမိတ်ထဲ ဝင်လာရတာလဲ"

လင်းထက်ဆွေမှာ ဟိုက်ခနဲ ဖြစ်သွားသည်။ ဟုငါးယောက်ဆီမှ တန်းတန်းမတ်မတ်လာမိလေခြင်းဟု သူ့ကိုယ်သူ အပြစ်တင်မိသည်။

ဤအတိုင်းဆိုလျှင် မကြာမီပင် ကြေးကွင်းဟုလီနှင့် တိုးပေတော့မည်။ လင်းထက်ဆွေသည် ကြေးကွင်းဟုလီနှင့်မတွေ့လိုပေ။

တွေ့လျှင် အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်ပြီး ခရီးနှောင့်နှေးကြန့်ကြာမည်ကို စိုးရိမ်သည်။

ကြေးကွင်းဟုလီ တစ်ယောက်တည်းနှင့် တိုက်ခိုက်ရလျှင် အကြောင်းမဟုတ်သော်လည်း ဟုငါးယောက်စလုံးနှင့် တိုက်ခိုက်ရလျှင် အကြောင်းဟုတ်နိုင်ပေသည်။

ထို့ကြောင့် သံကွင်းဟုရှင်အား လက်သီးနှစ်ဖက်ဆုပ်ပြီး ဂါရဝပြုလျက် အေးအေးချမ်းချမ်း စကားဆိုသည်။

"ဆရာကြီးခင်ဗျား... ဆရာကြီးတို့ရဲ့နယ်နမိတ်ထဲကို တမင်ကျူးကျော်ဝင်ရောက်လာတာ မဟုတ်ပါဘူး၊ မတော်တဆ ဝင်ရောက်လာမိတာပါ၊ ကျွန်တော့်မှာ ရှေ့ဆက်ခရီးသွားစရာရှိလို့ ခွင့်ပြုပါဦးခင်ဗျာ"

သံကွင်းဟုရှင်က လက်မောင်းမှသံကွင်းများကို တချင်ချင်

မြည်အောင် လှုပ်ယမ်းပြီး....

"ဟုငါးယောက်ဂိုဏ်းရဲ့ ဆဲယ်မိုင်ပတ်ဝန်းကျင်မှာ ဘယ်သူမဆို သိုင်းပညာကို အသုံးမပြုရဘူး၊ ကိုယ်ဖော့ပညာကို အသုံးမပြုရဘူးဆိုတာ မသိဘူးလား၊ ဒါ သိုင်းလောကတစ်ခုလုံး သိတဲ့ကိစ္စမို့ အလျင်စလိုဖြစ်တာတွေ အရေးကြီးတာတွေ ငါ ဂရုမစိုက်နိုင်ဘူး"

"ဒီး...."

ဟုရွှင်သည် ပြောရင်းမှပင် လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်သည်။ လင်းထက်ဆွေက ပြန်လည်မခုခံဘဲ ရောက်ရှိလာသော လက်ဝါးရိုက်ချက်ကို ရှောင်တိမ်းလိုက်သည်။

"ဒီပညတ်ချက်တွေကို ကျွန်တော် လုံးဝမသိလို့ပါ၊ ကျွန်တော့်ကို သွားခွင့်ပြုပါတော့"

လင်းထက်ဆွေက လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

သူ့လက်ဝါးရိုက်ချက် နှစ်ချက်စလုံးကို လင်းထက်ဆွေက လွယ်လွယ်ပဲ ရှောင်တိမ်းသွားသဖြင့် စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည်။

ဤသို့ ရှောင်တိမ်းနိုင်စွမ်းရှိသူမှာ သိုင်းပညာအဆင့်အတန်း ထက်မြက်လွန်းမှသာ ဖြစ်နိုင်ပေသည်။

"မင်း ဘယ်သူလဲ"

ကြေးကွင်းဟုရွှင်က အော်ဟစ်မေးမြန်းလိုက်၏။

သို့သော် လင်းထက်ဆွေမှာ သူ့နှင့်အတော်ကွာလှမ်းသော နေရာသို့ ရောက်ရှိသွားခဲ့လေပြီဖြစ်၏။ လင်းထက်ဆွေ၏ ကိုယ်ဖော့ပညာကို သူမမီကြောင်းသိသဖြင့် ရှေ့ဆက်လိုက်ရန် မကြိုးစားတော့ပေ။

လင်းထက်ဆွေသည် ပြေးရင်းလွှားရင်း နောက်မှအသံကို နားစွင့်ထား၏။ သူ့နောက်သို့ သံကွင်းဟုရွှင်လိုက်မလာမှန်း သိလိုက်ရသဖြင့် လွန်စွာ စိတ်ချမ်းသာသွား၏။

ထိုစဉ် မမျှော်လင့်သောအသံတစ်သံကို သူ ကြားလိုက်ရလေတော့သည်။

"ကောင်စုတ်ကလေး... မင်းက ဒီထိအောင်တောင် ကျူးကျူးကျော်ကျော် လာရဲသေးတယ်ပေါ့လေ"

ထိုအသံရှင်ကား ကြေးကွင်းဟုလီပေတည်း။

ကြေးကွင်းဟုလီသည် သူ့ရှေ့တောတန်းအတွင်းမှ ထွက်လာနေ၏။ လင်းထက်ဆွေသည် မတတ်သာတော့ပဲ ကြေးကွင်းဟုလီကို မျက်နှာချင်းဆိုင်လိုက်ရလေတော့သည်။

"မင်းက ငါနဲ့တိုက်ခိုက်ချင်သေးလို့ ဒီအထိ လိုက်လာတာလား"

"ကျွန်တော် ဒီကိုလာတာ ရန်ရှာချင်လို့ တိုက်ခိုက်ချင်လို့ ရောက်လာရတာ မဟုတ်ပါဘူး၊ ဒါတွေရှင်းပြနေရင်လဲ ယုံမှာမဟုတ်လို့ မရှင်းပြတော့ပါဘူး၊ ဒီတော့ တိုက်ကြတာပဲ ကောင်းပါတယ်"

လင်းထက်ဆွေသည် လာမည့်ဘေး ပြေးတွေ့တော့သည်။

သူတို့နှစ်ယောက်တိုက်ခိုက်နေစဉ် သံကွင်းဟုရွှင်လည်း

ရောက်ရှိလာလေ၏။

သံကွင်းဟုရွှင်က....

"နံပါတ်သုံး အစ်ကိုကြီး... အဲဒီကောင်လေးဟာ ကျွန်တော်တို့ဂိုဏ်းရဲ့ စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်လာတဲ့လူ ဖြစ်နေပါတယ်"

ကြေးကွင်းဟုလီက လင်းထက်ဆွေအား တိုက်ခိုက်ရင်း ပြန်အော်သည်။

"ဒါတင် ဘယ်ကမလဲ၊ သူနဲ့ငါ့မှာဖြေရှင်းစရာ ရန်ကြွေးရန်စတွေ ရှိနေသေးတယ်ကွ"

"ဒီလိုလား... ဒီလိုဆိုရင်တော့ သူ့ကိုလွှတ်ပေးလို့ ဘယ်ဖြစ်တော့မလဲ"

သံကွင်းဟုရွှင်သည် နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်လေတော့၏။

လင်းထက်ဆွေသည် ထိုနှစ်ယောက်ကိုကောင်းစွာ ခုခံနိုင်သဖြင့် ကြေးကွင်းဟုလီ၏အထုပ်ကိုဖြေရန် စကားစလိုက်၏။

"သူခိုးက လူပြန်ဟစ်တာတော့ မကောင်းပါဘူး၊ ကျွန်တော်က ကိုယ့်လမ်းကိုယ်လျှောက်မလို့လုပ်နေတာကို ခင်ဗျားကိုယ်တိုင်က ထုတ်ဖော်ပြောနေတော့ ကျွန်တော် အခုရောက်လာတာ သူခိုးလာဖမ်းသလိုဖြစ်နေပြီပေါ့"

ကြေးကွင်းဟုလီ ရှက်သွားသည်။ ချိုရှင်ကျွမ်းကျေးရွာမှ ဓားမြတ်ခိုးယူလာသည့်ကိစ္စကို လင်းထက်ဆွေသိသွားပြီဟု နားလည်လိုက်သည်။



ရှက်စိတ်မှ ဒေါသစိတ်သို့ကူးပြောင်းက လက်ဝါးရိုက်အားများကို အပြင်းအထန် ထုတ်သုံးနေတော့သည်။

သတိထားမရှောင်တိမ်းနိုင်ပါက ထိုလက်ဝါး တစ်ချက်မိရုံနှင့်ပင် အရိုးအသားကြေသွားနိုင်လောက်သည်။

ဟုရွှင်ကလည်း လျင်မြန်ဖျတ်လတ်စွာ တိုက်ခိုက်သည်။

လင်းထက်ဆွေသည် ထိုသူနှစ်ယောက်ကိုကောင်းစွာ ခုခံနိုင်သဖြင့် စိတ်အေးနေဆဲမှာပင် ဆူဆူညံညံအသံများ ကြားလိုက်ရလေတော့သည်။

ထိုအသံများကား ဟုငါးယောက်ဂိုဏ်းမှ ဂိုဏ်းသားတပည့်များ၏ အသံပင် ဖြစ်တော့သည်။

ထိုသူများကို ဦးဆောင်လာသူမှာ ရွှေကွင်းဟုယွင်း၊ ငွေကွင်းဟုလျင်နှင့် ခဲကွင်းဟုယောင်တို့ ဖြစ်ကြသည်။

ကြေးကွင်းဟုလီက တိုက်ခိုက်ရင်း လင်းထက်ဆွေသည် သူ့အား စော်ကားမော်ကားပြုခဲ့သူဖြစ်ကြောင်း အော်ဟစ်အကြောင်းကြား၏။

ထို့ကြောင့် နောက်ထပ်ရောက်ရှိလာသည့် ဟုသုံးယောက်သည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်ကာ လင်းထက်ဆွေကို တိုက်ခိုက်ကြတော့သည်။

လင်းထက်ဆွေသည် ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ သိုင်းဆရာ

ကြီးများကို ရင်ဆိုင်လိုက် ရောင်တိမ်းထွက်လိုက်ဖြင့် အကွက်ကျကျ စည်းချည်ညီညီ လှုပ်ရှားတိုက်ခိုက်နေသည်။

သူ့လှုပ်ရှားမှုမှာ ပျားပိတုန်းတစ်ကောင် ပန်းပွင့်တစ်ပွင့်မှ တစ်ပွင့်သို့ကူးကာ ဝတ်ရည်ခပ်နေသည်နှင့်ပင် တူနေလေတော့သည်။

ယင်းနည်းဗျူဟာဖြင့်တိုက်ခိုက်လျှင် အချိန်ကြာလာသည်နှင့်အမျှ ဟင်္ဂါးယောက်မှာ မျက်လုံးပြူးလာရတော့သည်။

သူတို့အကြား၌ဝင်တိုက်သော တပည့်သာဝကများ အတုံးအရုံး လဲကျကုန်သည်။

ရွှေကွင်းဟုယွင်က ဓားကိုရွှမ်းခနဲ ဆွဲထုတ်လိုက်ပြီး....

"ညီတော်လေးယောက် ဓားထုတ်လိုက်ကြ၊ ကျန်တဲ့လူတွေနောက်ဆုတ်"

သူ့အမိန့်ပေးသံအဆုံးတွင် ကျန်လေးယောက်လည်း အသီးသီး ဓားဆွဲထုတ်လိုက်ကြသည်။ ဓားရောင်များက နေခြည်တွင် တလက်လက် ဖြာနေတော့သည်။

ရွှေကွင်းဟုယွင်က အေးတိအေးစက် ပြုံးလိုက်ပြီး သူ့ဓားကို လေထဲတွင် ဝှေ့ယမ်း၍ ဓားရေးပြနေ၏။

"ချာတိတ်လေး... ဒီနေ့တော့ မင်း ကံထူးပြီလို့သာ မှတ်လိုက်ပေတော့၊ အနှစ်နှစ်ဆယ်လုံးလုံး ထုတ်မသုံးရသေးတဲ့ တို့ရဲ့ဓားတွေက မင်းအသက်ကိုနှုတ်ယူသွားမှာကို ဂုဏ်ယူပေတော့"

လင်းထက်ဆွေ၏စိတ်ထဲတွင် ထိုဓားများတွင် ထူးခြားချက်ရှိသည်ဟု ခံစားမိသည်။ ထို့ကြောင့် အထူးဂရုပြုနေမိသည်။

"ဆရာကြီးတို့နဲ့ကျွန်တော် ရန်ငြိုးရန်စမရှိပဲ အသေအကြေ



တိုက်ခိုက်ကြတော့မလို့လား"

ငွေကွင်းဟုလျှင်က ခက်ထန်စွာ ဟိန်းဟောက်လိုက်လေသည်။

"တိတ်စမ်း... ခွင့်ပြုချက်မရှိဘဲ ချိန်းလိန်တောင်ကို ရောက်လာတာ ရန်ငြိုးရန်စပဲ"

ကြေးကွင်းဟုလီကလည်း သွေးအိုင်ထဲတွင် လဲကျနေသော တပည့်တပန်းများကို ဓားဦးဖြင့် ညွှန်ပြပြီး....

"ဒါတွေဟာလဲ မင်း ပေးဆပ်ရမယ့်သွေးကြွေးတွေပဲ"

"ဒီလိုဖြစ်အောင် ဆရာကြီးတို့က ဖန်တီးခဲ့တာပဲ၊ ကျွန်တော့်မှာ ဘာအပြစ်မှမရှိဘူး"

"အကျိုးမရှိတဲ့စကားနဲ့ ငြင်းခုံမနေစမ်းပါနဲ့၊ ခုခံဖို့ပြင်ထားပေတော့"

သံကွင်းဟုရွှင်က ပြောပြောဆိုဆို လက်ထဲမှဓားဖြင့် ခုတ်ချလိုက်သည်။ လင်းထက်ဆွေသည် အမှတ်မထင် တိုက်ခိုက်ခြင်းခံရသော်လည်း ဘေးသို့ခုန်ရှောင်လိုက်နိုင်သည်။

ဓားသံက လေထဲတွင် ရှိုးခနဲ အော်မြည်ကာ သူ့ပခုံးဘေးမှ သီသီကလေး လွတ်သွား၏။ တစ်ဆက်တည်းမှာပင် သူ့လက်ဝါးတစ်ချက်ကို ဟုရွှင်၏ပခုံးထက်သို့ ရိုက်ချလိုက်သည်။

ထိုစဉ် ခဲကွင်းဟုယောင်က ဓားဖြင့် မိုးခုတ်လိုက်၏။

လင်းထက်ဆွေသည် ဟုရွှင်အား ရိုက်လိုက်သည့်လက်ဝါးကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။

တခဏ်အတွင်းမှာပင် ဟင်္ဂါးယောက်၏ဓားများက ပျားပိ

တုန်းကောင်များသဖွယ် လင်းထက်ဆွေ တစ်ကိုယ်လုံးကို လွှမ်းခြုံလာတော့သည်။

လင်းထက်ဆွေသည် အလူးအလဲ ရှောင်တိမ်းနေရင်းမှ ကိုယ်ကိုတွန့်ကာ နဂါးတစ်ကောင်အလား ဓားရိုပ်ထဲမှ ခုန်ထွက်လိုက်သည်။

ဓားစက်ဝိုင်းမှလွတ်လျှင်လွတ်ချင်း သူ့ခါးကြားမှ မိုးကြိုးသွားဓားကို ဆွဲထုတ်လိုက်သည်။

"ကောင်းပြီ... ဒါဟာ ခင်ဗျားတို့ဘာသာ ကိုယ့်သေတွင်း ကိုယ်တူးတဲ့ကိစ္စပဲ၊ ကျုပ်မှာ အပြစ်မရှိတော့ဘူး"

ရွှေကွင်းဟုယွင်က လင်းထက်ဆွေ၏ လှုပ်ရှားမှုကိုကြည့်ပြီး အားရပါးရ ရယ်မောလိုက်သည်။

"တောင်ပင်လယ်သံမဏိဓားရဲ့အစွမ်းကို ခုခံကြည့်စမ်းပါဦး ကောင်စုတ်ကလေးရဲ့"

ပြောပြောဆိုဆိုပင် လင်းထက်ဆွေအား ခုတ်ချလိုက်၏။

လင်းထက်ဆွေက မိုးကြိုးသွားဓားနှင့် ထိပ်တိုက်ခုတ်ချခုခံလိုက်သည်။

"ထန်း..."

"နောင်တောင်ကြီး... မလုပ်နဲ့"

"ချွမ်း..."

လင်းထက်ဆွေ၏ ဓားအစွမ်းကိုသိသော ကြေးကွင်းဟုလီက ဟုယွင်ကိုထိပ်တိုက်မခုခံရန် အော်ဟစ်တားမြစ်သည်။

သို့သော် သူ့သတိပေးစကား နောက်ကျသွားခဲ့လေပြီ။



ဟုယွင်၏ဓားမှာ ခါးလယ်မှထက်ပိုင်းပြတ်ကာ ချွမ်းခနဲ ကျိုးကျသွားတော့သည်။

ဟုယွင်မှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားသည်။ နောက်သို့ခုန်ဆုတ်လိုက်ပြီး သူ့ဓားကျိုးကို ငိုင်တွေကြည့်နေမိတော့သည်။

လင်းထက်ဆွေကလည်း သူ့လက်ထဲမှ မိုးကြိုးသွားဓား၏ အစွမ်းထက်မြက်ပုံကိုကြည့်ပြီး လွန်စွာ အံ့ဩနေမိလေ၏။

ရွှေကွင်းဟုယွင်က နောက်သို့ခြေလှမ်းငါးလှမ်း ထပ်ဆုတ်လိုက်ပြီး ကြေးကွင်းဟုလီအား လှမ်းမေးလိုက်သည်။

"နံပါတ်သုံး ညီလေး... မင်းပြောတော့ သက်တန့်ပျံဓား ချိုင်းကျွမ်းမှာ ရှိနေတယ်ဆို၊ အခု ဘာဖြစ်လို့"

"အဲဒီဓားကို ကျွန်တော် အရယူလာခဲ့ပါတယ်၊ ဒါကို သူက လမ်းကနေဖြတ်ပြီး လုယူလိုက်တယ်၊ သူဟာ ကျွန်တော်တို့နဲ့ ဘယ်တော့မှ ရန်ငြိုးရန်စပြေနိုင်တဲ့လူ မဟုတ်တော့ပါဘူး နောင်တော်ကြီး"

ရွှေကွင်းဟုယွင်သည် ထိုအဖြေစကားကိုကြားရလျှင် လက်ထဲမှဓားအကျိုးကို မြေကြီးပေါ်သို့ပစ်ချလိုက်ပြီး လင်းထက်ဆွေထံ ကျားဆိုးတစ်ကောင်အလား ခုန်ဝင်တော့သည်။

သူနှင့်တစ်ပြိုင်တည်းပင် ကျန်လေးယောက်သည်လည်း လင်းထက်ဆွေထံသို့ခုန်ဝင်ကာ ဓားဖြင့် ခုတ်ပိုင်းကြတော့သည်။

လင်းထက်ဆွေ၏ဒေါသက အထွတ်အထိပ်သို့ရောက်ရှိလာသည်။ ပြဿနာကို သူက ရှောင်ရန် ကြိုးစားသော်လည်း'ဟု'င်၊ ယောက်ကပင် အတင်းအဓမ္မ ပြဿနာစခဲ့သည်။

ထို့ကြောင့် သူ့ဓားကို စက်ဝိုင်းခြမ်းသဏ္ဍာန်ဝှေ့ယမ်းတိုက်ခိုက်တော့သည်။ ဓားရိပ်များက ဖြာထွက်သွားသည်။

ကြေးကွင်းဟုလီ၏ဓားက လင်းထက်ဆွေ၏ဓားနှင့်ထိပ်တိုက်ထိခိုက်သွား၏။

"ချွမ်း...."

ထိုဓားသည်လည်း ခွေကွင်းဟုယွင်၏ဓားကဲ့သို့ပင် ထက်ပိုင်းကျိုးသွားရပြန်သည်။

ဟုလီမှာ အထိတ်တလန့်ဖြစ်သွားပြီး....

"ဟင်... မင်းက ငါ့ဓားကိုပါ ဖျက်ဆီးပစ်လိုက်ပြီပေါ့၊ အေး... ကျန်တဲ့ဓားကျိုးကို မင်းပဲလက်ဆောင်အဖြစ် ယူသွားပေတော့"

သူသည် လက်ထဲမှဓားကျိုးကို လင်းထက်ဆွေ၏ရင်ညွန့်ဆီသို့ ဝိုးခနဲနေအောင် ပစ်လွှတ်လိုက်လေတော့သည်။



## အခန်း(၇၄)
## အထင်များအမြင်မှားသံသရာ

ကြေးကွင်းဟုလီ ပစ်ပေါက်လိုက်သည့်ဓားမှာအရှိန်ပြင်းထန်လှ၏။

"ဝှီး...."

"ချွင်...."

လင်းထက်ဆွေသည် ရန်သူလေးယောက်ကို တစ်ပြိုင်နက်ခုခံနေရာမှ ထိုဓားကျိုးကို ခက်ခက်ခဲခဲ ခတ်ထုတ်ပစ်လိုက်ရသည်။

"ဟာ...."

ကြေးကွင်းဟုလီ လန့်သွား၏။

လင်းထက်ဆွေ ခတ်ထုတ်လိုက်သောဓားကျိုးသည် သူ့ဆီပြန်လည်ပြေးဝင်လာသဖြင့် သေလုမျောပါး ရှောင်တိမ်းလိုက်ရသည်။

"အား...."

ကြေးကွင်းဟုလီတော့ လွတ်သွားပါသည်။

သို့သော် သူ၏နောက်မှ ဟုဂိုဏ်းသားတစ်ယောက်မှ ဓား

ကျိုးရင်ဝစိုက်ဝင်ပြီး အသံနက်ကြီးဖြင့် အော်ဟစ်သေဆုံးသွားရှာသည်။

ရွှေကွင်းဟုယူင်သည် သူ့ဘက်မှအကျအဆုံးများနေသဖြင့် အကြီးအကျယ် ဒေါသထွက်လာတော့သည်။

"ငါ့တောင်ဝှေး ယူခဲ့ကြစမ်း"

သူသည် အော်ဟစ်အမိန့်ပေးလိုက်၏။

တောင်ဝှေးရောက်မလာမီ လင်းထက်ဆွေထံခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်သည်။ လင်းထက်ဆွေက သူ့ဓားကို စက်ပိုင်းတစ်ခုဖြစ်အောင် လှည့်သည်။

"ချွမ်း... ချွမ်း.. ချွမ်း"

ငွေကွင်း၊ သံကွင်း၊ ခဲကွင်းတို့သုံးဦး၏ လက်တွင်းမှ ဓားသုံးစင်းသည်လည်း လင်းထက်ဆွေ၏ မိုးကြိုးသွားဓားနှင့် ထိပ်တိုက်ခုခံမိပြီး ထက်ပိုင်းကျိုးကျသွားကြရပြန်သည်။

ဟုငါးယောက်မှာ ကစဥ့်ကလျား ဖြစ်သွားကြရသည်။

"တောင်ဝှေး ရောက်လာပါပြီ"

ဟုဂိုဏ်းသားတစ်ယောက်သည် တင်းပုတ်သဏ္ဍာန်ထိပ်ပိုင်းက ကြီးမားတုတ်ခိုင်ပြီး လက်ကိုင်ကျစ်လုံးခန့်ရှိသော တောင်ဝှေးငါးချောင်းကိုထမ်းလျက် မောကြီးပန်းကြီး ပြေးလွှားရောက်ရှိလာ၏။

ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ ဟုငါးယောက်တို့သည် အသီးသီးဆွဲယူပြီး လင်းထက်ဆွေအား တိုက်ခိုက်လေတော့သည်။



ဟုငါးယောက်သည် တောင်ဝှေးတိုက်ကွက်များကို တရစပ်ထုတ်တိုက်ရသော်လည်း လင်းထက်ဆွေ၏အင်္ကျီစကိုပင် ထိခိုက်အောင် မတိုက်နိုင်ချေ။

ထို့ကြောင့် ပို၍ပို၍ စိတ်ဆိုးဒေါသထွက်လာလေတော့၏။

"သေပေတော့"

အော်သံနှင့်အတူ တောင်ဝှေးငါးချောင်းသည် လျင်မြန်စွာ မြောက်တက်သွား၏။

လင်းထက်ဆွေက လက်ဖျစ်တတွတ်အချိန်အတွင်း ဟု ငါးယောက်၏အလယ်မှ သိမ်းငှက်ကြီးတစ်ကောင်အလား ခုန်ပျံပြီး ထွက်သွားလေတော့၏။

"ဝုန်း...."

ဟုငါးယောက်၏တောင်ဝှေးများမှာ လင်းထက်ဆွေကိုမရိုက်မိပဲ မြေကြီးကိုသာ အရှိန်ပြင်းထန်စွာ ရိုက်မိသွားသည်။

မြေကြီးပေါ်မှ ကျောက်စရစ်ခဲများ၊ သစ်ရွက် မြက်ပင်ကလေးများမှာ အဝေးသို့လွင့်စဉ်သွားကြရလေတော့သည်။

ထိုတိုက်ကွက်သည် အလွန့်အလွန် ပြင်းထန်လှသဖြင့် လင်းထက်ဆွေမှာ ဓာချွေးပြန်သွားရသည်။

ထိုစဉ် သူတို့၏တိုက်ပွဲစည်းဝိုင်းအနီးသို့ လူရိပ်နှစ်ခုက ရိပ်ခ

နဲ့ ခုနပ်ုံရောက်ရှိလာ၏။ သီလရှင် လိနရ်င်နှင့်သူတပည့်မ ပျံလွှားမယ် ဟုအင့်ဟုနတ်ို့ ပင်တည်း။

သီလရှင် လိနရ်င်အား ခွေကွင်းဟုယွင်က နှုတ်ဆက်လိုက်သည်။

"ဆရာလေး လိနရ်င်ပါလား... မတွေ့ရတာ အတော်ကြာပြီပဲ၊ ဘာအကြောင်းရှိလို့ ချိန်းလိနတ်ောင်ကိုရောက်လာရတာလဲ"

လိနရ်င်က လင်းထက်ဆွေအား လက်ညှိုးထိုးလိုက်၏။

"သူ့ကိုတွေ့ချင်လို့ ဒီထိအောင် လိုက်လာရတာပဲ"

လိနရ်င်သည် ဟုငါးယောက်ကိုဂါရဝပြုပြီး တောင်းပန်လိုက်၏။

"ဆရာကြီးတို့ရဲ့ ချိန်းလိနတ်ောင်ကိုခွင့်မတောင်းဘဲ ရောက်လာရတဲ့အတွက် တောင်းပန်ပါတယ်"

လိနရ်င်နှင့်အတူပါလာသော ဟုအင့်ဟုနမ်ှာ လင်းထက်ဆွေကို မီးဝင်းဝင်းတောက်သောမျက်လုံးများနှင့် ကြည့်နေသည်။

သူမသည် သူမ၏ဒေါသများကို ထိန်းချုပ်နိုင်တော့ဟနမ်တူပေ။

"ရှင်ဟာ ကိုယ်တိုင်သတ္တိမရှိဘဲနဲ့ အခိုင်းအစေမိန်းမကိုလွှတ်ပြီး စားလုနိုင်းတယ်၊ တော်တော် သရဲဘောကြောင်တဲ့လူပဲ"

ဟုအင့်ဟုနက် ထိုစကားကို အဘယ်ကြောင့်ပြောသည်ကို လင်းထက်ဆွေ နားလည်၏။

တုံဖန်းမိန်တို့က သက်တန့်ပုံစားအမှတ်နှင့် ဟုအင့်ဟုနလ်က်ထဲမှ ပြန်လည်လုယူလာခြင်းကို စွပ်စွဲပြောဆိုနေခြင်းမှလွဲ၍ အ



ခြားမဖြစ်နိုင်ပေ။

ဝိုဆိုးသည့်အချက်မှာ သူ့လက်ထဲ၌ မိုးကြိုးသွားစားက ရှိနေခဲ့ခြင်းပင်တည်း။

လိနရ်င်က လက်ညှိုးငေါက်ငေါက်ထိုး၍ လင်းထက်ဆွေအား ရှုတ်ချတော့သည်။

"လင်းအင်ချမ်းဟာ အင်မတန် ရဲစွမ်းသတ္တိနဲ့ပြည့်စုံတယ်၊ စိတ်ထားလဲ အင်မတန် ဖြူစင်တယ်၊ သူ့လိုလူက မင်းလို အင်မတန် ကောက်ကျစ်တဲ့သားတစ်ယောက်ကို မွေးဖွားပေးခဲ့တယ်ဆိုတာ အင်မတန် ရှက်ဖို့ကောင်းတယ်၊ မင်းဟာ သူ့သားမှဟုတ်ရဲ့လား မသိဘူး"

လင်းထက်ဆွေသည် လူအများရှေ့၌ ဤကဲ့သို့ မဟုတ်မမှန် ရှုတ်ချပြောဆိုခြင်းခံရသဖြင့်လည်း လွန်စွာ စိတ်ဆိုးသွား၏။

သို့သော် သီလရှင်လိနရ်င်မှာ သိုင်းလောက၌ ဝါစဉ်ကြီးပုဂ္ဂိုလ်လည်းဖြစ်၊ တည်ကြည်ဖြောင့်မတ်သူလည်းဖြစ်သဖြင့် လင်းထက်ဆွေမှာ သူ့ဒေါသကို ထိန်းချုပ်ထားခဲ့ရသည်။

"ဆရာလေး... ခင်ဗျားဟာ သိုင်းလောကဝါစဉ်ကြီးတဲ့လူလဲဖြစ်တယ်၊ တည်ကြည်ဖြောင့်မတ်တဲ့နေရာမှာ နာမည်ကြီးတဲ့လူဖြစ်တယ်၊ ခင်ဗျားလိုလူက ဒီလောက်စော်စော်ကားကားစကားမျိုး မပြောသင့်ဘူး၊ သည့်ထက် ပိုပြောလာရင်တော့ ကျွန်တော်သည်းခံနိုင်မှာ မဟုတ်တော့ဘူး"

လိန်ရင်က အေးစက်စက် ပြုံးလိုက်သည်။

မထီမဲ့မြင်ပုံစံဖြင့်....

"မင်းက ငါလွန်တယ်လို့ ပြောတာလား၊ မင်းကိုစော်ကားတဲ့ စကားပြောတော့ရော ဘာဖြစ်သေးသလဲ၊ မင်းကိုယ်တိုင် အဲဒီစားကို လုယူသွားခဲ့ရင် ငါက မင်းကိုခွင့်လွှတ်ရင် ခွင့်လွှတ်ဦးမယ်၊ အခုတော့ မင်းက သူများကို ရန်တိုက်ပေးခဲ့တယ်၊ ချိုရှင်ကျွမ်းကလူတွေပါလာ အောင်လုပ်တာဟာ အဆိုးဆုံးပဲ"

"ဆရာလေး... ခင်ဗျား ဘာမှသိတာ မဟုတ်ပါဘူး၊ သေသေ ချာချာ မသိဘဲနဲ့စကားကို အရမ်းမပြောပါနဲ့၊ ကျွန်တော်ရှင်းပြတာကို နားထောင်"

ဟုအင့်ဟုန်က သူ့ကိုစကားပြောခွင့်မပြောပဲ ဓားရှည်ကိုဆွဲ ထုတ်ကာ လျှပ်တစ်ပြက် ထိုးချလိုက်သည်။

"ရှင့်လက်ထဲမှာ ဓားတစ်လက်လုံးရှိနေလျက်နဲ့ ဘာငြင်းချင် ရတာလဲ"

ထိုးသွင်းလိုက်သောအားမှာ ပြင်းထန်သလို လျင်မြန်လှပေ သည်။

လင်းထက်ဆွေလည်း ကမန်းကတန်း ခုန်ရှောင်လိုက်ပြီး...

"ဟုအင့်ဟုန်... ရှင်းရှင်းလင်းလင်း ပြောပြီးမှ...."

သူ့စကားကိုဆုံးအောင်ပင် မပြောလိုက်ရ၊ ဟုငါးယောက်က တောင်ဝှေးပြိုင်တူဝှေ့ယမ်းပြီး ခေါင်းပေါ်သို့ရိုက်ချလိုက်တော့သည်။

သီလရှင် လိန်ရင်ကလည်း လက်ထဲမှ သားမြီးကျာပွတ်ဖြင့် ခွမ်းခနဲ ရိုက်ချလိုက်ပြန်သည်။



"ဘာမှစောဒက တက်မနေနဲ့၊ မင်းလိုလူမျိုးကို ဒီလိုပဲ ဆုံး မရလိမ့်မယ်"

သူမ၏ကျာပွတ်ရိုက်ချက်ကြောင့် လေလှိုင်းများ တုန်ခါသွား ပြီး ကျာပွတ်ဖျားက လင်းထက်ဆွေ၏မျက်နှာပြင်ဆီသို့ ဦးတည် လာသည်။

ရိုက်ချက်မှာ လျင်မြန်တိကျလှသဖြင့် ရှောင်တိမ်းဖို့ခက်ခဲလှ ပေသည်။

တစ်ဘက်တစ်ချက်စီမှ 'ဟု'ငါးယောက်၏ တောင်ဝှေးများ နှင့်ဟုအင့်ဟုန်၏ဓားကလည်း ပတ်ပတ်လည်မှဝင်လာနေသဖြင့် လင်းထက်ဆွေအဖို့ မသက်သာလှပေ။

သို့သော် လင်းထက်ဆွေမှာ ထိပ်သီးသိုင်းသမားတစ် ယောက်ဖြစ်နေ၍ ငွေကွင်းဟုလျင်၏ တောင်ဝှေးထိပ်များကို ခြေဖြင့် ထောက်ကန်အားယူလျက် နောက်သို့ကျွမ်းပြန် ခုန်ထွက်သွားသည်။

ဤရှောင်တိမ်းနည်းက အသက်စွန့်ရှောင်တိမ်းနည်းပင် တည်း။

ဟုငါးယောက်၏တောင်ဝှေးရိုက်ချက်၊ လိန်ရင်၏သားမြီး ကျာပွတ်ရိုက်ချက်နှင့် ဟုအင့်ဟုန်၏ဓားကွက်များမှ လွတ်မြောက် သွားရလေသည်။

ဤမျှပိတ်ဆီး ဝန်းရံတိုက်ခိုက်နေသည့်ကြားမှ လင်းထက်

ဆွေရောင်တိမ်းလွှတ်မြောက်သွားသဖြင့် သူတို့မှာ ဒေါသအကြီးအကျယ် ထွက်သွားရတော့သည်။

"သိပ်အစွမ်းထက်နေပါလားကွဟင်... မင်း ဘယ်လောက်အထိ အစွမ်းထက်နေဦးမလဲ စောင့်ကြည့်ရသေးတာပေါ့"

နောက်တစ်ကြိမ် တိုက်စစ်ဆင်ရန် ဟန်ပြင်နေစဉ် ကျယ်လောင်သော အော်ဟစ်တားမြစ်သံကိုကြားလိုက်ရသည်။

"အားလုံးရပ်လိုက်ကြစမ်း"

လူရိပ်တစ်ရိပ်သည် တောအုပ်ထဲမှ ခုန်ပျံထွက်ရှိလာတော့သည်။ ထိုလူရိပ်နှင့် မရှေးမနှောင်းပင် နောက်ထပ် လူနှစ်ဆယ်သည် တိုက်ပွဲအနီးသို့ ရောက်ရှိလာ၏။

ပထမဦးဆုံးရောက်ရှိလာသူမှာ သန်မာထွားကျိုင်းလှပြီး သူ့မျက်စိနှစ်လုံးမှာ ဟောက်ပက်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

သူ့နောက်လိုက် နောက်ပါများမှာ ဆံပင်ရှည်များကို ပခုံးထက်တွင် ဖားလျားချထားပြီး မျက်နှာများကလည်း တစ္ဆေသရဲများအလား သွေးမရှိပဲ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

သူတို့ကိုယ်ပေါ်တွင်မူ အရောင်အဆင်းမွဲခြောက်လှသော မီးခိုးရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

သွေးစုပ်ဂိုဏ်း၏ဒုက္ခိတသက်တော်စောင့်မျက်မမြင် အဘိုးအိုနှင့်သွေးစုပ်ဂိုဏ်းသားများပေတည်း။



လင်းထက်ဆွေ ဓာချွေးများ ပြန်လာသည်။

"ဒုက္ခပဲ... ဒီလူခုနစ်ယောက်ကိုတောင်မှ အနိုင်နိုင်ခုခံနေရအထဲ သွေးစုပ်ဂိုဏ်းက ဒုက္ခိတသက်တော်စောင့်နဲ့နောက်လိုက်နောက်ပါတွေက ရောက်လာရပြန်ပြီ၊ ဒီနေ့တော့ ဘယ်လိုမှမလွယ်တော့ဘူး"

ထိုစဉ် ဒုက္ခိတသက်တော်စောင့် မျက်မမြင်အဘိုးအိုက ဟုငါးယောက်နှင့် လိနရင်တို့နှစ်ယောက်အား ဟိန်းဟောက်သတိပေးလိုက်သည်။

"သူ့ကို ဘယ်သူထိရဲသလဲ၊ သူ့ကိုထိတာနဲ့တစ်ပြိုင်နက် ထိတဲ့လူသေပြီသာ မှတ်လိုက်စမ်း"

သွေးစုပ်ဂိုဏ်းမှာ သိုင်းလောက၌ သိပ်ပြီး ထင်ထင်ပေါ်ပေါ်လှုပ်ရှားသေးသည် မဟုတ်ပေ။ သူတို့သည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်မမြင်အဘိုး အိုကိုလည်း မမှတ်မိကြပေ။

ထို့ကြောင့် ရွှေကွင်းဟုယွင်က သီလရှင်လိနရင်အား တီးတိုးမေးမြန်းလေ၏။

"ဆရာလေး... ဒီလူတွေက ဘယ်သူတွေလဲ"

လိနရင်မှာ စိတ်ပျက်လက်ပျက်ခေါင်းခါယမ်းလိုက်ပြီး တီးတိုးလေသံဖြင့်ပင် ပြန်ဖြေလိုက်သည်။

"တစ်ခါမှတော့ မတွေ့ဖူးဘူး"

သူတို့ တီးတိုးပြောနေကြသော်လည်း မျက်မမြင်အဘိုးအိုက သူတို့၏စကားများကို ပီပီသသကြီး ကြားလိုက်ရသည်။

အဘိုးအိုက တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ကျုပ်တို့ကို ဘယ်သူတွေဆိုတာ မသိကြဘူးမဟုတ်လား၊ ဟား... ဟား... ဟား... ဟောဒီမှာ ကြည့်လိုက်ကြစမ်း"

စကားဆုံးသည်နှင့် ရင်ခွင်ထဲသို့ လက်ထိုးသွင်းလိုက်ပြီး တစ်စုံတစ်ခုကိုနှိုက်ကာ ပြန်ထုတ်လိုက်၏။

သူ့လက်ဝါးကိုဖြန့်ပြလိုက်လျှင် အနီရောင်မျှော်စင်အိမ်အရုပ်ကလေးကို အားလုံးတွေ့လိုက်ကြရသည်။

"ဟာ... သွေးမျှော်စင်အိမ်ပါလား"

အားလုံးတုန်လှုပ်ချောက်ချားစွာ အော်ဟစ်မိကြလေ၏။

လိန်ရင်တို့ ဆရာတပည့်နှစ်ယောက်မှာလည်း နောက်သို့အထိတ်တလန့် ဆုတ်သွားကြသည်။ လိန်ရင်က တုန်ယင်စွာ မေးလိုက်မိ၏။

"ရှင်... ရှင်တို့က... လိန်... လိန်လွယ်ရဲ့"

"ဟား... ဟား... ဟား"

မျက်မမြင်အဘိုးအိုက တဟားဟား ရယ်ရင်း....

"ခင်ဗျား သိပ်သတ္တိကောင်းပါလား၊ ဂိုဏ်းချုပ်ကြီးရဲ့နာမည်ကိုတောင် ထုတ်ဖော်ပြောဆိုဝံ့တယ်ဆိုတော့ ဒီနေ့အဖို့ ခင်ဗျား မလွယ်တော့ဘူး"

မျက်မမြင်အဘိုးအိုက သူ့လက်ထဲမှသွေးမျှော်စင်ပုံကို ရင်ခွင်



ထဲသို့ထည့်လိုက်ပြီး....

"အဟင်းဟင်း... သိပ်မိုက်မဲကြတာပဲ၊ ချိန်းလိန်တောင်နဲ့ လိန်ရင် သီလရှင်ကျောင်းနှစ်ကျောင်း ပူးပေါင်းလိုက်ရင်တောင်မှ ကျုပ်ရဲ့ ပြိုင်ဘက်လို့ မသတ်မှတ်ဘူး၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်ဝင်ပါဖို့ ဆိုတာကတော့ ဝေးရော"

လိန်ရင်က....

"ကြီးကျယ်လိုက်တာ... ရှင် တော်တော်ကြွားတဲ့လူပဲ၊ ရှင် ဘယ်လောက်များ စွမ်းနေလို့လဲ"

"ဘယ်လောက်စွမ်းလို့လဲ ဟုတ်လား... ဟား... ဟား... ဟား"

မျက်မမြင်အဘိုးအိုက အေးစက်စက် ရယ်မောလိုက်သည်။

သူသည် လင်းထက်ဆွေရှိရာသို့ လှည့်လိုက်၏။

သူသည် မျက်မမြင်ဖြစ်နေသော်လည်း အသက်ရှူသံကိုမှတ်သားပြီး မည်သူမည်သည့်နေရာ၌ရှိနေသည်ကို သိသည်။

"ကျွန်တော်တို့အားလုံး ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ပေးစေခိုင်းချက်အရ သူ့ရဲကောင်းလေးအတွက် တာဝန်ထမ်းဆောင်ပေးဖို့ အသင့်ပါပဲ"

လင်းထက်ဆွေမှာ ထင်မှတ်ထားသလိုဖြစ်မလာဘဲ အခြေအနေက တစ်မျိုးပြောင်းလဲနေသဖြင့် မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

"ဒါ... ဒါ... ဒီအတိုင်း တကယ်ပဲ ဟုတ်နေသလား"

မျက်မမြင်အဘိုးအိုက နောက်သို့ခြေတစ်လှမ်းဆုတ်ကာ အ

ရှိအသေပေးလိုက်ပြီး…

"ဒီအတိုင်း အမှန်အတိုင်းပါပဲခင်ဗျာ၊ ကျွန်တော်တို့ မလိမ်ရဲပါဘူး၊ သွေးစုပ်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာညစ်နွမ်းအောင် ကျွန်တော်တို့ မလုပ်ရဲပါဘူး"

ထိုစကားကြောင့် သီလရှင်လိန်ရင်၏မျက်နှာတပြင်လုံး ဖြူရော်သွားသည်။ လင်းထက်ဆွေအား ပြုံးကျယ်သောမျက်လုံးများဖြင့် လှမ်းကြည့်သည်။

"လင်းထက်ဆွေ… မင်းက သိပ်ဟန်ဆောင်ကောင်းတဲ့သူ ဘဲ့ယ်ပဲ၊ သွေးစုပ်ဂိုဏ်းဝင်တစ်ယောက် ဖြစ်နေတာကိုဖုံးဖိပြီး သိုင်းလောကထဲကျင်လည်နေတာ ဘာသဘောလဲ"

လင်းထက်ဆွေ ငြင်းချက်မထုတ်နိုင်မီမှာပင် မျက်မမြင်အဘိုးအိုက ဝင်ပြောလာလေ၏။

"ဘယ်ကလာ ဂိုဏ်းဝင်တစ်ယောက်ဖြစ်ရမှာလဲဗျာ၊ သူ့ရဲ့ ကောင်းလေး လင်းထက်ဆွေဟာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့ မြေးသမက်တစ်ယောက် ဖြစ်နေပြီဗျ၊ ခင်ဗျားတို့မှာ မျက်လုံးတွေရှိလျက်နဲ့ ဖွင့်မထားကြဘူး၊ နားတွေရှိလျက်နဲ့ စွင့်မထားကြဘူး၊ ကျုပ်တို့သွေးစုပ်ဂိုဏ်းရဲ့ အထူးပုဂ္ဂိုလ်တစ်ယောက်ကို နှောင့်ယှက်တိုက်ခိုက်တာဟာ ကိုယ့်သေတွင်း ကိုယ်တူးကြတာပဲ"

ဟုငါးယောက်သည် လင်းထက်ဆွေ၏ ထူးခြားသောသိုင်းကွက်များကို သွေးစုပ်ဂိုဏ်း၏ သိုင်းကွက်များဟု ထင်မှတ်သွားလေ၏။

"ကြည့်စမ်း… သူက အောက်လမ်းဂိုဏ်းဝင်ဖြစ်နေတာကို၊



ဒါကြောင့် သူ့သိုင်းကွက်တွေ ထူးဆန်းနေတာပဲ"

လင်းထက်ဆွေမှာ ဘုရားတလိုက်မိသည်။

"ဘုရားရေ… သူတို့အားလုံး ငါ့ကို အထင်မှားနေတာပဲ၊ မဖြစ်ဘူး သိုင်းလောကတစ်ခုလုံးက ငါ့ကိုအထင်မှားရင် ငါ ဘယ်လိုလုပ် မျက်နှာပြရဲတော့မှာလဲ၊ ဒီကိစ္စကို သေသေချာချာ ရှင်းပြရမယ်"

လင်းထက်ဆွေ စိတ်ထဲမှ ရေရွတ်လိုက်၏။

ထိုစဉ်မှာပင် မျက်မမြင်အဘိုးအိုက သူ့နောက်လိုက်များကို အော်ဟစ်အမိန့်ပေးလေတော့၏။

"အားလုံးတက်ကြ… သွေးစုပ်ဂိုဏ်းကို နှောင့်ယှက်သူတွေကို အပြတ်ရှင်းကြ၊ သူတို့ရဲ့သွေးတွေနဲ့ သွေးမျှော်စင်အိမ်ကို သုတ်လိမ်းကြရမယ်"

သီလရှင်လိန်ရင်ကလည်း ပြန်လည်တပ်လှန့်သည်။

"သွေးစုပ်ဂိုဏ်း ထပ်ပေါ်လာတာ သိုင်းလောကတစ်ခုလုံး အန္တရာယ်ကျရောက်တော့မယ့် နိမိတ်ဆိုးပဲ၊ သူတို့စိတ်ဓာတ်က ယုတ်မာသလို လက်တွေ့က ရက်စက်တယ်၊ အားလုံး ရှေ့တက်ပြီး ဝိုင်းတိုက်ကြ"

သူမ၏ တပ်လှန့်စကားဆုံးလျှင် ဟုငါးယောက်၏ တောင်ဝှေးရိပ်များက တဝိုးဝိုး ဖြာထွက်လာသည်။

သူမ၏သားမြီး ကျာပွတ်မှာလည်း ငရဲပွက်သံအလား တ

ရွှမ်းရွှမ်း မြည်ဟည်းလာ၏။

ဟုအင့်ဟုန်၏ခေါးကလည်း စက်ဝိုင်းပမာ အရောင်များဖြာထွက်လာသည်။

ထို့ကြောင့် မီးနီးရောင်ဝတ်စုံဝတ် သွေးစုပ်ဂိုဏ်းသားများမှာ ရှေ့သို့တိုးတက်၍မရနိုင်အောင် ရှိနေကြ၏။

မျက်မမြင်အဘိုးအိုသည် လေသံကိုနားထောင်ပြီး သူ့ဂိုဏ်းသားများ ရှေ့မတိုးနိုင်ဘဲဖြစ်နေသည်ကို ရိပ်မိလိုက်လေတော့၏။

"ဘာငိုင်နေတာလဲ... အားလုံးတက်ကြစမ်း"

မျက်မမြင်အဘိုးအိုသည် မာန်သွင်းအော်ဟစ်ပြီး ခုန်ဝင်လိုက်၏။ ကြေးကွင်းဟုလီ၏လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆွဲကုတ်လိုက်သည်။

"ဖြတ်..."

"ဟာ..."

ကြေးကွင်းဟုလီမှာ သူ၏လျှင်မြန်သွက်လက်မှုကို မည်သို့မျှ မခုခံနိုင်ဘဲ သူ့တောင်ဝှေးကို ရန်သူ၏ဖမ်းဆုပ်မှုကိုခံလိုက်ရ၏။

အလန့်တကြားဖြင့် တောင်ဝှေးကို လက်မှလွှတ်ပေးလိုက်ရသည်။ လူလည်း နောက်သို့ခုန်ဆုတ်ပေးလိုက်ရသည်။

မျက်မမြင်အဘိုးအိုက သူ့လက်တွင်းသို့ ရောက်ရှိလာသော တောင်ဝှေးကို ကိုင်မြှောက်ဝှေ့ယမ်းလိုက်ပြီး သူ့လူများကို အမိန့်ပေးလိုက်တော့သည်။

"အားလုံး လက်နက်တွေထုတ်လိုက်ကြ"

သူ့စကားသံဆုံးသည်နှင့် မီးနီးရောင်ဝတ်စုံဝတ်လူများက



သူတို့၏ခါးတွင် ရစ်ပတ်ထားကြသောသံကြိုးများကို ဆွဲဖြုတ်လိုက်ကြသည်။

သံကြိုးများမှာ ကျပ်လုံးခန့်ရှိကြပြီး ငါးပေခန့်ရှည်လျားသည်။ သံကြိုးဝှေ့ယမ်းသံများက တဝှီးဝှီး အော်မြည်နေပြီး ထိတ်လန့်တုန်လှုပ်စရာကောင်းလှပေသည်။

ဟုငါးယောက်မှာ သွေးစုပ်ဂိုဏ်း၏ အရည်အချင်းကို မျက်မြင်သိရှိသွားကြပြီဖြစ်၍ အထင်မသေးဝံ့တော့ချေ။ နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးကြရသည်။

လိန်ရင်နှင့်ဟုအင့်ဟုန်တို့သည်လည်း သူတို့၏လက်နက်များကို ဝှေ့ယမ်းကာကွယ်လျက် တဖြည်းဖြည်း နောက်သို့ဆုတ်ပေးနေကြရသည်။

လင်းထက်ဆွေသည် သွေးချောင်းစီးမည့်အဖြစ်ကို မကြည့်လိုမမြင်လိုပေ။ ယခုပင်လျှင် ဟုဂိုဏ်းသား အတော်များများ သေဆုံးနေကြပေပြီ။

"ဒီလောက် သွေးချောင်းစီးအောင်ဖြစ်ရတဲ့ပြဿနာတွေဟာ ငါ့ကစလို့ ဖြစ်ခဲ့ရတာတွေပဲ၊ ငါ့စိတ်ငါ့သဘောအမှန်က တိုက်တာခိုက်တာ သတ်တာဖြတ်တာတွေကို ချုပ်ငြိမ်းစေချင်တယ်၊ အခုတော့ ငါ ဖြစ်ချင်သလို ဖြစ်မလာဘူး"

လင်းထက်ဆွေသည် ကိုယ့်ကိုယ်ကို အပြစ်တင်ရှုတ်ချလိုက်မိသည်။ ထိုအတွေးကို တွေးမိသည်နှင့် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားမိသည်။

"ရပ်လိုက်ကြ... အားလုံးရပ်လိုက်ကြပါ"

သူသည် အလျင်အမြန်ပင် အော်ဟစ်တားဆီးလိုက်သည်။

သို့သော် မည်သူကမျှ သူ၏တားဆီးမှုကို ဂရုမစိုက်တော့ပေ။ တိုက်ပွဲအရှိန်အဟုန်ကို မည်သူမျှ ရပ်ဆိုင်းခြင်းမပြုသည့်အပြင် ပိုမို၍ပင် မြင့်တင်လိုက်ကြသေးသည်။

လိနရင်မှာ အခြေအနေကိုကောင်းစွာ သဘောပေါက်သဖြင့် သူ့သားမြီးကျာပွတ်ကို အဆက်မပြတ် ဝှေ့ယမ်းရင်း ဟုအင့်ဟုန်အား ဝိုင်းရံတိုက်ခိုက်နေကြသည့် မီးခိုးရောင်ဝတ်စုံသုံးဦးကို နောက်သို့ ဆုတ်သွားစေသည်။

တစ်ဆက်တည်းပင် ဟုအင့်ဟုန်ကို သတိပေးလိုက်၏။

ဟုအင့်ဟုန်ကလည်း သူမ၏ဓားရှည်ကို အဆက်မပြတ် ဝှေ့ယမ်းလိုက်ပြီး....

"ဆရာမ အလျင်ပြေးနှင့်ပါ"

သူမ၏ဆရာမကို ဦးစားပေး ပြေးစေသည်။ သူမကိုယ်တိုင်လည်း ဓားရှည်ကိုဝှေ့ယမ်းကာ နောက်မှခုန်လိုက်သွားသည်။

သူတို့နှစ်ယောက်သည် လင်းထက်ဆွေကို ဖြတ်ကျော်ပြေးသွားကြရ၏။

ဟုအင့်ဟုန်သည်လည်း လင်းထက်ဆွေအနီးသို့ ရောက်သည်နှင့် လင်းထက်ဆွေအား လျှပ်တစ်ပြက် ဓားဖြင့်ခုတ်ပိုင်းလိုက်သည်။

"ချွမ်း...."

လင်းထက်ဆွေမှာ ရုတ်တရက် မထင်မှတ်ပဲ တိုက်ခိုက်ခံရသဖြင့် မိုးကြိုးသွားဓားဖြင့် အထိတ်တလန့် ခုခံလိုက်မိသည်။



"ချွမ်း...."

ဟုအင့်ဟုန်၏ဓားရှည်မှာ ခါးလယ်မှထက်ပိုင်းပြတ် ကျိုးကျသွားရလေသည်။

ဟုအင့်ဟုန်သည် လက်ထဲမှဓားအကျိုးဖြင့်ပင် လင်းထက်ဆွေထံသို့ ပစ်ပေါက်လွှတ်လိုက်ပြန်သည်။

"ရှင့်ကို တစ်သက်လုံး မကျေဘူးမှတ်လိုက်"

လင်းထက်ဆွေမှာ သူမကိုချေပပြောဆိုရန် အချိန်မရှိပေ။

သူ့ထံတိုးဝင်လာသောဓားကျိုးကို ကမန်းကတန်း ရှောင်တိမ်းပေးလိုက်စဉ်မှာပင် လိနရင်သီလရှင်နှင့် ဟုအင့်ဟုန်တို့သည် အဝေးသို့ထွက်ပြေးသွားလေတော့သည်။

သွား၏။

ဟုငါးယောက်အမည်တွင်သော သိုင်းသမားကြီးများကိုမူ သူ ဂရုမစိုက်ပေ။

ကြေးကွင်းဟုလီ၏ အပြုအမူကိုကြည့်ရုံမျှဖြင့် ဤသူများ သည် အကျင့်စာဂကောင်းသူများမဟုတ်ကြောင်း လင်းထက်ဆွေ သိ လိုက်သည်။ ထိုသူများ သေလိုက သေပေတော့။

ရွှေကွင်းဟုယွင်သည် သူတို့အခြေအနေမဟန်သည်ကို ရိပ်မိ၏။ ထို့ကြောင့် ကျယ်လောင်စွာပင် အော်ဟစ်လိုက်သည်။

"ခဏနေကြဦး"

ရွှေကွင်းဟုယွင်သည် ပြေရာပြေကြောင်းပြောဆိုရန်အတွက် ရပ်တန့်ခိုင်းလိုက်ခြင်းဖြစ်သည်။

သို့သော် သွေးစုပ်ဂိုဏ်းသားများမှာ သိုင်းလောကစည်း ကမ်းများကို နားလည်ထားကြသူများ မဟုတ်ကြချေ။

မျက်မမြင်အဘိုးအိုက သူ့လက်ထဲမှတောင်ဝှေးကို ဝှေ့ယမ်း လိုက်ပြီး....

"ဘယ်သူမှချန်မထားကြနဲ့၊ ဘယ်သူတားတားကိုမှ ဂရုမ စိုက်နဲ့၊ ဆက်တိုက်ကြ"

ဟုငါးယောက်သည် သူတို့လက်ထဲမှ တောင်ဝှေးများကို မြေကြီးပေါ်သို့ထောက်လိုက်ပြီး စကားစမြည်ပြောရန် ဟန်ပြင်လိုက် ကြသည်။

ထိုစဉ် သံကြိုးများက သူတို့ထံသို့ တဝုန်းဝုန်း ဝင်လာလေ တော့၏။

## အခန်း(၃၅)
## မြောက်ပိုင်းစင်ရော်နှင့်တွေ့ဆုံခြင်း

လင်းထက်ဆွေမှာ စောစောတုန်းက တိုက်ပွဲကိုရပ်တန့်ခိုင်း စေခဲ့သော်လည်း ယခုအခါတွင်မူ ဟန့်တားရပ်တန့်စေရန် စိတ်ဆန္ဒ မရှိတော့ပေ။

စောစောတုန်းက တိုက်ပွဲစည်းဝိုင်းထဲတွင် ဟုအင့်ဟုန့်တို့ ဆရာတပည့်နှစ်ယောက် ပါရှိနေခဲ့သောကြောင့်ဖြစ်ပေသည်။

လိန်ရင်မှာ သမာသမတ်ရှိသူတစ်ယောက်ဖြစ်ပြီး သိုင်းလော ကတွင်လည်း သိက္ခာသမာဓိရှိရှိ ထင်ပေါ်ကျော်ကြားသူတစ်ယောက် ဖြစ်သည်။

ဟုအင့်ဟုန့်မှာလည်း သူ့ပယောဂကြောင့် တစ်ကောင် ကြွက်ဘဝသို့ ရောက်ရှိနေရရှာသည်ဟု လင်းထက်ဆွေ ထင်သည်။ ထို့ကြောင့် ထိုနှစ်ယောက်ကို မသေစေလိုပေ။

လိန်ရင်နှင့်ဟုအင့်ဟုန့်တို့ ယခုကဲ့သို့ ထွက်ခွာရှောင်တိမ်း သွားကြသောအခါ လင်းထက်ဆွေမှာ များစွာ စိတ်သက်သာရာရ

ဟုငါးယောက်မှာ ဤသို့တိုက်ခိုက်လိမ့်မည်ဟု လုံးဝမထင်မှတ်ချေ။ သတိလက်လွတ်ဖြစ်နေခိုက် သံကြိုးများ အရိုက်ခံလိုက်ကြရတော့သည်။

အင်အားနှင့်တရကြမ်း ဝင်တိုက်ခြင်းဖြစ်သဖြင့် ဟုငါးယောက်မှာ တစုန်းစုန်း လဲကျသေဆုံးသွားကြရသည်။

မျက်မမြင်အဘိုးအိုသည် သူ့လက်ထဲကတောင်ဝှေးကို ပစ်ချလိုက်ပြီး လင်းထက်ဆွေရှိနေသည့်နေရာသို့ လူကောင်းတစ်ယောက်ပုံစံအတိုင်း လျှောက်လာသည်။

သူ့လက်ထဲတွင် ကြာညိုရောင် ပိုက်ဆံအိတ်တစ်လုံးကို ကိုင်ဆောင်ထား၏။ အနီးသို့ရောက်သောအခါ ပိုက်ဆံအိတ်ကို လှမ်းပေးသည်။

"သူ့ရဲ့ကောင်းလေး… ဟောဒီဟာကတော့ သခင်မလေးလိန်ရှန်လန်က ကျွန်တော်တို့ထွက်လာခါနီးမှ အပ်နှံလိုက်တဲ့ ပစ္စည်းပါပဲ၊ သူ့ရဲ့ကောင်းလေးနဲ့ လူကိုယ်တိုင်တွေ့မှပေးပါလို့လဲ ကျွန်တော်တို့ကို အတန်တန် မှာကြားလိုက်ပါတယ်"

မျက်မမြင်အဘိုးအိုက ပြောပြောဆိုဆိုပင် ပိုက်ဆံအိတ်ကို လင်းထက်ဆွေ လက်ထဲသို့ အပ်နှံလိုက်၏။

လင်းထက်ဆွေလည်း ဘုမသိဘမသိ လက်ခံယူလိုက်မိ၏။

မျက်မမြင်အဘိုးအိုသည် အိတ်အပ်နှံပြီးသည်နှင့် သူ့တာဝန်ကိစ္စကုန်ဆုံးသွားသည့်အလား သူ့လူများကို လက်ခြောက်အချက်ပေးကာ စုစည်းလိုက်သည်။

"အားလုံး ငါ့နောက်လိုက်ခဲ့ကြ၊ တောင်စခန်းကို ပြန်ကြ



မယ်"

အကျီလေတိုးသံများ၊ သံကြိုးရုပ်သိမ်းသံများ အဆက်မပြတ် ပေါ်ထွက်လာပြီးလျှင် မီးခိုးရောင်ဝတ် သွေးစုပ်ဂိုဏ်းသားများသည် မျက်မမြင်အဘိုးအိုနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားကြတော့သည်။

လင်းထက်ဆွေမှာ ဘာလုပ်ရမည်မှန်းမသိဘဲ ထိုလူများ မျက်စိအောက်မှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။

လိန်ရှန်လန်သည် မည်သည့်အကြောင်းကိစ္စကြောင့် ဤအိတ်ကို ပေးလိုက်ရသနည်း။

စဉ်းစားမရနိုင်သဖြင့် အိတ်ကိုဖွင့်ကြည့်လိုက်၏။ အတွင်း၌ ရဲရဲနီသောအလုံးကလေးနှစ်လုံးကို တွေ့လိုက်ရ၏။

ထိုအလုံးပေါ်တွင် အနက်နှင့်အဖြူရောင် အစက်အပြောက်နှစ်ခုကိုလည်း တွေ့ရသည်။ အဖိုးတန် ဆေးလုံးများ ဖြစ်ဟန်တူပေသည်။

"ဒါဟာ သိပ်အဖိုးတန်တဲ့ဆေးတစ်မျိုး ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ဘယ်လိုနေရာမှာအသုံးချရမယ်ဆိုတာ ငါမှမသိဘဲ၊ ငါ့ကို ဘာကြောင့်များ ပေးလိုက်တာပါလိမ့်"

အမှတ်မထင် အိတ်ကလေးကိုကြည့်လိုက်ရာ တစ်ဘက်၌

မိန်းမချောလေးတစ်ယောက် ပြတင်းတံခါးတွင် မေးထောက်ကာ တစ်စုံတစ်ရာကို တမ်းတမျှော်လင့်နေသည့်ပုံကို ပန်းထိုးထားသည်ကို တွေ့လိုက်ရ၏။

တစ်ဘက်ကိုလှန်ကြည့်လိုက်ရာ စာကြောင်းလေးကြောင်း ရေးထိုးထားသည်ကို တွေ့ရပြန်သည်။

ယင်းစာကြောင်းမှာ ရှေးခေတ်စာဆိုတော်တစ်ဦး၏ ကဗျာလင်္ကာတစ်ပုဒ် ဖြစ်ပေသည်။

လင်းထက်ဆွေသည် သူနှင့်လိနှ်ရန်လန်တို့၏ အတိတ်မှအရိပ်များကို ပြန်လည်တွေးတောမိသည်။

"ငါ ဘယ်လိုလုပ်ရမလဲ၊ ကျူးအီးတောင်ကိုသွားပြီး သွေးစုပ်ဂိုဏ်းချုပ်ကိုသတ်လိုက်ပြန်ရင်လဲ လိနှ်ရန်လန်က ငါ့ကို ဘယ်လိုထင်မလဲ၊ သူ့ကိုမသတ်ပဲ အသာတကြည် ကြည့်နေပြန်ရင်လဲ သိုင်းလောကသားတွေက ငါ့ကို ဘယ်လိုသတ်မှတ်ကြမလဲ"

လင်းထက်ဆွေမှာ ဆုံးဖြတ်ရခက်သဖြင့် သူ့ရင်ထဲတွင် မွန်းကျပ်ပိတ်လှောင်လာသည်။

နောက်ဆုံးတွင် စိတ်ကို တုံးတုံးချလိုက်ပြီး....

"ငါ ဆောင်ရွက်ရမယ့်ကိစ္စက ကိစ္စပဲ၊ နှလုံးသားကိစ္စက နှလုံးသားကိစ္စပဲ၊ ရောယှက်ပစ်လို့ မဖြစ်ဘူး၊ သိုင်းလောကတစ်ခုလုံးရဲ့ သွေးကြောအန္တရာယ်တွေကို ဘာဖြစ်လို့ အချစ်ရေးကိစ္စ တစ်ခုတည်းအတွက်နဲ့ လျစ်လျူရှုလိုက်ရမှာပဲ၊ လိနှ်ရန်လန်ကိုချစ်တာ ချစ်တာပဲ၊ ငါ့အလုပ်ကိုတော့ ငါ ပြတ်ပြတ်သားသား လုပ်ရလိမ့်မယ်"

ထိုသို့ဆုံးဖြတ်လိုက်သည့်အခါမှ သူ့စိတ်ထဲ၌ ပေါ့ပါးသွားသည်။ ထို့နောက် ကျူးအီးတောင်ဆီသို့ ကိုယ်ဖော့ပညာသုံး၍ ပြေးလေတော့၏။



"အင်း... ဒီကနေ ကျူးအီးတောင်ကိုကိုယ်ဖော့ပြီး အမြန်ဆုံးသွားရင် ညသန်းခေါင်ကျော်တာနဲ့ ရောက်သွားနိုင်တယ်"

ပြေးလွှားနေရင်းမှ ခရီးအကွာအဝေးနှင့်အချိန်ကို တွက်ဆနေမိသည်။

ထို့နောက် သူ၏အပြေးရှိန်ကို မြှင့်တင်လိုက်ပြန်သည်။ ခြေလှမ်းများက သွက်လာပြီး လေပြင်းတိုက်သည့်နှယ် လှစ်ခနဲ လှစ်ခနဲ ပြေးလွှားနေပြန်၏။

"ဟား... ဟား... ဟား"

လင်းထက်ဆွေ၏ခြေလှမ်းများက တုံ့ခနဲ ရပ်သွားရသည်။ ရယ်သံကိုကြားရုံမျှနှင့် အတွင်းအားကောင်းသူတစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်သည်။

ရယ်သံက ညာဘက်ရှိ သစ်ပင်ထူထပ်သော တောအုပ်ထဲမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုရယ်သံနှင့်အတူ မိန်းကလေးတစ်ဦး၏ ကြောက်လန့်တကြား အော်ဟစ်သံကိုပါ ကြားလိုက်ရသည်။

သူ့ခြေလှမ်း ဆယ့်လေးငါးလှမ်း လှမ်းမိလျှင်ပင် တောအုပ်အတွင်းမှ တစ်စုံတစ်ယောက် ထွက်လာသံကို ကြားလိုက်ရသည်။

"တောက်... ငါ့စိတ်ကျေနပ်အောင် မလုပ်ဘဲ ငါ့ကိုဒေါသ

ထွက်အောင် လုပ်တယ်၊ ဟင်း...."

လင်းထက်ဆွေမှာ ထိုစကားသံကို ကြားလိုက်ရုံမျှသာ ကြားလိုက်ရသည်။ ထိုအသံရှင်ကို ကွဲကွဲပြားပြား မမြင်လိုက်ရချေ။

တောအုပ်ထဲမှ ပုံရွှေးငှက်တစ်ကောင်အလား လှစ်ခနဲ ပြေးထွက်သွားသည်ကိုသာ တွေ့လိုက်ရတော့သည်။

ကိုယ်ဖော့ညာကောင်းသူများ သိုင်းလောက၌ တပုံကြီးရှိနေပါကလားဟု လင်းထက်ဆွေ တွေးရင်း စိတ်ထဲ၌ အံ့သြနေသည်။

ထိုပြေးသွားသူမှာ မိန်းကလေးတစ်ယောက် မဟုတ်ကြောင်းလောက်ကိုတော့ လင်းထက်ဆွေ သိသည်။

ဤသို့ဆိုလျှင် စောစောက အသံကြားလိုက်ရသည့် မိန်းကလေးက အဘယ်မှာနည်း။

သူသည် မိန်းကလေးကိုရှာဖွေရန် သစ်တောထဲသို့ ပြေးဝင်လိုက်၏။

"ဟာ...."

လင်းထက်ဆွေမှာ အကြီးအကျယ် အံ့သြထိတ်လန့်သွားရလေ၏။

အဘယ့်ကြောင့်ဆိုသော် သူသည် သစ်ပင်အောက်၌ လဲကျသေဆုံးနေသော မိန်းကလေးအလောင်းတစ်လောင်းကို တွေ့လိုက်ရသောကြောင့်တည်း။

အင်္ကျီရင်ဘတ်မှ ဟင်းလင်းပွင့်နေပြီး ရင်သားအစုံ၌ သွေးနီရောင်များက စွန်းကွက်နေသည်။

အောက်ခံတောင်းဘီမှာ ကြိုးစည်းများ ပြေလျော့နေပြီး



တစ်ဝက်တစ်ပျက် လျော့ကျစုတ်ပြတ်နေ၏။

မျက်နှာပေါ်၌ ဆံပင်များ ဖုံးလွှမ်းနေသည်။ လင်းထက်ဆွေသည် မိန်းကလေး၏အဖြစ်ဆိုးကို ချက်ချင်း ရိပ်မိလိုက်၏။

တဒင်္ဂအားဖြင့် မိန်းကလေးအား သနားစွာ လေ့လာလိုသဖြင့် သစ်ရွက်အတော်များများကိုခူးပြီး မိန်းကလေး၏ခန္ဓာကိုယ်ကို အုပ်ဆိုင်းပေးလိုက်သည်။

မည်သို့ပင် အုပ်ဆိုင်းပေးလိုက်သည်ဖြစ်စေ အမျိုးသမီး၏ ရင်သားနေရာတွင် လက်ချောင်းဆယ်ချောင်းရာ အပေါက်ကြီးများက ထင်ထင်လင်းလင်းဖြစ်နေပြီး သွေးများ စီးကျစိမ့်ထွက်နေသည်ကိုမူကား မကြည့်ချင်သော်လည်း မြင်နေရဆဲသာတည်း။

"ဒီလောက်ပဲ ရိုင်းစိုင်းရက်စက်ရသလားကွာ"

လင်းထက်ဆွေမှာ အံကြိတ်ရေရွတ်လိုက်မိသည်။

ထိုအမျိုးသမီးကိုကြည့်ပြီး အတွေးတစ်ခု ခေါင်းထဲဝင်လာကာ ရုတ်တရက် လန့်ဖျပ်သွားလေသည်။

"ဟင်... သူ... သူမျှား ဖြစ်နေမလား"

သေဆုံးနေသူအမျိုးသမီး၏အရပ်အမောင်း အရွယ်အစားမှာ သူ လိုက်လံရှာဖွေနေသော ကွမ်းရဲစမ်းနှင့် တူလှပေသည်။

ပို၍ ယုံမှားသံသယဝင်စရာကောင်းသည်မှာ သူမကိုယ်ပေါ်မှ အနီရောင်ဝတ်စုံပင်ဖြစ်တော့သည်။

ထို့ကြောင့် အလောင်း၏မျက်နှာအနီးသို့ တိုးကပ်ကာ မျက်နှာပေါ်၌ဖုံးလွှမ်းနေသည့်ဆံပင်များကို ဖယ်ရှားပစ်လိုက်၏။

"အို... တော်ပါသေးရဲ့၊ သူ မဟုတ်ဘူး... ဟင်...."

လင်းထက်ဆွေမှာ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားရလေ၏။

"ဟင်... လင်းသန်းဖုံး၊ လင်းသန်းဖုံးပါလား"

နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းမဟုတ်သော်လည်း လင်းထက်ဆွေမှာ အကြီးအကျယ် တုန်လှုပ်သွားရသည်။

လင်းသန်းဖုံးသည် သူ့မိခင် ဝက်ပါဂူရှင်သခင်မ ဂူယို့နမ်၏ တပည့်မကြီးဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဝက်ပါဂူဂိုဏ်း၏ ဂိုဏ်းချုပ်ရာထူးကို ပေးအပ်ခဲ့သူမဟုတ်ပါလား။

သည်တွင် လင်းထက်ဆွေမှာ လင်းသန်းဖုံးအား သတ်သွားသူနောက်သို့ လိုက်လံတိုက်ခိုက်ရန် တာဝန်ရှိလာပြန်သည်။

လင်းသန်းဖုံးအား မြေတွင်းတူးမြှုပ်နေပါက ရန်သူနောက်သို့လိုက်ရန် အချိန်မရှိတော့သဖြင့် သစ်ရွက်သစ်ကိုင်းများကိုခုတ်ချပြီး အလောင်းကို အမြန်ဆုံး ဖုံးအုပ်ရတော့၏။

ထိုစဉ် အေးစိမ့်သောအသံတစ်သံသည် သူ့နောက်ကျောမှ ထွက်ပေါ်လာလေတော့၏။

"ဒီလိုပဲ ထွက်သွားတော့မှာလား"

လေသံက မတိုးမကျယ် မမာမထန်ဖြစ်သော်လည်း အားမာန်အပြည့်ပါနေသည်။ ဩဇာတိက္ကမအပြည့်အဝ ရှိနေသည်။

လင်းထက်ဆွေသည် နောက်သို့လှည့်ကြည့်မိသည်။ အရပ်ပု



ပု အဘိုးအိုတစ်ယောက်ပင်တည်း။

အဘိုးအို၏ဦးခေါင်းထက်တွင် ကလေးသူငယ်များအလားင်ကို ကြက်တောင်စည်း စည်းထား၏။

သူ့အသွင်သဏ္ဌာန်ကို ကြည့်ရသည်မှာ နံနံအအရှိလှပြီး တစ်ကိုယ်လုံး ၌ ပါများ ပေကျံနေသည့် အင်္ကျီအဝတ်အစားများကို ဝတ်ဆင်ထားသည်။

လက်ထဲတွင်လည်း တစ်တောင်ခန့်ရှည်လျားသော ဆေးတံတစ်ချောင်းကို ကိုင်ဆောင်ထား၏။ မုတ်ဆိတ်မွေးလည်း ရှိနေ၏။

သူ့မျက်နှာအနေအထားမှာ လယ်သမားတစ်ယောက်အသွင် ဆောင်နေသည်။

အဘိုးအိုအထင်လွဲသွားပြီကို လင်းထက်ဆွေ ရိပ်မိလိုက်၏။

ထို့ကြောင့် ခပ်မာမာပင် ပြန်ပြောမိသည်။ လူသတ်တရားခံမှာ သူမှမဟုတ်ပဲကိုး....။

"ခင်ဗျား အထင်လွဲနေပြီ အဘိုးကြီး"

အဘိုးအိုက သူ့ကိုသံသယမျက်လုံးများဖြင့် အကဲခတ်နေ၏။

မျက်လုံးများကိုကြည့်ရုံဖြင့် အဘိုးအို၏အတွင်းအား မည်မျှကောင်းမွန်သည်ကို လင်းထက်ဆွေ အကဲခတ်နိုင်ပေသည်။

"မင်းက ငါ့ကိုဖြောင်ဖြင်းနေတာတာလား ချာတိတ်လေး၊ အသတ်ခံရတဲ့သူတစ်ယောက်လုံး ဒီမှာရှိနေတာကိုတောင်မှ မင်းက

ငါ့ကိုအထင်လွဲနေတယ်လို့ လိမ်ညာပြောဦးမလို့လား"

"ကျွန်တော် မလိမ်ပါဘူးခင်ဗျ၊ သူ့ကို တစ်စုံတစ်ယောက်က စော်ကားတာ မအောင်မြင်လို့ ရင်သားကိုလက်ညှိုးနဲ့ ထိုးသတ်သွားတာပါ၊ ကျွန်တော်လုပ်တာ မဟုတ်ပါဘူး"

"မင်းမလုပ်ရင် ဘယ်သူလုပ်မလဲ"

"မသိပါဘူး"

"ဒါဖြင့် သေတဲ့သူကကော"

"သူကတော့ ကျွန်တော်နဲ့သက်ဆိုင်နေပါတယ်၊ ဒါကြောင့် ကျွန်တော် လူသတ်သမားနောက်ကို လိုက်မလို့ပါခင်ဗျား"

"သူက ဘယ်သူလဲ"

"လင်းသန်းဖုံး"

"ဘာ..."

အဘိုးအို၏ တအံ့တသြ ရေရွတ်လိုက်သံက ဟိန်းထွက်သွားသည်။ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေသောအဘိုးအိုကို လင်းထက်ဆွေက နားမလည်နိုင်စွာ ငေးကြည့်မိသည်။

"ဘာပြောတယ်ကွဟင်... မင်း သေချင်နေလို့လား ချာတိတ်လေး"

အဘိုးအိုသည် လင်းထက်ဆွေထံသို့ ခုန်ပျံရောက်ရှိလာသည်။ အဘိုးအို၏ကိုယ်ဖော့ပညာမှာ ကောင်းမွန်လှသည်။

ဤသို့သော လျှပ်စီးလက်သည့်အလား ကောင်းမွန်သောကိုယ်ဖော့ပညာရှင်မျိုးမှာ သိုင်းလောကတစ်မျိုးလုံး ရေတွက်ကြည့်လျှင်ပင် ငါးယောက်ပြည့်လိမ့်မဟုတ်ချေ။



လင်းထက်ဆွေကိုယ်တိုင်ပင်လျှင် ကိုယ်ဖော့ပညာ အတော်ကောင်းသူဖြစ်၍ အဘိုးအို၏ဖမ်းဆီးမှုမှာ သီသီကလေး လွတ်အောင်ရှောင်ထွက်နိုင်ခဲ့ပေသည်။

"မင်းကထွက်ပြေးဖို့ စိတ်ကူးနေတာလားကွ"

လင်းထက်ဆွေသည် အဘိုးအိုက အကျိုးအကြောင်း အသေအချာမမေးဘဲ လိုက်လံတိုက်ခိုက်နေသဖြင့် မကျေနပ်ချေ။

သို့ရာတွင် အဘိုးအို၏ကိုယ်ဖော့ပညာနှင့် လှုပ်ရှားမှုများက လျင်မြန်သွက်လက်လွန်းနေသဖြင့် သူ့မှာ စကားမပြောနိုင်ဘဲ အသေအလဲ ရှောင်တိမ်းပေးနေရသည်။

နောက်ဆုံး ခပ်ဝေးဝေးသို့ခုန်ထွက်လိုက်ပြီး လှမ်းအော်မိသည်။

"ခင်ဗျား ဒီလိုအတင်းအဓမ္မလိုက်ပြီး တိုက်ခိုက်နေတာ ဘာသဘောလဲဗျ"

"ဟင်... မင်းက ငါ့ကိုပြန်မေးနေပြန်ပြီလား၊ မင်း ငါ့ကိုသိလို့ ဒီလိုလုပ်ရဲတာပေါ့၊ ငါ့ကိုဒေါသထွက်အောင် စရဲတာပေါ့"

လင်းထက်ဆွေမှာ ကြောင်စီစီဖြစ်သွားရသည်။

ထိုအဘိုးအိုကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးကြောင်း သူကိုယ်တိုင် သေချာစွာ သိပါသည်။

"ကျွန်တော်က ခင်ဗျားကိုသိတယ် ဟုတ်လား၊ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျွန်တော် ခင်ဗျားကို လုံးဝမသိဘူး၊ ဘယ်လိုကြောင့် ခင်ဗျားကို ရန်စရမှာလဲ"

"မသိပဲနဲ့ငါ့ကိုအလောင်းကောင်ဖြစ်အောင် နောက်ပြောင်ရ

သလား"

"ဗျာ..."

"စောစောက ဘာဖြစ်လို့ ငါ့နာမည် ပြောရသလဲကွ"

ပြောရင်းမှပင် ဘယ်ဘက်လက်ဖြင့် လင်းထက်ဆွေ၏မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး ညာလက်က လည်ကုပ်ကို ဖမ်းကုတ်လိုက်သည်။

လင်းထက်ဆွေမှာ အလန့်တကြား ရောင်လိုက်သည်။ သို့သော် မမီနိုင်တော့ချေ။

"မလွှပ်နဲ့"

အဘိုးအို၏လက်က လင်းထက်ဆွေ၏ပခုံးကို ဖမ်းဆုပ်သွား၏။

အကယ်၍သာ သူ့ပခုံးပေါ်မှ အကြောကိုအပိတ်ခံလိုက်ရပါက အဘိုးအိုပြုသမျှကို သူ ခံရပေတော့မည်။

ထို့ကြောင့်ပခုံးထက်မှ အကြောကို လုံးဝမကရုမစိုက်ဘဲ ညာလက်ဖြင့် အဘိုးအို၏ ကုတ်တွယ်ထားသောလက်ကို ခုတ်ချလိုက်သည်။

"ဒိ..."

ပြင်းထန်ခြင်း၊ လျင်မြန်ခြင်း၊ လျှပ်တစ်ပြက်ရိုက်ချက်ဖြစ်ခြင်းတို့ကြောင့် အဘိုးအိုက သူ့လက်ကိုဖြုတ်ပြီး ဆယ်ပေခန့်အကွာသို့



ခုန်ထွက်လိုက်ရသည်။

သူ့မျက်နှာပြင်၌ အံ့အားသင့်မှုများ ဖုံးလွှမ်းသွားသည်။

လင်းထက်ဆွေသည် သူ့ခါးအိမ်ထဲမှ မိုးကြိုးသွားဓားကို ဆွဲထုတ်လိုက်ကာ လေထဲတွင် ဝှေ့ယမ်းလိုက်သည်။

ဓားဖျားထိပ်မှ အလင်းရောင်များက ဖြာခနဲလက်သွား၏။

"ခင်ဗျားက ကျွန်တော့်ကို အလျင်ဆုံး စတိုက်တာပဲ၊ ကျွန်တော့်မှာ ဘာအပြစ်မှမရှိတော့ဘူး၊ ကဲ... ခင်ဗျားနဲ့အသေအကြေတိုက်တော့မယ်၊ ရောင်ပေတော့"

အဘိုးအိုသည် လေထဲ၌ တဝိုးဝိုးမြည်လျက် တပြောင်ပြောင် တလက်လက်ဖြစ်နေသော ဓားကိုမြင်သောအခါ တအံ့တသြ ရေရွတ်တော့သည်။

"ဒါ... ဒါ... သက်တန့်ပျံဓားပါလား"

"ခင်ဗျား လွဲသွားပြန်ပြီ၊ ဒါ သက်တန့်ပျံဓား မဟုတ်ဘူး၊ ကျွန်တော်ရဲ့ ကိုယ်ပိုင်ဓားတစ်လက်ပဲ"

"အံ့သြစရာပါလား... ဒါဖြင့် ဒါ... ဒါဟာ မိုးကြိုးသွားဓား ဖြစ်နေမလား မသိဘူး"

သည်တစ်ကြိမ် အံ့သြသွားရသူကလည်း လင်းထက်ဆွေ ဖြစ်သည်။

"ခင်ဗျားက ဒီဓားအမည်ကိုသိတယ်ဆိုတော့ ဒီဓားရဲ့ အဓမ်းထက်မြက်ပုံကိုလဲ သိရမှာပေါ့၊ ခင်ဗျားရဲ့နာမည်ရင်းကို ပြောစမ်းပါ"

အဘိုးအိုသည် အနည်းငယ် တွေဝေစဉ်းစားလိုက်၏။ ထို့

နောက် တည်ငြိမ်လေးနက်သောလေသံဖြင့် လင်းထက်ဆွေအား မေးလိုက်သည်။

"မင်းက အလယ်ပိုင်းမြေပြန့်စားနှစ်လက်နဲ့ ဘယ်လိုပတ်သက်နေသလဲ"

လင်းထက်ဆွေသည် သူ၏စားကို ပြန်လည်ရုပ်သိမ်းလိုက်ပြီးသည်။

"ခင်ဗျား... ခင်ဗျားနဲ့"

အဘိုးအိုက သဘောကျနှစ်မြို့က်စွာ ဟက်ဟက်ပက်ပက်ရယ်မောရင်း...

"ဟား... ဟား... ဟား၊ ကြည့်စမ်းပါဦးကွာ၊ ကိုးရိုးကားရားတွေ ဖြစ်ကုန်တော့မလို့၊ ဟုတ်ပါပြီ... ဟုတ်ပါပြီ၊ မင်းဟာ နောင်ကြီးရိပ်ငြိမ်း ပြောပြောနေတဲ့ လင်းထက်ဆွေ မဟုတ်လား"

လင်းထက်ဆွေသည် တောင်ပိုင်းပျံလွှားကို သိသည်။ တောင်ပိုင်းပျံလွှားကို အစ်ကိုကြီးဟု ခေါ်ဆိုနိုင်သူမှာလည်း တစ်ယောက်တည်းသာ ရှိသည်။

ယခုအဘိုးအိုသည် မလွဲမသွေ မြောက်ပိုင်းစင်ရော် လျှံသန်းဖုံးဖြစ်ရပေတော့မည်။

❧

သည်တော့ လင်းထက်ဆွေသည် အဘိုးအိုက အဘယ့်ကြောင့် သူ့အား ဘုမသိဘမသိ တိုက်ခိုက်ခြင်း၏အကြောင်းရင်းကို



သိရတော့သည်။

အဘိုးအိုနာမည်က လျှံသန်းဖုံး၊ သေသူ မိန်းကလေးအမည်က လင်သန်းဖုံး။ နာမည်ကို နားကြားလွဲမှားပြီး တိုက်ခိုက်ခြင်း ဖြစ်တော့သည်။

"ဒါ... ဒါဆိုရင် ဦးဦးက မြောက်ပိုင်း"

"ဟုတ်တယ်... ငါက မြောက်ပိုင်းစင်ရော် လျှံသန်းဖုံးပဲပေါ့ကွ"

လင်းထက်ဆွေက အလျှင်အမြန်ပင် ဦးညွှတ်ဂါရဝပြုသည်။ တောင်းပန်စကားလည်း ဆိုလိုက်ရသည်။

"ခွင့်လွှတ်ပါခင်ဗျား... ကျွန်တော်မသိလို့ ဒီလိုဖြစ်သွားရတာပါ"

လျှံသန်းဖုံးက ကသုစ်ခက်သစ်ရွက်များ အုပ်ဆိုင်းထားသော အလောင်းကောင်ကို လက်ညှိုးညွှန်ပြကာ...

"မင်း ရက်ဖို့မလိုပါဘူးကွာ၊ ဒါ မင်းရဲ့ရန်သူလား"

"ဟာ... မဟုတ်ပါဘူးခင်ဗျာ... မဟုတ်ပါဘူး၊ သူက ကျွန်တော့်ရဲ့မိတ်ဆွေပါ၊ ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်က သူ့ကို စော်ကားဖို့ကြိုးစားရင်း မအောင်မြင်တာနဲ့ သတ်သွားတာပါ"

လျှံသန်းဖုံးမှာ ထိုစကားကြားလိုက်ရသဖြင့် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်သည်။

"သူ့နာမည်က လင်သန်းဖုံးတဲ့လား"

"မဟုတ်ပါဘူးခင်ဗျာ... သူ့မိသားစုမျိုးရိုးက 'လင်'ပါ၊ သူ့နာမည်ရင်းက သန်းဖုံး၊ လင်သန်းဖုံးပါ၊ ဦးနဲ့နာမည်ချင်းဆင်နေတာပေါ့"

"ဩော်... လင်သန်းဖုံးတဲ့လား၊ ဘယ်သူ့လက်ချက်နဲ့ သေရသလဲဆိုတာ ခန့်မှန်းနိုင်အောင် ဒဏ်ရာကြည့်ဦးမှပဲ"

လျှံသန်းဖုံး ပြောသာပြောလိုက်သော်လည်း ရှေ့သို့လှမ်းမတက်သေးပေ။

"ဒီမှာလင်းထက်ဆွေ... မင်းကိုတစ်ခုတော့ ပြောရဦးမယ်၊ တောင်ပိုင်းပုံလွှားနဲ့ မြောက်ပိုင်းစင်ရော်ဆိုတာ ဘယ်တုန်းကမှ သွေးစက်ဝိုင်းသံသရာထဲမှာ တဝဲဝဲတလည်လည် လှည့်မနေတတ်ဘူး၊ သူကို ဘယ်သူသတ်သွားသလဲဆိုတာတော့ ငါ ခန့်မှန်းပေးမယ်၊ ဒီကိစ္စထဲကိုတော့ ငါ ဝင်မရှုပ်ဘူး"

လျှံသန်းဖုံးက အလေးအနက်ပြောနေသဖြင့် လင်းထက်ဆွေက ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့...ဒီလိုဝါစဉ်ကြီးတဲ့ ဦးလိုလူမျိုးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ဒုက္ခပေးဝံ့မှာလဲခင်ဗျာ"

"ငါ ဒီလိုပြောလိုက်တာဟာ ပြဿနာတက်မှာကို ကြောက်လို့ မဟုတ်ဘူး၊ ဒါကိုတော့ မင်း နားလည်ထားရမယ်"

စကားဆုံးသည်နှင့်လျှံသန်းဖုံး ရှေ့သို့လှမ်းတက်လိုက်ပြီး လင်သန်းဖုံး၏အလောင်းကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

အလောင်းပေါ်မှဒဏ်ရာများကို မြင်သောအခါ မျက်နှာပျက်သွားတော့သည်။

"ဒုက္ခပဲ... သူ... သူ နောက်တစ်ကြိမ် ထပ်ထွက်လာပြန်ပြီ၊ ဒါ... ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး"



## အခန်း(၇၆)
## ပန်းစားဘီလူးလေပွေပါဟုန်

လင်းထက်ဆွေသည် လျှံသန်းဖုံး၏ မျက်နှာပြင်ပေါ်မှ ကြောက်ရွံ့ထိတ်လန့်သော အမူအရာများကို မြင်လိုက်ရသောအခါ အံ့ဩသွား၏။

ယခုကိစ္စသည် တော်ရုံတန်ရုံကိစ္စမဟုတ်ကြောင်း ရိပ်မိလိုက်သည်။

"လူသတ်သမားရဲ့ ခြေရာလက်ရာကိုကြည့်ပြီး ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ဦးသိနေပြီလို့ ထင်မိပါတယ်၊ ဘယ်သူများလဲခင်ဗျာ"

လျှံသန်းဖုံးသည် သက်ပြင်းရှည်ကြီးချလိုက်သည်။

"အင်း... သူမဟုတ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ၊ အင်းလေ... ဆုတောင်းလဲ အပိုပါပဲလေ"

"ဒီလူဟာ ဘယ်သူလဲဦး"

လျှံသန်းဖုံးသည် နဖူးကြောကိုလျှော့လိုက်ပြီးလျှင် ခေါင်းကို

တယမ်းယမ်းခါလျက် ဖြည်းညင်းစွာ ပြောချလိုက်တော့သည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်တုန်းက သိုင်းလောကမှာ လူတွေကိုရက်ရက်စက်စက် သတ်ဖြတ်တတ်တဲ့ လူသတ်သမားတစ်ယောက် ရှိခဲ့ဖူးတယ်၊ အထူးသဖြင့် မိန်းမသားတွေကို စော်ကားပြီးမှ သတ်ဖြတ်တတ်တယ်၊ သူ့ကိုသိုင်းလောကသားတွေက လေမွှေပါဟုန်လို့ခေါ်ကြတယ်၊ သူ့ကို မင်း သိသလား"

လင်းထက်ဆွေက ခေါင်းခါပြလိုက်၏။

"နှစ်ပေါင်း နှစ်ဆယ်ကျော်တုန်းက ကျွန်တော်မှမမွေးသေးဘဲ"

"အေး... ဟုတ်သားပဲ၊ ငါလဲ အသက်ကြီးလာတော့ ပြောစရာတွေ ပြောနေမိပါပြီကွာ၊ ဟုတ်တာပေ့ါ... အဲဒီတုန်းက မင်းဘယ်မွေးနိုင်ဦးမှာလဲ"

လျှံသန်းဖုံးမှာ သူ့စကား သူသဘောကျသွားပြီး ရယ်နေသည်။ အတန်ကြာမှ စကားပြန်ဆက်တော့သည်။

"လေမွှေပါဟုန်ဟာ သိုင်းလောကထဲရောက်တာနဲ့ အမျိုးကောင်း သားသမီးလေးတွေကို ဖျက်ဆီးစော်ကားတော့တာပဲ၊ အထူးသဖြင့်တော့ သိုင်းပညာတတ်ကျွမ်းတဲ့ မိန်းကလေးတွေကိုမှ ရွေးပြီး စော်ကားတတ်တယ်၊ အချို့လဲ အစော်ကားခံရပြီးမှ အသတ်ခံရသလို အချို့ဆိုရင်လဲ ခုခံရင်းက အသတ်ခံသွားကြရတယ်၊ သိုင်းလောကတစ်ခုလုံးဟာ သူ့နာမည်ကို ကြားလိုက်ရတာနဲ့ မျက်နှာပျက်ပြီး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားတတ်ကြတယ်၊ အခုသိုင်းလောကထဲ သူပြန်ရောက်နေပြီဆိုတာကိုသာ သိလိုက်ရင်တော့ သိုင်းလော



ကထဲက မိန်းကလေးတွေထိတ်လန့်ကုန်မှာ သေချာတယ်"

သိုင်းလောကထဲမှ မိန်းကလေးများ ထိတ်လန့်မည် မထိတ်လန့်မည်ကို အသေအချာမသိသော်လည်း လင်းထက်ဆွေကတော့ ဒေါသအကြီးအကျယ် ထွက်နေလေပြီ။

ဤမျှယုတ်မာပက်စက်သူတစ်ယောက်ကို မည်သို့မျှ သည်းခံခွင့်လွှတ်၍ မရနိုင်အောင် ဖြစ်မိသည်။ ထို့ကြောင့် လျှံသန်းဖုံးအား ခပ်ပြင်းသောလေသံဖြင့် မေး လိုက်သည်။

"အဲဒီတုန်းက ဒီလောက်ယုတ်မာပြီး ဒုစရိုက်လုပ်ငန်းတွေလုပ်နေတဲ့သူ့ကိုဝင်ပြီး ဟန့်တားတဲ့လူတစ်ယောက်မှ မရှိကြတော့ဘူးတဲ့လား"

"မဟန့်တားဘဲ ရှိပါ့မလားကွာ... တောင်ပိုင်းပင်လယ်ကလူသုံးယောက်က သူ့ကိုရှာဖွေတိုက်ခိုက်ဖို့ ဘုရားမှာ သစ္စာဆိုခဲ့ကြတယ်၊ မကြာပါဘူး သူတို့သုံးယောက် သေချင်းဆိုးနဲ့ သေသွားကြတယ်၊ ပိုင်ဆန်က 'လိန်'မျိုးနွယ် ညီအစ်ကိုတစ်စုကလဲ ပါဟုန်နောက်ကို လိုက်ကြပြန်တယ်၊ ဆယ်ရက်အတွင်းမှာ သူတို့ငါးယောက်ရဲ့ အလောင်းတွေကို ကျန်စီမြစ်ထဲက ဆယ်ယူလိုက်ရတယ်၊ နောက်တော့လဲ ရှိသေးတာပေ့ါကွာ"

"ဘယ်သူတွေများလဲ ဦး"

"နောက်ပိုင်းမှာ ရှောင်လင်ဂိုဏ်းနဲ့ စင်းရှာဂိုဏ်းနှစ်ဂိုဏ်းဟာ ပူးပေါင်းပြီး လက်ရွေးစင်သိုင်းသမား ဆယ့်နှစ်ယောက်ကို ရွေးချယ်ခဲ့တယ်၊ သူတို့တတွေ ပါဟုန်နောက်ကိုလိုက်လံရှာဖွေကြတော့ လနဲရဲ့ စိန်းတောင်ပေါ်မှာ ဒိသွားကြတယ်၊ သူတို့လဲ ကံကြမ္မာ

မကောင်းကြဘူး၊ တစ်ညတည်းမှာပဲ လက်ရွေးစင်သိုင်းသမား ဆယ့်နှစ်ယောက်စလုံး အသေဆိုးနဲ့ သေသွားကြရပြန်တယ်၊ နောက်တစ်နေ့မနက်မှာ သူတို့ရဲ့အလောင်းဆယ့်နှစ်လောင်းကို ကျူးရုံတောင်ထိပ်က စိန်ရန်မြို့ရှိအဝင်ဝမှာ တွေ့လိုက်ကြရတယ်၊ အဲဒီနောက်ပိုင်းကစပြီး သိုင်းလောကမှာ ဒီကိစ္စကို ဘယ်သူမှ အကောင်အထည်မဖော်ရဲကြတော့ဘူး၊ လေသံတောင် မဟရဲအောင် ဖြစ်သွားကြရတယ်"

"ဪ... ဒီလိုဆိုတော့ သူစိတ်တိုင်းကျလုပ်ချင်သလို လုပ်နိုင်ခဲ့တာပေါ့"

"အေး... အခုတော့ သူက မင်းနဲ့သက်ဆိုင်လာပြီ"

"ခင်ဗျာ... ကျွန်တော်နဲ့ဆိုင်တယ် ဟုတ်လား"

လင်းထက်ဆွေ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားရတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်က ကိစ္စများသည် အဘယ်ကြောင့် သူနှင့်ပတ်သက်ဆက်နွယ်လာရပါသနည်း။ သူ မစဉ်းစားတတ်အောင် ဖြစ်သွားရသည်။

လျှံသန်းဖုံး နောက်ဆက်တွဲပြောလာမည့် စကားများကိုသာ စိတ်ဝင်တစား နားထောင်နေမိတော့သည်။ လျှံသန်းဖုံးက တည်ငြိမ်လေးနက်သောလေသံဖြင့် ဆက်ပြောနေပြန်သည်။

"ဘယ်လိုကိစ္စနဲ့ ကြုံကြိုက်သလဲတော့ မသိဘူး၊ လေမွေပါဟုန်ဟာ တစ်ချိန်တုန်းက နာမည်ကျော်ကြားလှတဲ့ အလယ်ပိုင်းမြေပြန့်ဓားနှစ်လက်နဲ့ သွားပြီး ပတ်သက်မိခဲ့တယ်"



"ဗျာ..."

အလယ်ပိုင်းမြေပြန့် ဓားနှစ်လက်အကြောင်းပါလာသဖြင့် လင်းထက်ဆွေ ရင်ခုန်လှုပ်ရှားသွား၏။ အာမေဍိတ်သံပင် လွှတ်ခနဲထွက်သွားရပြီး အလျင်စလို မေးမြန်းလိုက်မိတော့သည်။

"အလယ်ပိုင်း မြေပြန့်ဓားနှစ်လက်နဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲခင်ဗျာ၊ သူတို့ကရော ပါဟုန်ကိုကြောက်ရွံ့ကြတာပဲလား"

"ဘယ်ကြောက်လိမ့်မလဲကွာ"

"ဪ..."

လင်းထက်ဆွေသည် ထိုအခါကျမှ ဘဝင်ကျသွားရ၏။ လျှံသန်းဖုံးက အတိတ်မှအဖြစ်အပျက်များကို တဖြည်းဖြည်း ပြောပြလေ၏။

"အလယ်ပိုင်း မြေပြန့်ဓားနှစ်လက်ဟာ လေမွေပါဟုန်ရဲ့ ဝမ်တောင်ပေါ်မှာ ညအချိန်တွေ့ဆုံဖို့ ချိန်းဆိုခဲ့ကြတယ်၊ အဲဒီတုန်းက မြေပြန့်ဓားနှစ်လက်ဟာ လေမွေပါဟုန်ရဲ့ နားရွက်နှစ်ဖက်ကို အသေအချာ ဖြတ်တောက်ပစ်နိုင်ခဲ့တယ်၊ ဒါကြောင့်လဲ အဲဒီနောက်ပိုင်းကစပြီး သိုင်းလောကဟာ လေမွေပါဟုန်ရဲ့ရန်က ကင်းလွတ်ပြီး ငြိမ်းအေးချမ်းသွားတယ်၊ အနှစ်နှစ်ဆယ်လုံးလုံး သူ့ရဲ့မကောင်းသတင်းတွေကို နောက်ထပ်နည်းနည်းမှမကြားရတော့ဘူး"

လင်းထက်ဆွေက စဉ်းစဉ်းစားစားဖြင့် မေးလိုက်၏။

"အခု လျှံသန်းဖုံး သေရတာ သူ့လက်ချက်ပဲဆိုတာ သေချာရဲ့လားဦး"

"ဟုတ်တယ်... သူ့လက်ချက်မှ သူ့လက်ချက်အစစ်ပဲ၊ မင်း

သေသေချာချာ ကြည့်လိုက်စမ်း။ ဒါဟာ သူတစ်ယောက်တည်းတတ်ထားတဲ့ 'အသည်းကုတ်လက်ချောင်း'သိုင်းကွက်ပဲ"

မြောက်ပိုင်းစင်ရော် လျံသန်းဖုံးက ရာနှုန်းပြည့်နိုင်မာစွာ ပြောချလိုက်သည်။ လင်းထက်ဆွေသည် လျံသန်းဖုံး၏ဒဏ်ရာကို သေချာကြည့် လိုက်ပြန်သည်။

လက်ချောင်းအပေါက် ဆယ်ပေါက်က သူ့နှလုံးသားကို ဆုပ်ညှစ်နေသည့်နှယ် ခံစားလိုက်ရ၏။

စောစောကတည်းက သူတွေ့ခဲ့မိသော အရိပ်မည်းလေပွေကို ပြန်လည်စဉ်းစားကာ လျံသန်းဖုံးအား မေးလိုက်မိပြန်သည်။

"ဦး... လေပွေပါဟုန် ကိုယ်ဖော့ပြီးပြေးလိုက်ရင် လေလှိုင်းတွေ လှုပ်ရှားသွားတတ်သလား"

"ဟုတ်တယ်... သူ့ကိုယ်ဖော့ပညာက သိပ်ကောင်းပြီး သိပ်မြန်နေတော့ လေပွေမွှေ့လိုက်သလိုပဲ၊ ဒီအချက်ဟာလဲ တချို့သိုင်းသမားကောင်းတွေ သူ့ကို မနိုင်နိုင်တဲ့အချက်အလက်တစ်ခုပဲ"

"ကျွန်တော် သူ့နောက်ကိုလိုက်မယ်"

လင်းထက်ဆွေသည် စကားဆုံးသည်နှင့် မြားတစ်စင်းလို ပြေးထွက်သွားတော့သည်။

လျံသန်းဖုံး တားချိမမီတော့။

သူသည်လည်း လင်းထက်ဆွေနောက်သို့ အပြေးကလေး



လိုက်သွားမိ၏။ ပြေးရင်းလွှားရင်း အော်ဟစ်မေးလိုက်သည်။

"မင်း သူ့ကိုတွေ့လိုက်လို့လား လင်းထက်ဆွေ"

လင်းထက်ဆွေက ရှေ့မှပြေးရင်း ပြန်ဖြေသည်။

"တွေ့လိုက်တယ်... သူထွက်သွားတာ အတော်ကြာသွားပြီ၊ လေပွေတစ်ခုလို သိပ်ပြီးမြန်တယ်"

"ဒါဆို... သူဖြစ်မှာ ကျိန်းသေတယ်၊ မင်း သူနဲ့ရင်ဆိုင်ရင် ..ဟိထား"

"ဟုတ်ကဲ့"

လျံသန်းဖုံးမှာ ကိုယ်ဖောပညာအရာ၌ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေသော်လည်း လင်းထက်ဆွေကိုမူ ကျော်လွှားဖြတ်တက် မသွားခဲ့ပေ။

လက်ဖက်ရည်တစ်အိုး ဆူပွက်ချိန်ခန့်ကြာလျှင် သူတို့နှစ်ယောက်မှာ လေးငါးမိုင်ခန့် ခရီးပေါက်ခဲ့ကြ၏။

အပြေးနှုန်းကိုမလျှော့ဘဲ ရှေ့သို့သာ ဦးတည်ပြေးလွှားနေကြ၏။ ထိုစဉ် တိုးညင်းသောအသံတစ်သံကို ကြားလိုက်ရတော့သည်။

"ကယ်ကြပါ"

လင်းထက်ဆွေသည် အတွင်းအား အထူးပင် တိုးတက်နေသဖြင့် တိုးညင်းလှသောအသံကိုပင် ကျယ်လောင်စွာ ကြားနိုင်နေသည်။

သို့သော် အသံကထပ်မံထွက်ပေါ်မလာဘဲ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

ထိုစဉ် အင်္ကျီလှုပ်ခတ်သံတစ်သံကို ခပ်လှမ်းလှမ်းဆီမှ ကြားလိုက်ရသဖြင့် လင်းထက်ဆွေသည် တစ်စက္ကန့်လေးမျှ ဆိုင်းငံ့မနေဘဲ ထိုအသံထွက်ပေါ်ရာအရပ်ဆီသို့ ဦးတည်ပြေးသွားလေတော့သည်။

ထိုနေရာမှာ တောင်ကုန်းနှစ်ခုကြား ချိုင့်ဝှမ်းဖြစ်၏။

ကျောက်ဆောင်ကျောက်တုံးများကလည်း ထိုချိုင့်ဝှမ်းထဲတွင် ပြည့်နှက်နေ၏။

"ဗိုး...."

ရုတ်တရက် ထွက်ပေါ်လာသော ကျောက်ဆောင်နောက်ကွယ်မှ အသံက နားထဲတွင် စူးရှသွားပြီး ကြက်သီးမွေးညင်းများ ထသွားစေသည်။

ထိုအသံနှင့်အတူ အနီရောင်အရိပ်တစ်ရိပ်သည်လည်း အလန့်တကြား အော်ဟစ်ပြီး ကသောကမျော ပြေးထွက်လာတော့သည်။

လင်းထက်ဆွေသည် ထိုအနီရောင်လူရိပ်ကို မြင်သည်နှင့် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားရသည်။

ထိုအနီရောင်ကား အခြားမဟုတ်ပေ။ ကျူးအီတောင်သို့ သူကိုယ်တိုင်သွားရောက်ရှာဖွေရမည့် နတ်ကျာပွတ်မယ် ကွမ်းရဲစမ်းပင် ဖြစ်တော့သည်။

"ကွမ်းရဲစမ်း... ငါ... လာ"

ထိတ်လန့်အံ့ဩလွန်းသဖြင့် သူသည် ဆုံးအောင်မအော်ဟစ်လိုက်နိုင်တော့။

ကွမ်းရဲစမ်း၏နောက်မှ အနက်ရောင်ဝတ်စုံနှင့် လူတစ်ဦးက



ထက်ကြပ်မကွာ ပြေးလိုက်နေသည်ကို မြင်ရသောကြောင့်ပင်တည်း။

ထိုအချိန်ကလေးအတွင်းမှာပင် ဝတ်စုံနက်နှင့်လူက သူ၏ လက်ချောင်းများဖြင့် ကွမ်းရဲစမ်းအင်္ကျီလည်ပင်းကို လှမ်းဆွဲလိုက်သည်။

"အို...."

ကွမ်းရဲစမ်းက အထိတ်တလန့်ဖြစ်သွားပြီး အကြောက်အ ရွံ့ ရုန်းဖယ်လိုက်၏။

"ဖြဲ...."

သူမ၏အပြင်အင်္ကျီအနီမှာ နောက်ကျောမှနှစ်ခြမ်းအခွဲခံလိုက်ရပြီး သူမ၏ဆံပင်များမှလည်း ပြန့်ကျဲကာ ဖရိုဖရဲဖြစ်သွားရတော့သည်။

ထိုအချိန်တွင် လင်းထက်ဆွေမှာ အတန်ငယ်လှမ်းနေသဖြင့် ကွမ်းရဲစမ်းအတွက် ဝင်၍ မကာကွယ်နိုင်ခဲ့ပေ။

လင်းထက်ဆွေ၏မျက်လုံးများ ဝင်းဝင်းတောက်သွား၏။

"လူယုတ်မာကြီး ခင်ဗျားလက်ကို လွှတ်လိုက်စမ်း"

ဝတ်စုံနက်လူနှင့် ကွမ်းရဲစမ်းတို့သည် ထိုအခါကျမှ လင်းထက်ဆွေကို တွေ့ရှိသွားလေသတည်း။

## အခန်း(၇၆)
## ပန်းစားဘီလူးလေပွေပါဟုန်

ဝတ်စုံနက် ရုတ်တရက် ကြောင်သွားခိုက် ကွမ်းရဲစမ်းလည်း အခွင့်ကောင်းယူကာ လှစ်ခနဲ ပြေးထွက်သွားလေတော့၏။

ဝတ်စုံနက်နှင့်လူသည် စားရမည့်ထမင်းလုတ် ပုတ်အချခံရသူကဲ့သို့ ဒေါသကြီးစွာ ထွက်လာတော့သည်။

"ကောင်စုတ်လေး... ငါလိုလူကို နှောင့်ယှက်ရဲတယ်ပေါ့"

ထိုသူမှာ စကားပြောနေသော်လည်း ကွမ်းရဲစမ်းနောက်သို့ ပြေးလိုက်ရန် ဟန်ပြင်နေသေးသည်။

လင်းထက်ဆွေသည် ကျောက်တုံးတစ်တုံးပေါ် ခုန်တက်ပြီး တားဆီးလိုက်၏။

"မုဒိမ်းကောင်ကြီး ခင်ဗျား ခုထက်ထိ မရပ်သေးဘူးလား"

"ဒီလောက်တောင် ဖြစ်လှတဲ့ကောင် လာခဲ့စမ်းကွာ"

လင်းထက်ဆွေသည် လင်သန်းဖုံး၏ကိစ္စ ဖြင့် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသူဖြစ်ရာ ကွမ်းရဲစမ်းအား မတော်မတ



ရားလုပ်ရန် ကြံနေသူကို မြင်ရသောအခါတွင်မူ လုံးဝမထိန်းသိမ်းနိုင်တော့ပေ။

ထို့ကြောင့် အတွင်းအားအပြည့် စုစည်းပြီးနောက် ဝတ်စုံနက်နှင့်လူရှိရာသို့ ခုန်ဝင်သွားလေ၏။

လက်ဝါးချင်းရိုက်မိပြီးနောက် ဝတ်စုံနက်နှင့် လူသည်လည်းကောင်း၊ လင်းထက်ဆွေသည်လည်းကောင်း နောက်သို့လေးပေခန့်စီ ပြန်ဆုတ်သွားကြရသည်။

ဝုန်းခနဲ လေတိုးသံကြီးပင် မြည်ဟည်းသွားသည်။

ဝတ်စုံနက်မှာ လူငယ်ကလေး၏ အတွင်းအားပညာ ဤမျှအထိ ကောင်းနေလိမ့်မည်ဟု မထင်မိပေ။

တကယ်ထိပ်တိုက်တွေ့ဆုံပြီးသောအခါတွင်မူ ထိတ်လန့်သွားမိ၏။

"ကောင်စုတ်လေး... မင်းကလဲ အလာကြီးပါလားကွ၊ ဒီလောက်ရှိနေလိမ့်မယ်လို့တောင် ငါ မထင်မိဘူး"

ထို့နောက် သူလက်ဝါးကိုလည်းဆန့်ထုတ်ကာ လင်းထက်ဆွေအား ပြန်လှန်တိုက်ခိုက်တော့၏။

လင်းထက်ဆွေသည် သူ၏လက်အစုံကို ဆွဲထုတ်ကာ အပြင်းအထန် တိုက်ခိုက်တော့သည်။

ဝတ်စုံနက်မှာ လွန်စွာ အရုပ်ဆိုး အကျည်းတန်လှ၏။ အသားအရေများကလည်း မီးကျွမ်းပြီးသား မီးသွေးကဲ့သို့မည်းနေ၏။ သည်ကြားထဲ ပိန်လည်း ပိန်လှ၏။

ဆေးနက်သုတ်ထားသော အရိုးစုတစ်ခုအလား ထင်မှတ်

ရသည်။

သူ့လက်ချောင်းကလေးများမှာလည်း မည်းနက်ပိန်လှီနေပြီး သစ်သားချောင်းကလေးများသဖွယ် ရှိ၏။

သို့သော် ထိုလက်ချောင်းများကို ရိုက်ထုတ်လိုက်တိုင်း လက်ဖျားထိပ်ကလေးများမှ အေးစိမ့်သောအားများ ထွက်ပေါ်လာသဖြင့် အအေးဓာတ်အဆိပ်သိုင်းပညာ တတ်မြောက်နေလသလားဟု လင်းထက်ဆွေ တွေးတောမှန်းဆနေရတော့သည်။

လင်းထက်ဆွေသည် ထိုသူကို လျှံသန်းဖုံးပြောပြသည့် နှစ်ပေါင်း နှစ်ဆယ်ကျော်က လူယုတ်မာ လေပွေပါဟုန် ဟုတ်မဟုတ် သိလိုလှပေသည်။

ထို့ကြောင့် ထိုသူ၏နားနှစ်ဖက်ကို ဂရုတစိုက် ကြည့်မိ၏။

သို့သော် သူ့ဆံပင်များက လည်ပင်းသို့တိုင်အောင် ရှည်လျားကာ ဖားလျားချထားသဖြင့် နားနှစ်ဖက်ကိုမမြင်နိုင်ပဲ ရှိနေသည်။

ထိုအချိန်တွင် မြောက်ပိုင်းစင်ရော် လျှံသန်းဖုံးလည်း ရောက်ရှိလာသည်။

သူတို့နှင့် ပေငါးဆယ်အကွာမှ လင်းထက်ဆွေ တိုက်ခိုက်နေပုံကို တိတ်တဆိတ် ကြည့်နေသည်။

လင်းထက်ဆွေသည် လျှံသန်းဖုံးကိုမြင်လျှင် အော်ဟစ်အကူအညီတောင်းလိုက်၏။



"ဦး... ဝတ်ရုံနီနဲ့မိန်းကလေးဟာ ကျုံလုံပေါင်းဂိုဏ်းချုပ်ကြီးရဲ့သမီး ဖြစ်ပါတယ်၊ သူ့ကို အလျင်ဆုံး အကာအကွယ်ပေးပါ"

ဝတ်စုံနက်မှာ ထိုစကားကိုကြားရလျှင် သူရူးတစ်ယောက်ကဲ့သို့ မထိန်းနိုင်မသိမ်းနိုင်အောင် ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား၊ လက်စသတ်တော့ ရဲ့ဖုံးလိမ်ရဲ့သမီးဖြစ်နေတာကိုး၊ စားရက်ကြံလို့ မုတ်ဆိတ်ပျားစွဲတာပဲ ဟေ့၊ ဟီဟိ... အမေနဲ့ မကြုံခဲ့ရပေမယ့် ကံကောင်းချင်တော့ ငယ်ငယ်ရွယ်ရွယ် သမီးနဲ့ဆုံရတော့မယ်၊ ငါ့ကုသိုလ်များ တယ်တယ်ထူးဆန်းပါလားကွာ၊ ဟား... ဟား... ဟား"

ဝတ်စုံနက်သည် လင်းထက်ဆွေအား ပြင်းထန်စွာ ရိုက်ထုတ်လိုက်၏။

လင်းထက်ဆွေ နောက်ဆုတ်သွားသည်နှင့် ကွမ်းရဲစမ်း ထွက်ပြေးသွားသည့်ဘက်သို့ လိုက်တော့သည်။

အဘယ်ကြောင့် ဤသို့လိုက်ပါသနည်း။

ကွမ်းရဲစမ်းသည် အပေါ်အင်္ကျီစုတ်ပြဲနေသဖြင့် အဝေးသို့ ပြေးထွက်မသွားရဲချေ။

အနီးအနားဌ်ရှိနေသည့် ကျောက်တုံးအကွယ်၌ ဝင်ပုန်းနေခြင်းဖြစ်သည်။ ထိုအချက်ကို ဝတ်ရုံနက်ကော လင်းထက်ဆွေပါ သိရှိကြ၏။

ကျောက်ဆောင်တစ်ဆောင်ပေါ်တွင် ရပ်နေသည့် အဘိုးအို လျှံသန်းဖုံးသည် ကျောက်ဆောင်ပေါ်မှ လှုားခနဲ ခုန်ထွက်ကာ ဝတ်စုံနက်အား တားဆီးလိုက်သည်။

"မင်းက ဒီလိုလုပ်ရဲသလား ပါဟုန်"

ဒေါသတကြီး အော်ဟစ်ကာ လက်ဝါးအစုံကို ရိုက်ထုတ်လိုက်၏။

ဝတ်စုံနက်သည် သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်စေခဲ့သော လေမွေပါဟုန်ဖြစ်နေသည်မှာ သေချာနေချေပြီ။

လေမွေပါဟုန်မှာ ရုတ်တရက် သူ့နာမည်ကို အခေါ်ခံလိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားသည်။

"ဘယ်က သေခါနီး အဘိုးကြီးလဲ... ကျုပ်နာမည်ကို ခေါ်နေတာ"

သူတို့နှစ်ဦးသည် လေထဲတွင်ပင် တစ်ဦးကိုတစ်ဦး ရိုက်မိကြ၏။

"ဝုန်း..."

အတွင်းအားကောင်းသူ အချင်းချင်း ထိပ်တိုက်ရင်ဆိုင်တွေ့ရသဖြင့် ပြင်းပြင်းထန်ထန်ပင် မြည်ဟည်းသွား၏။

လေမွေပါဟုန်သည် နောက်သို့ယိမ်းယိုင်သွား၏။ လျှံသန်းဖုံးမှာ သူ့ထက် အခြေအနေပိုဆိုးသည်။

နောက်သို့ ခြေလှမ်းသုံးလေးလှမ်း ဆုတ်လိုက်ရပြီး မျက်နှာတပြင်လုံးလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ဝေါ့..."



လျှံသန်းဖုံး သွေးများ ထိုးအန်သောအခါ လင်းထက်ဆွေ ထိတ်လန့်သွား၏။

လျှံသန်းဖုံးသည် ထိုနေရာတွင်ပင် ထိုင်ကျသွားသည်။

အတွင်းအားအရဆိုလျှင် သူတို့နှစ်ယောက်မှာ မတိမ်းမယိမ်း အဆင့်တွင်သာ ရှိနေ၏။

သို့သော် လျှံသန်းဖုံးမှာ အမြင့်မှခုန်ချပြီး ခြေထောက်နှစ်ချောင်းကို မြေပြင်နှင့်မြဲမြဲမရပ်ရဘဲ ရိုက်လိုက်ရခြင်းဖြစ်၍ လေမွေပါဟုန်ကဲ့သို့အတွင်းအားကို ထိထိမိမိ မသုံးခဲ့ရချေ။

ထို့ကြောင့် ယခုကဲ့သို့ အတွင်းဒဏ်ရာရရှိသွားခြင်းဖြစ်၏။

လင်းထက်ဆွေသည် လျှံသန်းဖုံး၏အဖြစ်ဆိုးကို မြင်လိုက်ရသောအခါ ဒေါသများ ဒီရေအလား တက်လာလေတော့၏။

"ဒုစရိုက်ကောင်ကြီး... ခင်ဗျား သေကိုသေရမယ်"

လင်းထက်ဆွေသည် ပါဟုန်ထံသို့ခုန်ဝင်လာလေ၏။

ပါဟုန်မှာ အတွင်းဒဏ်ရာ ရရှိမသွားခဲ့သော်လည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရသဖြင့် အတွင်းအား အတော်ကလေး လျော့နည်းသွားခဲ့သည်။

ထို့ကြောင့် လင်းထက်ဆွေကိုရင်မဆိုင်ဘဲ ခုနစ်ပေခန့်အကွာသို့ ခုန်ရှောင်သွားသည်။

"ရပ်လိုက်စမ်း... ကောင်စုတ်လေး"

လင်းထက်ဆွေက သူ့လက်ဝါးနှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် အဆင်သင့် ကာရံထားလိုက်ပြီး...

"ခင်ဗျား... ဘာဖြစ်လို့ရှောင်သွားတာလဲ"

လေပွေပါဟုန်မှာ ယခုမှပင် လင်းထက်ဆွေကို ကွဲကွဲပြားပြား လေ့လာခွင့်ရသည်။

နငယ်သော လူငယ်ကလေးတစ်ယောက် ဖြစ်နေကြောင်းကို တွေ့သောအခါ ခွက်ထိုးခွက်လှန် ရယ်မောတော့သည်။

"အချိန်ကုန်လိုက်တာကွာ... ဘယ်သူများလဲလို့၊ လက်စသတ်တော့ နို့နံ့တောင် မစင်သေးတဲ့သူငယ်နပ်စားလေးပဲ၊ ငါ သိုင်းလောကမှာ နာမည်ကြီးနေတုန်းက မင်းအမေရဲ့ဗိုက်ထဲကထွက်သေးရဲ့လား ကောင်စုတ်လေးရဲ့"

လင်းထက်ဆွေ၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။ သို့သော် သတိကိုတော့ လက်မလွှတ်ပေ။

"ခင်ဗျားပြောချင်တာ ဒါပဲလား"

"ကောင်စုတ်လေး... မင်း ဘယ်ဂိုဏ်းကလဲ၊ မင်းဆရာရဲ့နာမည် ငါ့ကိုပြောစမ်း၊ မင်းဆရာက သိုင်းလောကမှာ အရေးအကြီးဆုံးစကားတစ်ခွန်းမမှာခဲ့ဘူးလား"

"ဘာစကားလဲ... ခင်ဗျား အပိုတွေလျှောက်ပြောမနေနဲ့တော့၊ သေဖို့သာ ပြင်ထားလိုက်"

လင်းထက်ဆွေက လက်ဝါးရိုက်ချက်များ၊ အဆက်မပြတ် ရိုက်ထုတ်တော့သည်။

သူ၏အတွင်းအားများကို ငါးပုံပုံ လေးပုံခန့် ထုတ်၍သုံးသည်။

ပါဟုန်မှာ လင်းထက်ဆွေ၏ အရွယ်နှင့်မလိုက်သော အတွင်းအား ပြည့်နေမှုကို လွန်စွာ အံ့သြနေ၏။ ဆက်တိုက် ဆက်တိုက် ခုန်ရှောင်ရတော့သည်။

ဤလူငယ်ကလေး၏မျိုးရိုးနှင့် သင်ဆရာ မြင်ဆရာကို သိလိုလာတော့သည်။

"ကောင်စုတ်လေး... မင်းမိသားစုနာမည်ကို ပြောစမ်း"

"ဟား... ဟား... ဟား... မျိုးရိုးနာမည်ကို သိချင်လို့လား၊ ကျုပ်က 'လင်း' မျိုးရိုးပဲ"

"လင်း... ဟုတ်လား"

ပါဟုန်မှာ ဆတ်ခနဲ တုန်သွား၏။ လင်းထက်ဆွေကို မီးတောက်လုမတတ်မျက်လုံးများဖြင့် ပြူးကြည့်လိုက်သည်။

"လင်းအင်ချမ်းဟာ မင်းနဲ့ဘာတော်သလဲ"

"ဟုတ်တယ်... ကျုပ်က သူ့ရဲ့ကောင်းကြီးလင်းအင်ချမ်းရဲ့ မျိုးဆက်ပဲ"

"ဟင်...."

ပါဟုန်မှာ ဘာလုပ်ရမှန်းမသိအောင်ပင် မျက်နှာပျက်သွားသည်။ နောက်သို့ ခြေသုံးလေးလှမ်း ဆုတ်သွားသည်။

ထို့နောက် ရုတ်တရက်ပင် ဖားလျားချထားသော သူ့ဆံပင်များကို နားသယ်စပ်မှစုစည်းလိုက်၏။

"ဟေ့... ဒီမှာကြည့်စမ်း၊ မင်းအဖေက ငါ့ရဲ့နားနစ်ဖက်ကို ဖြတ်ယူသွားခဲ့တယ်၊ သူ့အသက်ကိုတော့ တခြားလူတစ်ယောက်က

ယူသွားခဲ့တယ်၊ ဒီတော့ ငါ့ရဲ့နားနှစ်ဖက်အကြေးကို မင်းဆီကပဲ တောင်းရလိမ့်မယ်"

ထိုသို့ပြောပြီးသည်နှင့် တစ်ပြိုင်နက် သူ့ညာလက်က ခါးမှ တစ်စုံတစ်ခုကို ဖြုတ်ယူလိုက်သည်။

ဓားမြှောင်တစ်ချောင်း လက်ထဲ၌ပါလာသည်။ သုံးပေခန့်ရှည်သည်။ သံမဏိမြှောဖြင့် ပြုလုပ်ထားသောကြောင့် ခါးတွင် ပတ်ထားနိုင်ခြင်းဖြစ်ပေသည်။

"ရွမ်း... ရွမ်း"

ပါဟုန်က သူ့ဓားကို လေထဲတွင် ဝှေ့ယမ်းလိုက်သည်။ ဤဓားမှာ သူ့လက်စွဲဓားဖြစ်၍ တော်ရုံတန်ရုံကိစ္စတွင် ထုတ်သုံးလေ့မရှိပေ။

ထို့ကြောင့် သိုင်းလောကသားအများစုမှာ သူ့ဓားအကြောင်းကို သိရှိနားလည်နိုင်ခွင့်မရှိကြချေ။

ထိုဓားကိုအသုံးပြုလျှင် မမျှော်လင့်သောဓားကွက်ဆန်းများ ဖြစ်ပေါ်တိုက်ခိုက်နိုင်ပေသည်။

လင်းထက်ဆွေသည် အတွေ့အကြုံနည်းပါးသဖြင့် ဓားမြှောကိုကြောက်ရမှန်း မသိချေ။

သူ့ခါးကြားထဲမှ မိုးကြိုးသွားဓားကို ရွမ်းခနဲ ဆွဲထုတ်လိုက်သည်။ စူးရှသောအလင်းရောင်များက တဖိတ်ဖိတ် တလက်လက် ဖြာထွက်နေသည်။

ပါဟုန်မှာ ထိုဓားကိုမြင်လိုက်သည်နှင့် အမူအရာ ပျက်သွား၏။



"ကောင်စုတ်လေး... ဒီသက်တန့်ပုံဓားဟာ ငါ့ကိုအနှစ် နှစ်ဆယ်လုံးလုံး အိပ်မက်ထဲထိအောင်တောင် လိုက်နှောင့်ယှက်နေခဲ့တယ်၊ မင်းကို ငါ မစဉ်းစားတတ်အောင်ဖြစ်သွားပြီ၊ ဒီကနေ ကောင်းကောင်းမွန်မွန် ထွက်သွားလို့ရလျက်သားနဲ့ မင်းက မသွားဘူး၊ ငရဲတံခါးကိုမှ အတင်းတွန်းဖွင့်ချင်နေတာ၊ မင်းကြမ္မာ မင်း ဖန်တီးတာပဲပေါ့ကွာ"

ပြောပြောဆိုဆိုပင် သူ့လက်ထဲမှဓားဖြင့် ဝှေ့ယမ်းလိုက်သည်။

တဖိုးဖိုးအသံများက ပုရစ်အော်သံကဲ့သို့ ထွက်ပေါ်လာပြီး လင်းထက်ဆွေ၏ရင်ညွန့်ရှေ့တည့်တည့်သို့ တိုးဝင်လာသည်။

လင်းထက်ဆွေကလည်း သူ့ရင်ဝဆီသို့ တိုးဝင်လာသောဓားကို ရှောင်တိမ်းခြင်းမပြုခဲ့။

"ထန်း...."

လင်းထက်ဆွေမှာ ပါဟုန်၏ဓားကို ကျိုးစေလိုသဖြင့် အတွင်းအား ထည့်ခုတ်ချလိုက်ခြင်းဖြစ်၏။

သို့သော် သူထင်သလိုဖြစ်မလာဘဲ သူ့ဓားကို တိုးဝင်သွားသည်နှင့် လေပွေပါဟုန်က သူ၏လက်ကောက်ဝတ်ကို ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။

သံ,သံချင်း ထိခိုက်သည့်အသံများ ထွက်ပေါ်လာပြီး ဓား

ပျော့က လင်းထက်ဆွေ၏မိုးကြိုးသွားဓားကို ရစ်ပတ်သွားသည်။

လင်းထက်ဆွေမှာ ရုတ်တရက် လန့်ဖျပ်သွား၏။ ထို့ကြောင့် ဓားကိုကမန်းကတန်း ပြန်လည်ဆွဲထုတ်လိုက်သည်။

ပါဟုန်ကလည်း တဟားဟား ရယ်မောကာ သူ့ဓားကိုအားသုံးကာ ဆွဲထားလိုက်သည်။

"ရွမ်...."

တစ်ဘက်နှင့်တစ်ဘက် အပြိုင်ဆွဲနေရာမှ တဒင်္ဂအတွင်းမှာပင် ဓားနှစ်ချောင်းပြုတ်ထွက်သွား၏။ နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်လိုက်ကြရသည်။

ပါဟုန်အနေဖြင့် လင်းထက်ဆွေ ဤမျှအတွင်းအားကောင်းနေသည်ကို တအံ့တသြ ဖြစ်နေမိသည်။

လင်းထက်ဆွေမှာမူ သူ၏မိုးကြိုးသွားဓား ဘာမျှမဖြစ်သောကြောင့် စိတ်ကျေနပ်သွား၏။

သူတို့နှစ်ယောက် ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်ကြပြန်သည်။

သည်တစ်ခါတွင်မူ နှစ်ယောက်စလုံးမှာ တစ်ယောက်အခြေအနေ တစ်ယောက်သိရှိသွားကြပြီဖြစ်၍ ပြင်းပြင်းထန်ထန် မတိုက်ခိုက်ကြတော့ချေ။

သတိဝီရိယထားကာ တစ်ယောက်ပျော့ကွက် ဟာကွက်ကို



တစ်ယောက်က ရှာဖွေတိုက်ခိုက်နေကြသည်။

"ရွမ်...."

"ဝှီ...."

လေထုကိုခုတ်ဖြတ်သွားသောဓားသံများက အသည်းယားစရာကောင်းအောင် ပွဲတင်ထပ်နေသည်။ မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် သိုင်းကွက် ပေါင်းငါးဆယ်ကျော် သွားခဲ့၏။

သို့တိုင် လက်ရည်တူယှဉ်ပြိုင်နေပြီး အရှုံးအနိုင် မပေါ်နိုင်သေးချေ။ သိုင်းလောက၌မြင်ရခဲသော အဆင့်မြင့်ပြင်းထန်လှသည့် ပွဲကြီးပွဲကောင်း တစ်ခုပင်တည်း။

တဖြည်းဖြည်းနှင့် တိုက်ကွက်ပေါင်းတစ်ရာနား နီးလာသည်။ လင်းထက်ဆွေမှာ စိတ်မရှည်နိုင်တော့ချေ။

ပါဟုန်ကို အပြတ်တိုက်ခိုက်ရန်မှာ တစ်လမ်းသာရှိတော့သည်။

ကျောက်စိမ်းဧကရာဇ်သိုင်းကွက်သုံးကွက်ကို သူတတ်ထားသည်။ သူသည် လျှပ်တစ်ပြက် ဝင်တိုက်သည်။

သူ့လက်တစ်ဖက်က နောက်ပြန်ကုတ်ချလိုက်ပြီး သူ့ခန္ဓာကိုယ်မှာ ပါဟုန်၏ကျောသို့ လျှပ်တစ်ပြက် ရောက်ရှိသွားခဲ့သည်။

"သေပေတော့ မိစ္ဆာကောင်ကြီး"

"ရွမ်...."

လင်းထက်ဆွေ၏လက်ထဲမှ ဓားရိပ်က ဖွေးခနဲ လက်သွားသည်။ ပါဟုန်မှာ ဓားရိပ်ကိုမြင်လိုက်သည်နှင့် ကြောက်လန့်တကြားခုန်ပျံကာ ကျွမ်းထိုးရှောင်တိမ်းလိုက်၏။

သို့သော် သူ့ဆံပင်များက မလွတ်ကင်းပဲ ဖွေးခနဲပြတ်ကျသွားတော့သည်။

ဆံပင်များက ကြားမှခားစာခံ ဝင်လုပ်လိုက်သဖြင့်သာ ပါဟုန်တစ်ယောက် ဤကဲ့သို့အသက်ချမ်းသာရာ ရသွားခြင်းဖြစ်သည်။ သို့မဟုတ်ပါက ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားနိုင်လေသည်။

ပါဟုန်မှာ ကိုယ့်အဖြစ်ကို ကိုယ်မယုံနိုင်အောင်ပင် အကြီးအကျယ် တုန်လှုပ်သွားရသည်။

ဓားခွေးများ တစ်ကိုယ်လုံး စီးကျလာ၏။ ဆယ်ပေခန့်အကွာသို့ ခုန်ရှောင်သွားသည်။ လင်းထက်ဆွေမှာ စိတ်မကျေနပ်နိုင်ပေ။

"ခင်ဗျားက ထွက်ပြေးမလို့ပေါ့ဟုတ်လား"

"ဟုတ်တယ်.. .မင်းနားမှာ ငါ မနေရဲတော့ဘူး"

ဤစကားမျိုးကို မည်သည့်သိုင်းလောကသားမျှ ပြောကြလိမ့်မည် မဟုတ်ချေ။

သို့သော် ပါဟုန်မှာ ပါဟုန်သာဖြစ်သည်။ သူသည် စကားဆုံးသည်နှင့် အကောင်းဆုံး စံနှုန်းဖြင့် ပြေးထွက်သွား၏။

သူပြေးထွက်သွားပုံမှာ လေကဲ့သို့လျင်မြန်လှသဖြင့် လင်းထက်ဆွေမှာ ငေးကြည့်ရုံသာ တတ်နိုင်တော့သည်။



အခန်း(၇၇)
ကတိနှင့်တာဝန်

လင်းထက်ဆွေ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းရောက်ကောင်းမွန်နေသော်လည်း လေပွေပါဟုန်ကိုတော့ မမီပေ။

ခဏကြာသောအခါ ပါဟုန်ကို အစက်အပြောက်ကလေး အဖြစ်သာ တွေ့ရှိရတော့သည်။

လင်းထက်ဆွေသည် လျှံသန်းဖုံးအား လှမ်းကြည့်လိုက်၏။

အဘိုးအိုသည် စောစောက နေရာ၌ပင် တင်ပျဉ်ခွေထိုင်လျက် အတွင်းအား လေ့ကျင့်နေသည်။

သူ့အတွင်းဒဏ်ရာကို အတွင်းအားဖြင့် ကုစားနေခြင်းသာ ဖြစ်ပေသည်။

လင်းထက်ဆွေမှာ သူ့ကို အနှောင့်အယှက်မပေးလိုသဖြင့် ကွမ်းရဲစမ်းရှိသည့် ကျောက်ဆောင်အနီးသို့ အသာအယာ ကပ်သွားပြီး အသံတိုးတိုးဖြင့် ခေါ်နေသည်။

အတန်ကြာအောင် ခေါ်သော်လည်း ကွမ်းရဲစမ်းမှာ တစ်

ချက်ကလေးမျှ မထူးပေ။

သူ့စိတ်ထဲတွင် အကြီးအကျယ် စိုးရိမ်သွားသည်။ ထို့ကြောင့် အသံမြင့်ကာ အော်ခေါ်လိုက်မိ၏။

"ကွမ်းရဲစမ်း... ကွမ်းရဲစမ်း"

"သူက မင်းကို ဘယ်လိုလုပ်ပြီး ပြန်ထူးနိုင်မှာလဲကွာ၊ လေပွေပါဟုန်ရဲ့ မိစ္ဆာလက်ညှိုးနဲ့ အကြောပိတ်ခံထားရတာပဲ"

လျံသန်းဖုံးသည် အရူးအမူး အော်ဟစ်နေသည့် လင်းထက်ဆွေသိရှိစေရန် အရေးကြီးလှသော အတွင်းအားကျင့်စဉ်ကို ရပ်ဆိုင်းလျက် အသိပေးသည်။

တစ်နာရီအတွင်း ပျောက်ကင်းနိုင်သော အတွင်းဒဏ်ရာကို သုံးနာရီကြာမျှ ကုစားရပေတော့မည်။

လျံသန်းဖုံး၏စကားကိုကြားသောအခါ လင်းထက်ဆွေ အံ့သြသွား၏။

လေပွေပါဟုန်သည် ကွမ်းရဲစမ်း၏အင်္ကျီကို ဆွဲဖြဲလိုက်သည်ကို သူ မြင်လိုက်သည်။

သွေးကြောပိတ်လိုက်သည်ကို မမြင်လိုက်ပေ။ စင်စစ် ကွမ်းရဲစမ်း၏ကျောပြင်သို့ ပါဟုန်၏လက်ညှိုးထောက်မိသွားခြင်းကို သူ မသိလိုက်ခြင်းသာဖြစ်သည်။

ကွမ်းရဲစမ်းသည် ကျောက်ဆောင်အကွယ်ရောက်သည်အထိ လဲမကျသေးပေ။

ပါဟုန်နှင့် လင်းထက်ဆွေတို့ အပြင်းအထန် တိုက်ခိုက်နေချိန်တွင် ပါဟုန်၏ မိစ္ဆာလက်ညှိုးအကြောပိတ်ပညာ သို့မဟုတ် ခြေ



လှမ်းသုံးဆယ် အကြောပိတ်ပညာက အစွမ်းပြလာသည်။

နောက်ဆုံး ထိုကျောက်ဆောင်အကွယ်၌ လဲကျသွားခဲ့ရသည်။

လင်းထက်ဆွေသည် ကွမ်းရဲစမ်း၏ ဆိုးရွားသော အခြေအနေကိုမြင်သောအခါ လွန်စွာ စိတ်ပူသွား၏။

လျံသန်းဖုံးတစ်ယောက် အရေးတကြီး အခြေအနေရောက်သည်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ကွမ်းရဲစမ်းအတွက် အရေးတကြီး မေးမြန်းနေလေတော့၏။

"ဦး... ဒါဖြင့်ရင် သူ့ကို ဘယ်လိုကယ်တင်ရမလဲခင်ဗျာ၊ ဦးသိရင် ကျွန်တော့်ကို ပြောစမ်းပါ"

"အင်း....."

လျံသန်းဖုံး မျက်လုံးကလေးဖွင့်ကာ ညည်းညူလိုက်လေသည်။ သူ့လေသံက အားရစရာတော့မရှိ။

"ငါဒဏ်ရာရသွားတာ အခြေအနေဆိုးတာပဲ၊ ငါသာဒဏ်ရာမရရင် သူ့အသက်ကိုကယ်တင်နိုင်တယ်၊ ဒါပေမယ့် ငါ့မှာကလဲ မြင်တဲ့အတိုင်း ဝေဒနာခံစားနေရတဲ့အပြင် ခွန်အားလဲ မရှိတော့ဘူး... ခက်ပါရဲ့ကွာ"

"မခက်ပါဘူး ဦးရယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာသာ ကျွန်တော့်ကိုပြောပြပါ၊ ကျွန်တော် ကုပါ့မယ်"

လျှံသန်းဖုံးသည် ရင်ထဲမှလိုက်တက်လာသောဝေဒနာကို မျက်နှာရှုံ့မဲ့ခံစားလိုက်ရင်း....

"ငါ ငယ်ငယ်တုန်းက ထူးဆန်းတဲ့လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ မမျှော်လင့်ဘဲ သူ့ဆီက ရှန်ကျိန့်ကျို အကြောပေါင်းသုံးဆယ့်ခြောက်ကွက်ပညာကို သင်ယူတတ်မြောက်ခဲ့တယ်၊ အဲဒီပညာနဲ့ သိပ်ပြီးပြင်းထန်တဲ့ အကြောပိတ်နည်းနဲ့ ပိတ်ထားတဲ့အကြောတွေကို တောင် ဖွင့်ပေးနိုင်တယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဦး"

"ဒါပေမယ့် ဒီပညာကိုအသုံးပြုတဲ့သူဟာ အတွင်းအားတွေ အများကြီး အသုံးချ အဆုံးရှုံးခံနိုင်ရတယ်၊ ငါ အရေးမကြီးတဲ့ ကိစ္စဆိုရင် ဒီပညာကို အသုံးမပြုခဲ့ဘူး"

"အခု ကွမ်းရဲစမ်းရဲ့အခြေအနေက သိပ်ဆိုးနေပါတယ်၊ ဦး အနေနဲ့ စေတနာရှေ့ထားပြီး ကူညီပါလို့ ကျွန်တော် တောင်းပန်ပါရစေ"

"အင်း... ငါနဲ့ ကြူလုံပေါင်းဂိုဏ်းချုပ်ကြီး ရင်းနှီးမှုမရှိပေမယ့် တွေ့ဖူးဆုံဖူးလို့ မိတ်ဆွေသင်္ဂဟတွေဖြစ်တယ်လို့တော့ ပြောရမှာပေါ့လေ"

"ဒါဆိုရင် ဦးက"

"အင်း... အဲဒါကြောင့် ခက်တယ် ပြောတာပေါ့ကွာ၊ အခုအချိန်မှာ ငါ့အတွင်းအားတွေပြန်ပြီး မပြည့်ဝနိုင်သေးတော့ မိစ္ဆာလက်ညှိုး အကြောပိတ်ပညာနဲ့ ပိတ်ထားတဲ့သွေးကြောကိုတောင် ဖွင့်ပေးနိုင်မှာ မဟုတ်တော့ပါဘူးကွာ"



လင်းထက်ဆွေမှာ စိတ်ဓာတ်ကျသွားရ၏။

လျှံသန်းဖုံး၏ မျက်နှာကို ကြည့်လိုက်၊ ကွမ်းရဲစမ်း၏ မျက်နှာကိုကြည့်လိုက် ပူပန်သောကရောက်နေရ၏။

"မိစ္ဆာလက်ညှိုးအကြောပိတ်ပညာနဲ့ အကြောပိတ်ခံထားရတဲ့သူဟာ အကြောပြန်မဖွင့်ပေးနိုင်ရင် ဆယ်နာရီအတွင်းသွေးခဲပြီး အရှင်လတ်လတ် တောင့်တင်းအေးစက်သေသွားနိုင်တယ်"

ထိုစကားကြားလိုက်ရသောအခါ လင်းထက်ဆွေ ပို၍ ပူပန်သွားရ၏။

မြေကြီးပေါ်တွင် လဲကျနေသော ကွမ်းရဲစမ်းအား ကြည့်လိုက်ရာ လူးလွန့်လူပ်ရှားနေသည်ကို တွေ့လိုက်ရ၏။

အသေအချာကြည့်ပါမှ လူးလွန့်လှုပ်ရှားခြင်းမဟုတ်ဘဲ အသားများ တဆတ်ဆတ် တုန်ယင်ကာ ခြေလက်များ အကြောဆွဲနေကြောင်း တွေ့လိုက်ရသည်။

သူမ၏ ချစ်စဖွယ်ကောင်းသော မျက်နှာကလေးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေရာမှ တဖြည်းဖြည်း ညိုမည်းလာသည်။

လျှံသန်းဖုံးမှာ လင်းထက်ဆွေ၏ သောကပရိဒေဝတောက်နေသည်ကို မကြည့်ရက်နိုင်တော့ဘဲ....

"ငါ ရှန်ကျိန့်ကျိုပညာသင်ခဲ့စဉ်တုန်းက ကတိတစ်ခု ကျိန်ဆိုခဲ့ရတယ်၊ အဲဒီကတိက ဒီမိန်းကလေးအတွက် အဟန့်အတား ဖြစ်နေတာပေါ့၊ ဒီလိုမှမဟုတ်ရင် ငါ ကယ်နိုင်တာပေါ့ကွာ"

လင်းထက်ဆွေ စိတ်ဝင်စားလာသည်။ မည်သို့သောကတိနည်း။

ထိုကတိကိုရွေ့ရှောင်၍ ကွမ်းရဲစမ်းကို ကယ်ခွင့်မရနိုင်ပါသလော။

"ဦးက ဘာတွေကျိန်ဆိုထားခဲ့ရလို့လဲ ခင်ဗျာ"

"ဒီပညာကိုသင်ယူတတ်မြောက်ပြီးတဲ့အခါ တခြားလူတွေကိုပြန်ပြီး သင်မပေးပါဘူးဆိုတဲ့ကတိကို သစ္စာကျိန်ဆိုခဲ့ရတယ်"

လင်းထက်ဆွေ မျက်မှောင်ကြုတ်သွားသည်။

တခြားလူဆိုသောစကား၏အဓိပ္ပာယ်ကို ချင့်ချိန်တွေးဆမိပြန်သည်။

ထို့ကြောင့် လျှံသန်းဖုံးကို သေချာအောင် မေးကြည့်၏။

"တခြားလူတွေကို သင်မပေးရဘူးဆိုတော့ ဘယ်လိုလူကိုပြန်ပြီး သင်ပေးရမှာလဲဦး"

"ဘယ်လိုလူလဲဆိုတော့ ဒီပညာသင်တဲ့လူဟာ သူတို့ဂိုဏ်းဝင်ဂိုဏ်းသား ဖြစ်ရမယ်တဲ့၊ ဒီလိုမှမဟုတ်ရင် ငါက သူတို့ပညတ်စည်းကမ်းတွေကိုချိုးဖောက်ရာ ကျသွားလိမ့်မယ်၊ ငါ ကိုယ်တိုင်လဲ ကိုယ့်လည်ပင်းက သွေးကြောကိုကိုယ်တိုင်ဖောက်ပြီး အသေခံရလိမ့်မယ်"

လင်းထက်ဆွေ စိတ်ပျက်လက်ပျက် ဖြစ်မိပြန်သည်။

ဦးခေါင်းကို ညင်ညင်သာသာ ခါယမ်းလိုက်ပြီး....

"ဒီအတိုင်းဆိုရင် ဦးရဲ့ပညာက ဘာမှအသုံးမဝင်သလို ဖြစ်နေပြီပေါ့ဗျာ"

"အေးပေါ့ကွာ... ခုတော့ ဒီအတိုင်းဖြစ်နေတာပေါ့"

လင်းထက်ဆွေမှာ စကားဆက်မပြောနိုင်အောင် ဖြစ်သွားသည်။



ကွမ်းရဲစမ်း၏မျက်နှာပြင်မှာ ညှိုးမည်းရာမှ တစတစ ပြာနှမ်းလာသည်။

တစ်ကိုယ်လုံးလည်း အကြောဆွဲသကဲ့သို့ တဆတ်ဆတ် အဆက်မပြတ် တုန်ခါလာပြီး မျက်ဖြူလန်လာသည်။

မျက်စိရှေ့တွင် ဆိုးဆိုးရွားရွား မြင်နေရသဖြင့် သူ့နှလုံးသားကို ဓားနှင့်အဆွခံရသည့်အလား ခံစားနေရသည်။

ကြူလုံပေါင်းဂိုဏ်းချုပ်ကြီးအား ပေးခဲ့သောကတိကို ပြန်လည်သတိရလာသည်။

ကွမ်းရဲစမ်း၏အသက်သည် သူ့အတွက် အရေးပါ အရာရောက်ဆုံးဖြစ်နေ၏။

နောက်ဆုံးတွင် မည်သည့် ဂိုဏ်းအဖွဲ့အစည်းတွင်မျှ ဝင်ရောက်လိုခြင်းမရှိသော သူ့စိတ်ဓာတ်ကိုပယ်လျှော့ကာ စိတ်နှလုံးတုံးတုံးချလိုက်မိတော့သည်။

"ဦး... ကျွန်တော် ဦးရဲ့ကတိသစ္စာစကားကို မဖျက်ဆီးပါဘူးခင်ဗျာ၊ ရှန်ကျိုနှံ့ကျိုပညာ ကျွန်တော့်ကိုသင်ပေးပါလို့ တောင်းပန်ပါရစေ"

လျှံသန်းဖုံး မျက်လုံးများ အရောင်တောက်သွားသည်။

လင်းထက်ဆွေကိုလည်း မယုံကြည်နိုင်သလို ကြည့်လိုက်ပြီး....

"မင်းက ဒီပညာကိုသင်မလို့ ဟုတ်လား"

"ဟုတ်ကဲ့... သင်ယူချင်ပါတယ်၊ ဘာဖြစ်လို့လဲ၊ ကျွန်တော့်အတွင်းအားပညာက မပြည့်ဝသေးလို့ သင်လို့မရဘူးလား"

"မင်းအတွင်းအားက ငါ့ထက်တောင် ကောင်းနေသေးတာပဲကွာ၊ နာရီဝက်အတွင်း မင်း တတ်မြောက်သွားနိုင်ပါတယ်"

"ဒါဆိုရင်လဲ ကျွန်တော့်ကိုသင်ပေးပါဗျာ"

"သင်တာကတော့ ဟုတ်ပါပြီ၊ မင်းရဲ့ လက်ဦးဆရာက မင်းကိုဖောက်ပြန်တဲ့တပည့်တစ်ယောက်လို့ ပြောဆိုသတ်မှတ်မှာကို မင်းမစိုးရိမ်ဘူးလား၊ သူ့ဂိုဏ်းကနေ တခြားဂိုဏ်းကိုကူးပြောင်းသွားလို့ သစ္စာဖောက်အဖြစ် ရှုတ်ချမှာကို မင်း မကြောက်ဘူးလား"

"ဒီအတွက်တော့ စိတ်ချပါခင်ဗျာ၊ ကျွန်တော့်လက်ဦးဆရာက ကျွန်တော့်အဖေရဲ့သွေးသောက်အစ်ကို ဖြစ်ပါတယ်၊ သိုင်းလောကသားတွေက သူ့ကိုမိုးကြိုးသွားဓား စီမာကမ်းစင်းလို့ ခေါ်ဝေါ်ကြတယ်၊ သူကလဲ ကျွန်တော့်ကို သားအရင်းတစ်ယောက်လိုပဲ သဘောထားပါတယ်၊ သူ့မှာ ဘာဂိုဏ်း ဘာအဖွဲ့ အစည်းမှမရှိဘူး၊ ဂိုဏ်းအဖွဲ့အစည်းလို စည်းကမ်းချက်တွေ ပညတ်ချက်တွေလဲ မထားဘူး"

"ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ မင်း သင်လို့ရတယ်၊ ငါ့အနား လာထိုင်"

လင်းထက်ဆွေက သိုင်းလောကထုံးစံအတိုင်း ဆရာဖြစ်သူထံမှ ပညာတောင်းခံသည်။ လျှံသန်းဖုံးက လက်မခံ။

ထုံးတမ်းစဉ်လာတွေ လုပ်နေစရာမလိုဟုဆိုကာ အနီးသို့ တိုးကပ်လာသော လင်းထက်ဆွေအား အကြောသုံးဆယ့်ခြောက်နေရာကို တီးတိုးရေရွတ်ပြောပြလိုက်သည်။

ထိုနေရာများကို ဖိနှိပ်ရမည့်အင်အား အလေးအပေါ့ကိုပါ သင်ကြားပေးလေသည်။



လင်းထက်ဆွေသည် ဉာဏ်ကောင်းသူဖြစ်၍ မကြာမြင့်မီ အားလုံးကို မှတ်မိသွားလေ၏။

"ကျွန်တော်ရပြီ ဦး"

သူ ဝမ်းသာအားရဖြစ်ကာ ထိုင်နေရာမှခုန်ထလိုက်သည်။

ထို့နောက် သူ့လက်နှစ်ဖက်ကိုဟန်ပြင်လိုက်ပြီး....

"ကျွန်တော် လေ့ကျင့်ပြပါရစေ၊ ဘယ်နေရာမှာ မှားယွင်းနေတယ်ဆိုတာ ထောက်ပြပေးပါ"

လင်းထက်ဆွေသည် အနီးရှိ ကျောက်တုံးကြီးတစ်တုံး၏ မျက်နှာပြင်တွင် လူရုပ်တစ်ရုပ် ရေးဆွဲလိုက်၏။

သူ့ဓားဖြင့် ကျောက်မျက်နှာပြင်ကို ရေးဆွဲလိုက်ခြင်း ဖြစ်သည်။

ထို့နောက် သူ အလွတ်ကျက်မှတ်ထားသည့် အကြောတည်နေရာများကို နှုတ်မှလည်း တတွတ်တွတ်ရွတ်၊ လက်မှလည်း တထောက်ထောက်ထိုး၍ လေ့ကျင့်လေတော့၏။

သူ့လှုပ်ရှားမှုသည် ဖယ်ဆက်သကဲ့သို့ အဆက်မပြတ် လှုပ်ရှားနေသဖြင့် ကြည့်မြင်ရသူအဖို့ စိတ်ဝင်စားဖွယ်ဖြစ်နေပေသည်။

လင်းထက်ဆွေ ထောက်ပြလိုက်သောနေရာများမှာ တစ်ချက်ကလေး လွဲမှားတိမ်းချော်ခြင်းမရှိဘဲ သူ့နေရာနှင့်သူ အကြောသုံးဆယ့်ခြောက်ကွက်မှာ တိတိကျကျ ဖြစ်နေ၏။

ကျောက်တုံးတွင်လည်း လက်ချောင်းအရာ သုံးဆယ့်ခြောက်နေရာ ထင်ကျန်ရစ်ခဲ့တော့သည်။

"တော်တယ် ငါ့တူ၊ မင်း သိပ်တော်တယ်၊ အဖထက် သား

တစ်လကြီးတယ်ဆိုတဲ့စကား သိပ်မှန်သွားပြီ၊ မင်း ငါ့ထက်ကိုပိုပြီး တော်တယ်"

"ဒီလောက်ဆိုရင် ကွမ်းရဲစမ်းကို ကယ်တင်လို့ရနိုင်ပြီလား ဦး"

"အေး... အစုလုပ်ခဲ့တဲ့အတိုင်းသာ သူ့သွေးကြောတွေကို ထိပုတ်ပေးလိုက်ရင် သူ အကောင်းပကတိ ပြန်ဖြစ်ပါပြီ"

လင်းထက်ဆွေသည် တွံ့နေးခြင်းမရှိဘဲ လက်နှစ်ဖက်မှ လက်ချောင်းနှစ်ချောင်းစီတွင် အတွင်းအားစုပြီး စောစောက လေ့ကျင့်ခဲ့သည့်အတိုင်း ကွမ်းရဲစမ်းကိုယ်ပေါ်ရှိ သွေးကြောသုံးဆယ့်ခြောက်နေရာကို စတင် ထိုးနှက်လိုက်တော့သည်။

❀

လင်းထက်ဆွေ လှုပ်ရှားပြီးသည်နှင့် ကွမ်းရဲစမ်း၏ တဆတ်ဆတ် တုန်ယင်နေသော ကိုယ်လုံးကလေးမှာ ငြိမ်ကျသွားပြီ သွေးရောင်များလည်း ပြန်လည်လွှမ်းလာ၏။

တဖြည်းဖြည်း အသက်ရှူမှန်လာပြီးလျှင် မျက်လုံးကလေး ကလယ်ကလယ်ဖြစ်ကာ ရုတ်တရက် ထထိုင်လိုက်သည်။

လင်းထက်ဆွေ ဝမ်းသာသွားသည်။

"ကွမ်းရဲစမ်း... နင် သတိရလာပြီ၊ နင်...."

"အို... ရှင်... ရှင် ကျွန်မအနားမလာနဲ့... မလာခဲ့နဲ့"

ကွမ်းရဲစမ်းက သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ယှက်ထားပြီး



အကြောက်အကန် မောင်းထုတ်လိုက်သည်။

မောင်းထုတ်မည်ပေါ့။ သူမ၏အထက်ပိုင်း၌ အဝတ်အစားများ ဖရိုဖရဲဖြစ်နေသည် မဟုတ်ပါလော။

သူမ၏ဖြူရော်သောမျက်နှာလေးမှာ ရဲရဲတွက်လာသည်၊

လင်းထက်ဆွေလည်း ထိုအခါကျမှ အခြေအနေမှန်ကို သတိပြုမိတော့၏။

လျှံသန်းဖုံးမှာ လင်းထက်ဆွေက ကွမ်းရဲစမ်း၏အကြောကို ဖွင့်ပေးနေစဉ် ဒဏ်ရာမှာသက်သာလာပြီး လူကောင်းပကတိ ပြန်ဖြစ်လာသည်။

လင်းထက်ဆွေတို့ အဖြစ်အပျက်ကိုမြင်ရလျှင် တဟားဟားရယ်မောလိုက်ပြီး ကျောက်တုံးတစ်တုံးပေါ်သို့ ခုန်တက်လိုက်သည်။

"ငါ သွားမယ်ဟေ့၊ ဒီနေရာမှာ နောက်ထပ်ဆက်နေဖို့ မကောင်းတော့ဘူးကွ၊ ဟား... ဟား... ဟား"

ပြောပြီးသည်နှင့် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ လင်းထက်ဆွေ အလျှင်အမြန် တားဆီးလိုက်၏။

"နေပါဦး... ဦးက ဘယ်သွားမလို့လဲ"

"ဒီမှာနေဖို့ ဘာအကြောင်းကိစ္စမှမရှိဘဲ... ငါသွားတော့မှာပေါ့၊ ဘယ်ကိုသွားရမယ်ဆိုတာတော့ ငါကိုယ်တိုင် မသိသေးဘူး"

"ဒါဖြင့် နေပါဦး၊ ကျွန်တော် ဦးကို အရေးတကြီး မေးစရာကိစ္စ ရှိနေသေးလို့ပါ"

"ဘာမေးမှာလဲ"

"ရှန်ကျိုန့်ကျိပညာရဲ့ ပထမဆရာ ဘယ်သူလဲခင်ဗျာ"

"ဟုတ်သားပဲ"

လျှံသန်းဖုံးသည် သူ၏မေ့လျော့မှုအတွက် သူ့ကိုယ်သူ ပြန်လည်အပြစ်တင်မိလေ၏။

"သူ့ကို မင်း သေသေချာချာ မှတ်ထား၊ သူက တောင်ပင်လယ်က လက်ချောင်းငါးသွယ်ကျွန်းမှာနေပြီး သူ့ကိုယ်သူ 'သေမင်းမျက်နှာဖုံး'လို့ခေါ်တယ်၊ လက်ချောင်းငါးသွယ်ဂိုဏ်းကိုလဲ တည်ထောင်ခဲ့တယ်၊ ဒီတော့ အခုအချိန်ကစပြီး မင်းဟာ လက်ချောင်းငါးသွယ်ဂိုဏ်းဝင်တစ်ယောက် ဖြစ်သွားပြီလို့ မှတ်ထားလိုက်တော့"

"သေမင်းမျက်နှာဖုံး... ဟုတ်လား ဦး"

"အေး... မင်း သေသေချာချာသာ မှတ်ထားပေတော့၊ ကဲ... ငါသွားပြီ"

လျှံသန်းဖုံးမှာ စကားဆုံးသည်နှင့် ကိုယ်ဖော့ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။



## အခန်း(၇၈)
## ပြဿနာအတွေတွေ

လျှံသန်းဖုံးနှင့်စကားပြောပြီး လင်းထက်ဆွေ ပြန်လှည့်လာသောအခါ ကွမ်းရဲစမ်းသည် ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လည်ပြုပြင်ပြီးလေပြီ။

"ရှင်... ရှင်၊ ကျွန်မကို ကယ်လိုက်တာပေါ့ ဟုတ်လား"

"ဒါပေါ့... မင်းကိုမကယ်လို့ မဖြစ်ဘူးလေ"

ကွမ်းရဲစမ်းသည် အရက်တကွဲအကျိုးနည်း ဖြစ်မည့်ဘေးမှ ကယ်တင်ခဲ့သည့် လင်းထက်ဆွေကို အမှန်တကယ် ကျေးဇူးတင်မိသည်။

သို့သော် သူမ၏ခန္ဓာကိုယ်ရှိ အရေးကြီးသော သွေးကြောနေရာများ၌ လက်နှင့်ဖိနှိပ်ထားသည့် ဒဏ်ရာများကိုတွေ့ခဲ့ပြီးဖြစ်၍ ကွမ်းရဲစမ်း ရှက်နေသည်။

"ကျွန်မ သွားတော့မယ်"

လင်းထက်ဆွေက အလန့်တကြား လှမ်းတားလိုက်၏။

"ဟော့... ဟော့၊ ဘယ်သွားမှာလဲ"

လင်းထက်ဆွေက လက်ကိုဖမ်းဆွဲလိုက်သည်။ ကွမ်းရဲစမ်းက ရုန်းသည်။

ဤသို့ဖြင့် သူတို့နှစ်ဦး တွန်းလား ဆွဲလား ဖြစ်နေကြလေသည်။

"နင်... နင်၊ ဒီလိုမလုပ်နဲ့လေ... မလုပ်နဲ့"

"ဟင့်အင်း... ဟင့်အင်း၊ သွားမှာပဲ၊ ရှင် ကျွန်မကိုတားမနေနဲ့"

ထိုစဉ် သူတို့နှင့်ဂိုက်နှစ်ဆယ်ခန့်အကွာတွင် လူရိပ်တစ်ရိပ် ရုတ်တရက် ပေါ်ထွက်လာသည်။

"ဟင်း... တော်တော် အရှက်မရှိတာတွေပဲ"

အေးတိအေးစက်လေသံကြောင့် လင်းထက်ဆွေ ထိတ်ခနဲ တုန်လှုပ်သွားသည်။

ကွမ်းရဲစမ်းကိုလည်း အယောင်ယောင် အမှားမှား တွန်းဖယ်လိုက်သည်။ ကွမ်းရဲစမ်းက အော်၍မေးလိုက်၏။

"ဘယ်သူလဲ"

"ငါ့နာမည် ဟူးထိန်ရှစ်လိန်"

ထိုအမည်ကိုကြားလိုက်ရသောအခါ လင်းထက်ဆွေသည် ကျန့်မိန်တောင်ခြေ စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် တွေ့ဆုံခဲ့ဖူးသော မိန်းကလေးဖြစ်ကြောင်းကိုသိလိုက်မိလေသည်။

လင်းထက်ဆွေက....

"အား... ငါ မှတ်မိပြီ၊ မင်း ဘယ်နှယ် ဒီရောက်လာတာလဲ"



လင်းထက်ဆွေ၏ အမေးစကားကို ကြားလိုက်သည်နှင့် ဟူးထိန်ရှစ်လိန်ခမျာ မျက်ရည်များ တတွေတွေ ကျဆင်းလာတော့သည်။

"ဘာများ ဝမ်းနည်းစရာရှိလို့ ငိုနေရတာလဲ ဟူးထိန်ရှစ်လိန်"

ဟူးထိန်ရှစ်လိန်က ဝမ်းနည်းပူဆွေးစိတ်ကို ထိန်းချုပ်လိုက်ပြီး တုန်ယင်သောလေသံဖြင့် ရှင်းပြ၏။

"ကျွန်မ ဖေဖေဆုံးသွားခဲ့ပြီ၊ သွေးစုပ်ဂိုဏ်းရဲ့လက်ချက်နဲ့ ဖေဖေ ဆုံးသွားခဲ့ရပါပြီရှင်"

လင်းထက်ဆွေမှာ အတော်ကလေး စိတ်မကောင်းဖြစ်သွားရသည်။

မိဘနှစ်ပါးစလုံးမရှိတော့သော မိန်းကလေးတစ်ယောက် သိုင်းလောကအတွင်း၌ လျှောက်သွားနေခြင်းဖြင့် မည်သို့မျှ ဘဝလုံခြုံမှု မရရှိနိုင်ပေ။

"တရားနဲ့ဖြေပါ၊ သွေးစုပ်ဂိုဏ်းသိုင်းလောကထဲ ထပ်ရောက်လာတဲ့အချိန်ကစပြီး သူတော်ကောင်းသိုင်းသမားတွေ တော်တော်များများ လုပ်ကြံခဲ့ခဲ့ရပြီးပါပြီ၊ သိုင်းလောကကြမ္မာဆိုး ကျရောက်နေချိန်မို့ ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲမခံပါနဲ့"

ဟူးထိန်ရှစ်လိန်က သက်ပြင်းချလိုက်ပြီး....

"ဒီလိုအားပေးစကားပြောတာကို ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် ကွမ်းရဲစမ်းကို အထင်သေးသည့်မျက်လုံးများဖြင့် ကြည့်လိုက်သည်။

ထို့နောက် ကျောခိုင်းကာ ထိုနေရာမှ ထွက်ခွာသွားတော့

သည်။

လရောင်မှိန်မှိန်အောက်တွင် လေးကန်ဖင့်နွဲ့သော ခြေလှမ်းများဖြင့် လျှောက်သွားနေသော ဟူးထိန်ရစ်လိန်၏ ကျောပြင်ကလေးကိုကြည့်ပြီး လင်းထက်ဆွေရင်ထဲ ကရုဏာသက်သွားသည်။

"နေပါဦး ဟူးထိန်ရစ်လိန်... အခု ဘယ်ကိုသွားမလို့လဲ"

လင်းထက်ဆွေ ပြေးလိုက်၏။ ကွမ်းရဲစမ်းလည်း ထက်ကြပ်မကွာ ပါလာသည်။

ဟူးထိန်ရစ်လိန်က ရပ်စောင့်နေပြီး ဝမ်းနည်းကြေကွဲသည့် မျက်လုံးများဖြင့် လင်းထက်ဆွေကိုကြည့်သည်။

လင်းထက်ဆွေက....

"မင်းမှာ ပြောစရာတစ်ခုခုရှိနေသလိုပဲ၊ ပြောချင်တာရှိရင်ပြောပါ ဟူးထိန်ရစ်လိန်၊ မင်းအဖေဟာ အထက်လမ်း ဂိုဏ်းသားတစ်ယောက်စစ်စစ်ဖြစ်လို့ ငါ လေးစားပါတယ်၊ ကိစ္စဟာလဲ သိုင်းလောကကြီးတစ်ခုလုံးနဲ့ ပတ်သက်နေလို့ သိုင်းလောကသားတွေမှာ တာဝန်ရှိပါတယ်၊ ငါတတ်နိုင်သမျှ မင်းကိုကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"မင်းအဖေမဆုံးခင်က မင်းကို ဘာတွေများ မှာခဲ့လို့လဲ"

ဟူးထိန်ရစ်လိန်သည် ရုတ်တရက် မပြောနိုင်အောင်ဖြစ်နေ၏။ သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး မျက်နှာကို ကောင်းကင်ထက်သို့ မော့ထားလိုက်၏။



မှိတ်တုတ်မှိတ်တုတ် လင်းနေသောကြယ်အစုကိုကြည့်ပြီး ဒ်ကိုယ်တည်း ရေရွတ်နေသည့်အလား တုန်တုန်ယင်ယင်ကလေး ပြောချလိုက်လေတော့သည်။

"ဖေဖေ... ဖေဖေ မဆုံးခင် ကျွန်မ... ကျွန်မကို ရှင်ဆီသွားစေချင်ခဲ့တယ်"

"ဟင်...."

လင်းထက်ဆွေ လန့်သွားသည်။ အဘယ်မှာလျှင် မလန့်ဘဲ နေပါအံ့နည်း။ သူနှင့် ဟူးထိန်ရစ်လိန်၏ဖခင်သည် သူစိမ်းမျှသာ ဖြစ်ကြသည်မဟုတ်ပါလား။

အဘယ်ကြောင့် သူ့ထံသို့ သမီးဖြစ်သူကို စေလွှတ်ရသနည်း။

"ဖေဖေဆုံးကာနီးမှာ အသေအချာ မှာခဲ့ပါတယ်ရှင်၊ တရုတ်ပြည် တဝန်းလုံးမှာရှိတဲ့ သိုင်းလောကသားတွေကို သူသိခဲ့တာ မနည်းပါဘူးတဲ့၊ အဲဒီအထဲမှာ ရှင် တစ်ယောက်တည်း သမာသမတ် အရှိဆုံး၊ ဖြောင့်မတ်အတည်ကြည်ဆုံးပဲတဲ့၊ ဒါကြောင့်လဲ နောင်လာမယ့် သိုင်းလောကမှာ တခေတ်တစ်ယောက် ထွက်ပေါ်လာမှာပါတဲ့၊ သိုင်းလောကသားတွေရဲ့သတ်ဖြတ်မှုတွေ ဆုံးခန်းတိုင်စေမယ်၊ တရားမျှတမှုလဲ ပြန်လည်ရှင်သန်လာစေလိမ့်မယ်တဲ့၊ သိုင်းလောကရဲ့ ကယ်တင်ရှင်

ဟာ ရှင်ပဲ ဖြစ်ပါလိမ့်မယ်တဲ့"

လင်းထက်ဆွေက ခေါင်းခါလိုက်၏။

"မင်းအဖေက သိပ်အထင်ကြီးနေတာပါ၊ ငါ ဒီလောက် မစွမ်းပါဘူး"

"ကျွန်မဖေဖေက ရှင်နဲ့သိပ်ပြီး တရင်းတနှီး မဆက်ဆံဖူးပေမယ့် လူကဲခတ်တတ်ပါတယ်ရှင်၊ သူ့စိတ်ထဲမှာ ရှင်ဟာသိုင်းလောကသားတွေကို ဘေးဒုက္ခအန္တရာယ်တွေက ကယ်တင်ပေးနိုင်မယ်လို့ သူ အကဲခတ်နိုင်ခဲ့ပါတယ်ရှင်"

ဟူးထိန်လေက သေခါနီးတွင် အားကိုးရာမဲ့ဖြစ်နေသော သူ့သမီးအား သူ့ထံတွင် အကူအညီတောင်းခံရန် လမ်းညွှန်ခဲ့ပေပြီ။

အကယ်၍သာ သူမသည် ယောကျ်ားလေးတစ်ယောက်ဖြစ်နေခဲ့လျှင် သူနှင့်အတူ သိုင်းလောကတွင်း၌ သွားလာကျက်စားနိုင်သည်။

သို့သော် ယခုမှာက မိန်းကလေးတစ်ယောက် ဖြစ်နေသည့်အတွက် မည်သို့မျှ မသင့်တော်ချေ။

လင်းထက်ဆွေသည် အတန်ကြာအောင် စဉ်းစားနေသော်လည်း ဟူးထိန်ရစ်လိန်အတွက် ဘာမျှမစီစဉ်နိုင်ဘဲ ရှိနေ၏။

ဟူးထိန်ရစ်လိန်က မချိပြုံးပြုံးလိုက်ပြီး....

"ရှင့်အခက်အခဲကို ကျွန်မ သိပါတယ်လေ"

သူမ၏မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ တလိမ့်လိမ့် ကြွေကျလာသည်။

လင်းထက်ဆွေ စိတ်ထိခိုက်သွားသည်။ ထို့ကြောင့် ကွမ်းရဲ



စမ်းအား ခပ်သွက်သွက် လှမ်းမေးမိလေ၏။

"ကွမ်းရဲစမ်း... နင်တို့ကြူလုံပေါင်းမှာဆိုရင်...."

ထိုစကားကိုကြားသောအခါ ဟူးထိန်ရစ်လိန် ဆတ်ခနဲ ဖြစ်သွား၏။

"သြော်... သူက ကြူလုံပေါင်း အရှင်သခင်ရဲ့သမီးတော်ကိုး"

သူမ၏မျက်ရည်များကို သိမ်းဆည်းရင်း....

"ကျွန်မ ရှင်တို့ကို မနှောင့်ယှက်တော့ပါဘူးရှင်"

ဟူးထိန်ရစ်လိန်က စကားဆုံးသည်နှင့်ရုတ်တရက် ခုန်ပျံပြေးထွက်သွားလေတော့သည်။

"နေပါဦး ဟူးထိန်ရစ်လိန်... နေစမ်းပါဦး"

လင်းထက်ဆွေသည် အမြန်ဆုံး ပြေးသွားပြီး ဟူးထိန်ရစ်လိန်၏ ပြေးလမ်းကိုပိတ်လိုက်၏။

ထိုတဒင်္ဂအတွင်း သူ၌ အကြံကောင်းတစ်ချက်ကို ရရှိခဲ့လေပြီ။

"နေပါဦး... မင်းအတွက် စိတ်ချလုံခြုံတဲ့နေရာ တစ်နေရာတော့ ရှိတယ်"

ဟူးထိန်ရစ်လိန်က အေးဆေးတည်ငြိမ်သောလေသံဖြင့်....

"ကြူလုံပေါင်းရဲ့ ဂုဏ်အရှိန်အဝါက မြင့်မားလွန်းလှပါတယ်ရှင်၊ ကျွန်မနဲ့သိပ်ပြီး အလှမ်းကွာလွန်းပါတယ်"

သူမစိတ်ထဲတွင် ကြူလုံပေါင်း၌ နေထိုင်ရန် လင်းထက်ဆွေက စီစဉ်ပေးလိမ့်မည်ဟု ထင်မှတ်နေပေသည်။

ကွမ်းရဲစမ်းလည်း သူမ၏စကားကို မခံမရပ်နိုင်ဖြစ်သွားသည်။ စိတ်ဆတ်ပွင့်လင်းသူပီပီ ရှေ့သို့ခြေလှမ်းတစ်လှမ်း တိုးလိုက်ပြီး ဒေါသတကြီး အော်လိုက်သည်။

"နင် ဘာစကားပြောတာလဲ၊ နင့်ကို ကြူလုံပေါင်းက ဘာတွေ မကောင်းတာလုပ်ခဲ့ဖူးလို့လဲ၊ နင့်အဖေ သေရတာက နင်တို့ကုသိုလ်နဲ့နင်တို့ ကံမကောင်းလို့သေကြရတာပဲ"

တစ်ဦးက လင်းထက်ဆွေ၏အချစ်ကို ရယူလိုသူ။ တစ်ဦးက လင်းထက်ဆွေ၏အရိပ်၌ ဝင်ရောက်ခိုနားလိုသူ။

သူတို့နှစ်ဦးသည် တစ်ဦး၏အတွင်းစိတ်ကို တစ်ဦးက အလိုလိုသိနားလည်နေကြသဖြင့် မိန်းမတို့သဘာဝ စောင်းချိတ်ပြောကြရာမှ ဒေါသထွက်လာပြီး တိုက်ခိုက်ရန်ဟန်ပြင်ကြတော့လေသည်။

"အထင်မလွဲကြနဲ့... မလုပ်ကြပါနဲ့"

"ဝုန်း..."

သို့သော လင်းထက်ဆွေမှာ အားလျှင်းနှစ်ခုကြားသို့ ဝင်လိုက်မိသဖြင့် စကားမဆုံးခင်မှာပင် လဲပြိုကျလုမတတ် ယိမ်းယိုင်သွားရတော့သည်။

"အို..."



"အမယ်လေး..."

မိန်းကလေးနှစ်ယောက်စလုံး အထိတ်တလန့်လေး ဖြစ်သွားကြသည်။

ကပျာကယာပင် ရှေ့သို့လှမ်းတက်လိုက်ကြပြီး လက်နှစ်ဖက်ကို တစ်ယောက်တစ်ဘက်စီ ဆွဲကိုင်ထားကြသည်။

မတိုင်ပင်ထားပါပဲလျက် နှစ်ယောက်စလုံးက ကြင်နာမှုပန်သောလေသံဖြင့် ပြိုင်တူမေးမိကြသည်။

"ရှင်... ရှင် ဘာဖြစ်သွားသလဲဟင်"

လင်းထက်ဆွေက ခေါင်းခါယမ်းပြလိုက်မိသည်။

"ဘာမှမဖြစ်ပါဘူး၊ မင်းတို့နှစ်ယောက် ရန်မဖြစ်ကြရင် ငါ ဘာမှဖြစ်မှာမဟုတ်ပါဘူး"

မိန်းကလေးနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မျက်လုံးလှန်ကြည့်လိုက်ပြီး မကျေနပ်စိတ်များကို မျိုသိပ်ထားလိုက်ကြသည်။

လင်းထက်ဆွေက ဟူးထိန်ရစ်လိန်ကိုရှင်းပြ၏။

"ဟူးထိန်ရစ်လိန် မင်း နားသင့်တဲ့နေရာက ဝက်ပါဂူပါ၊ အဲဒီဝက်ပါဂူဂိုဏ်းဟာ ငါ့မိခင်လို့ အဆိုရှိတဲ့အမျိုးသမီးကြီးရဲ့ဂိုဏ်းပါ၊ သူလဲ မမျှော်လင့်ဘဲ သွေးစုပ်ဂိုဏ်းရဲ့လက်ချက်နဲ့ပဲ သေဆုံးသွားခဲ့ရပါတယ်၊ အခုအချိန်မှာ အဲဒီဂိုဏ်းကို ဦးဆောင်မယ့်သူမရှိဘဲ ဖြစ်နေရပါတယ်"

ဟူးထိန်ရစ်လိန်သည် တွေတွေကလေး ဖြစ်သွားသည်။

"ဩော်... ဒီလိုဆိုရင် ဝက်ပါဂူဟာ ကျွန်မနဲ့ကံတူအကျိုးပေး

တွေပေါ့"

လင်းထက်ဆွေက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်... ကံတူအကျိုးပေးတွေပါ"

"ဖြစ်နိုင်ပါ့မလားရှင်၊ အဲဒီမှာ တခြားအကြီးအကဲတွေ မရှိဘူးလား"

လင်းထက်ဆွေက သက်ပြင်းရှည်ကြီးချလိုက်ပြီး....

"အစတုန်းကတော့' အမေ့ရဲ့အကြီးဆုံးတပည့် မတစ်ယောက်က အမေ့နေရာကိုဆက်ခံခဲ့တယ်၊ ကံဆိုးချင်တော့ မနှစ်ကညကပဲ အဲဒီမိန်းကလေးလဲ လေပွေပါဟုန်ရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံး သွားခဲ့ရတယ်၊ လေပွေပါဟုန်နောက်ကိုလိုက်ရင်းနဲ့ ဒီကိုရောက်လာခဲ့ပြီး မင်းတို့နဲ့ဆုံကြရတာပဲ"

ဟူးထိန်ရစ်လိန်နှင့်ကွမ်းရဲစမ်းတို့သည် တစ်ဦးနှင့်တစ်ဦး အေးစက်စွာ ကြည့်လိုက်ကြ၏။

လင်းထက်ဆွေက ခပ်သွက်သွက် ဆက်ပြောသည်။

"ဒီတော့ အကြီးအကဲမရှိဘဲ ဖြစ်နေတဲ့ ဝက်ပါဂူဂိုဏ်းကို မင်းအနေနဲ့ ခေါင်းဆောင်ပါ၊ တပည့်လက်သားတွေရှိတဲ့အတွက် တော်ရုံတန်ရုံ စော်ကားမှုတွေကိုခုခံနိုင်တယ်၊ မင်းအနေနဲ့ ခေတ္တခဏတော့ လုံခြုံမှုရနိုင်တယ်၊ နောက်တစ်ပိုင်းက သွေးစုပ်ဂိုဏ်းကို လက်စားချေဖို့ အေးအေးဆေးဆေး အစီအစဉ် ဆွဲနိုင်တယ်"

ထို့နောက် လင်းထက်ဆွေသည် ကွမ်းရဲစမ်းဘက်သို့လှည့်လိုက်၏။

"နင်လဲ အခုချက်ချင်း ကြူလုံပေါင်းကို ပြန်သွားရလိမ့်မယ်"



ကွမ်းရဲစမ်းက မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားကာ....

"ဘာကြောင့် အခုချက်ချင်း ပြန်သွားရမှာလဲ"

"ချက်ချင်းမပြန်လို့ ဘယ်ဖြစ်မှာလဲ၊ အခု နင့်အမေ အဆိပ်မိနေပြီ... မေ့မျောနေပြီ၊ လေးဆယ့်ငါးရက်အတွင်း သေနိုင်တယ်"

"ရှင်...."

ကွမ်းရဲစမ်းမှာ အလန့်တကြား ဖြစ်သွားသည်။ သူမခုံးကို ကိုင်လှုပ်ပြီး အရေးတကြီး မေးလိုက်သည်။

"ဘယ်သူ့လက်ချက်လဲ... ဘယ်သူလုပ်တာလဲ"

"ဒါတွေသိချင်ရင် ကြူလုံပေါင်းကို အမြန်ဆုံးပြန်"

"ဒီအကြောင်းတွေကို ရှင် မပြောမချင်း ကျွန်မ မပြန်ဘူး"

လင်းထက်ဆွေသည် အဖြစ်အပျက်များကို အတိုချုံး၍ပြောပြလိုက်သည်။ ကွမ်းရဲစမ်းမှာ မခံမရပ်နိုင် ဖြစ်သွားရသည်။

"ဒီအကြောင်းကို ရှင် ဘာဖြစ်လို့ စောစောက မပြောရတာလဲ"

"စောစောကတုန်းက နင့်ကို ငါပြောပြဖို့ အခွင့်အရေးမရခဲ့ဘူးလေ"

"မေမေ အဆိပ်မိနေတယ်ဆိုရင် အဆိပ်ဖြေဆေး လိုဦးမှာပေါ့"

"လိုတာပေါ့၊ ကန်းစုဓားပျံဂိုဏ်းရဲ့အဆိပ်က အင်မတန် ပြင်းထန်တာ၊ ဒီအဆိပ်ဒဏ်ကို ရက်ပေါင်းလေးဆယ့်ကိုးရက်ပဲ ခံနိုင်တယ် နောက်ပိုင်းရက်တွေအတွက် ဘယ်လိုမှစိတ်မချရဘူး"

ကွမ်းရဲစမ်း စဉ်းစားလိုက်သည်။ ထို့နောက် ချက်ချင်းပြန်

မေး၏။

"အခု ဘယ်နှစ်ရက်ရှိသွားပြီလဲ"

"လေးရက်ရှိသွားပြီ"

"ဟင်... မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီကနေ မြောင်ကျန်းပြည်နယ်ကိုသွားရင် တောင်အထပ်ထပ်ဖြတ်သွားရမှာဆိုတော့ အသွားအပြန် ရက်ပေါင်းလေးဆယ်ကျော်လောက် ကြာလိမ့်မယ်၊ တို့ဆိုင်းနေလို့ မရတော့ဘူး၊ ကဲ... လာ သွားကြစို့"

ကွမ်းရဲစမ်းက အလျင်အမြန်ပင် ခုန်ထွက်လိုက်သည်။

လင်းထက်ဆွေသည် ကွမ်းရဲစမ်းအား တားဆီးလိုက်သည်။

"နင် မလိုက်ခဲ့နဲ့ မြောင်ကျန်းပြည်နယ်မှာ အဆိပ်ဖြေဆေး သွားယူဖို့ကိစ္စ ငါတာဝန်ပါ၊ အခု အမြန်ဆုံး ကြူလုံပေါင်းကို ပြန်သွားပါ"

"ဒီလိုဆိုရင် ရှင့်ကတိကို တည်ရမယ်နော်၊ ဒီရက်ပိုင်းအတွင်း အချိန်မီအောင် အရောက်ပြန်လာရမယ်၊ တကယ်လို့ ကျွန်မအမေ မတော်တဆ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ကျွန်မလဲ လောကကြီးမှာရှိတော့မှာ မဟုတ်ဘူး"

"စိတ်ချပါ.. ငါ ဒီရက်ပိုင်းအတွင်း အချိန်မီ အရောက်ပြန်လာခဲ့ပါ့မယ်"

လင်းထက်ဆွေက ကတိပေးလိုက်၏။

ဟူးထိန်ရစ်လိန်သည် ပထမပိုင်း၌ မိန်းမစိတ်အရ ကွမ်းရဲစမ်းအား သဝန်တိုနေမိသော်လည်း ကွမ်းရဲစမ်း၏မိခင်အကြောင်း ကြားသိရသောအခါ စိတ်တစ်မျိုးပြောင်းသွားသည်။



ထို့ကြောင့် လင်းထက်ဆွေအား အလျင်အမြန်ဝင်၍ တိုက်တွန်းတော့၏။

"ဒီလောက်အရေးကြီးတဲ့အချိန်တွေကို ရှင် ဘာဖြစ်လို့ အလကားဖြုန်းပစ်နေရတာလဲ၊ မြန်မြန်သွားတော့လေ"

လင်းထက်ဆွေသည် ဟူးထိန်ရစ်လိန်အား လေးလေးစားစား ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ... ငါ သွားပါတော့မယ်၊ ဝင်ပါဂူရဲ့ ကိစ္စအဝဝကို မင်းကိုပဲ တာဝန်လွှဲပြောင်းပေးလိုက်ပါတယ်ဗျာ၊ မြောင်ကျန်းပြည်နယ်ကပြန်လာမှပဲ မင်းနဲ့ငါနဲ့နောက်ထပ် ဆုံကြတာပေါ့"

သူမသည် ရိပ်ခနဲ ခုန်ပျံလိုက်ပြီး ဝင်ပါဂူရှိရာအရပ်ဆီသို့ ဦးတည်ထွက်ခွာသွားတော့သည်။

လင်းထက်ဆွေက....

"ကဲ... ကွမ်းရဲစမ်း... နင်လဲ ပြန်ပေတော့"

ကွမ်းရဲစမ်း ခေါင်းညိတ်ပြလိုက်သည်။ မျက်ရည်နှစ်စက်က ဖြတ်ခနဲ မြေပြင်ဆီသို့ ပြုတ်ကြွေကျသွား၏။

"ဟုတ်ကဲ့... ကျွန်မလဲ ပြန်တော့မယ်၊ မေမေ့နားမှာ ကျွန်မရှိလို့ မဖြစ်ဘူး"

သူမ ပြေးထွက်သွားသည်။ လင်းထက်ဆွေလည်း လေပူကြီးမှုတ်ထုတ်လိုက်မိသည်။

မြောင်ကျန်းပြည်နယ်ဘက်သို့ခရီးဆက်ရန် ခြေလှမ်းပြင်နေစဉ်မှာပင် ဟူးခနဲ အကျီလေတိုးသံတစ်ချက်ကို ကြားလိုက်ရ၏။

ကွမ်းရဲစမ်း ပြန်လည်ရောက်ရှိလာခြင်းပင်တည်း။

"ဟင်... ကွမ်းရဲစမ်း၊ နင် ဘာဖြစ်လို့ ပြန်လာရတာလဲ"

ကွမ်းရဲစမ်းက ဘာမျှမဖြေဘဲ လင်းထက်ဆွေ၏ ပခုံးနှစ်ဖက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။

"အစ်ကို မြောင်ကျန်းပြည်နယ်ကို အမြန်ဆုံးသွားပြီး အမြန်ဆုံး ပြန်လာခဲ့ပါနော်၊ ကျွန်မ အစ်ကို့အတွက် ဆုတောင်းပေးနေပါ့မယ်"

လင်းထက်ဆွေသည် ကွမ်းရဲစမ်း၏ သံယောဇဉ်ဖြစ်စေသောစကားကြောင့် မနေတတ် မထိုင်တတ်အောင် ဖြစ်သွားရသည်။

သို့သော် ကွမ်းရဲစမ်း စိတ်ကျေနပ်စေရန်မှ နှစ်သိမ့်စကား ပြောလိုက်ရသည်။

"စိတ်ချလက်ချသာ ပြန်သွားပါကွယ်၊ ငါ အမြန်ဆုံး လာခဲ့ပါ့မယ်"

ကွမ်းရဲစမ်းသည် လင်းထက်ဆွေ၏လက်ကို ဖျစ်ညှစ်နှုတ်ဆက်ပြီးနောက် လိပ်ပြာကလေးတစ်ကောင်အလား ပြေးထွက်သွားလေတော့၏။



## အခန်း(၇၉)
## အမှတ်မထင်ရန်စ

လင်းထက်ဆွေသည် မြောင်ကျန်းဒေသသို့ ခရီးထွက်လာသည်။

တောအုပ်တစ်ခုအတွင်းမှ စမ်းချောင်းကလေးတစ်ခုတွင် ကိုယ်လက်သန့်စင်လိုက်သောအခါ လင်းထက်ဆွေသည် လန်းလန်းဆန်းဆန်း ဖြစ်သွား၏။

ထိုအချိန်တွင် ညအမှောင်ကုန်ဆုံးပြီး နေ့အလင်းသို့ပင် ရောက်နေခဲ့လေပြီ။ ထိုစဉ်....

"ခွပ်... ခွပ်... ခွပ်... ခွပ်"

"ဖြောင်း... ဖြောင်း... ဖြောင်း"

မြင်းခွာသံများ ဆူညံစွာကြားလိုက်ရ၏။ မြင်းခွာသံများသည် သူ၏ရှေ့တူရူမှလာခြင်းတည်း။

"ဟော..."

မကြာမီ မြင်းလေးကောင်သည် သူ့ထံသို့ ကဆုန်စိုင်း ပြေးလာကြ၏။

လင်းထက်ဆွေသည် မြင်းလေးကောင်၏ကျောပေါ်မှ လူများကို အကဲခတ်လေ့လာလိုက်သည်။

တစ်ဦးက တရုတ်ဘုန်းကြီး။ နောက်တစ်ဦးက အညိုရောင်ဝတ်စုံဝတ်ထားသောလူကြီး။ တစ်ဦးက ဆံပင်ကို ကြက်တောင်စုစည်းထားသည့် အဘိုးအို။

ကျန်တစ်ဦးကား အသက်သုံးဆယ်အရွယ်ခန့်ရှိသော မိန်းမတစ်ဦးဖြစ်သည်။ ရုပ်ရည်က ကလက်တက်တက်ရှိသည်။

လင်းထက်ဆွေသည် လမ်းဘေးသို့ခုန်ထွက်လိုက်၏။ မြင်းလေးစီးသည် သူ့အား ဂရုမစိုက်ပဲ ဖြတ်ကျော်သွားလေတော့၏။

လင်းထက်ဆွေသည် တစ်ဦးနှင့်တစ်ဦး ပုံသဏ္ဌာန်ချင်း၊ ဝတ်ဆင်ပုံချင်း ကွာခြားလှသောလူလေးဦးအား အတူတကွ တွေ့လိုက်ရသဖြင့် လွန်စွာ စိတ်ဝင်စားမိသည်။

"အင်း... ဒီလူတွေဟာ သိုင်းသမားတွေပဲ၊ ဘာအရေးကိစ္စနဲ့များ အရေးတကြီး စိုင်းနှင်သွားရတာလဲမသိဘူး"

သူသည် တီးတိုးရေရွတ်ပြီး ခရီးဆက်ထွက်လာသည်။



မကြာမီ သူ့နောက်မှမြင်းခွာသံနှင့်ခေါက်ငမ်းသံကိုကြားလိုက်ရသည်။

"ဟော့... ရှေ့က ဘယ်သူရှပ်နေတာလဲ၊ ဖယ်စမ်း"

လင်းထက်ဆွေက ကပျာကယာ လှမ်းကြည့်လိုက်၏။ မြင်းနက်ကြီးတစ်ကောင်ပေါ်မှ ငွေရောင်မျက်နှာဖုံးစွပ်ထားသော လူထူးလူဆန်းတစ်ဦးအား တွေ့လိုက်ရသည်။

အေးချမ်းသည့်ရာသီဖြစ်သော်လည်း ထိုလူသည် ပါးလှပ်သောအင်္ကျီကလေးကိုသာ ဝတ်ဆင်ထား၏။

သူ့မျက်နှာပေါ်မှ ငွေရောင်မျက်နှာဖုံးမှကား နေရောင်အောက်၌ တဝင်းဝင်း တပြောင်ပြောင် ဖြစ်နေသည်။

လင်းထက်ဆွေသည် အံ့သြခြင်းကြောင့် ရုတ်တရက် လမ်းမဖယ်မိပေ။

"ဟော့... ဘာငေးနေတာလဲ၊ ကဲကွာ"

"ရွမ်း...."

ကျာပွတ်သည် နဂါးတစ်ကောင်၏အမြီးကဲ့သို့ လင်းထက်ဆွေထံ ပြေးဝင်လာသည်။

အမှုမဲ့အမှတ်မဲ့ ဖြစ်သော်လည်း လင်းထက်ဆွေ အရိုက်မခံပါ။ 'ငါးပျံရှပ်ပြေး'သိုင်းကွက်ဖြင့် ခုန်ရှောင်လိုက်သည်။

"အားပါး... မင်းက တယ်ဟုတ်ပါလား"

ထိုလူသည် လင်းထက်ဆွေ ခုန်ရှောင်သွားပုံကိုကြည့်ပြီး သိုင်းပညာအဆင့်မြင့်သူဖြစ်ကြောင်း ရိပ်မိသွားလေ၏။

ထို့ကြောင့် ပို၍ ပြင်းထန်သောရိုက်ချက်များဖြင့် တရွမ်းရွမ်း

ထပ်မံရိုက်နှက်ပြန်တော့သည်။

တစ်ကြိမ်တွင်မူ လင်းထက်ဆွေသည် ကျာပွတ်ကို လက်ညှိုးဖြင့် တောက်ထုတ်လိုက်၏။

"တောက်...."

"ရွမ်း...."

ကျာပွတ်သည် လင်းထက်ဆွေအနီးမှ အကွင်းလိုက် ခုန်ထွက်သွား၏။ ငွေမျက်နှာဖုံး၏လက်မောင်းတစ်လျှောက် ကျင်တက်သွားသည်။

ငွေမျက်နှာဖုံးသည် အံ့အားကြီးသင့်လျက် သူ့လက်ထဲမှကျာပွတ်ကို လွှတ်ချလိုက်မိ၏။

လင်းထက်ဆွေသည် ရုတ်တရက် ခုန်ဝင်ပြီး လွှတ်ကျသွားသည့်ကျာပွတ်ကို ခြေထောက်ဖြင့် တက်နင်းထားလိုက်၏။

ငွေမျက်နှာဖုံးပေါ်၌ အကဲခတ်၍ ရသောအရာမှာ ထိုလူ၏ မျက်လုံးအစုံသာ ဖြစ်သည်။

မျက်လုံးအစုံသည် ဝင်းဝင်းတောက်လာ၏။ ထိုလူသည် လင်းထက်ဆွေကို အကြီးအကျယ် ဒေါသထွက်လျက် ရှိနေလေပြီ။

သို့သော် လင်းထက်ဆွေကမူ ထိုသူကို လုံးဝဂရုမစိုက်ချေ။

"ခင်ဗျား စိတ်ထဲမှာ တလောကလုံးက လူတွေကို ငါနှိပ်စက်ချင်တိုင်း နှိပ်စက်လို့ ရမယ်ထင်နေသလား"

ငွေမျက်နှာဖုံးသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာ၏။

မလောက်လေးမလောက်စား လူငယ်ကလေးတစ်ယောက်



က သူ့အား စော်ကားနေသည်မှာ ဤတွင် ရပ်သင့်လောက်ပြီဟု တွေးမိ၏။ သူသည် လျှပ်တစ်ပြက် ခုန်ဝင်လာ၏။

ကောက်ကွေးသည့် သိမ်းငှက်ခြေသည်း သဏ္ဌာန်လက်များက လင်းထက်ဆွေ၏ယပ်ထိပ်သို့ ကုတ်ဆွဲရန် လာလေ၏။

"ဝှီး...."

"ဖန်း...."

"ဝုန်း...."

လင်းထက်ဆွေသည် လျှပ်တစ်ပြက် ခေါင်းငုံ့ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်ထုတ်လိုက်၏။

ငွေမျက်နှာဖုံးရှင် လွင့်ထွက်သွားပြန်သည်။

ငွေမျက်နှာဖုံးသည် အလွန်တရာ အံ့ဩသည့်အကြည့်ဖြင့် ကြည့်နေ၏။ ဒေါသများက ရင်ထဲ၌ လှိုင်းထနေသည်။

ထို့ကြောင့် နောက်တစ်ကြိမ် ခုန်ဝင်ကာ လက်ညှိုး၊ လက်ဖဝါး၊ တတောင်၊ ဒူး၊ ခြေဖျားတိုက်ကွက်များဖြင့် တရကြမ်း တိုက်တော့သည်။

လင်းထက်ဆွေသည် ထိုလူ၏ပညာက သူ့ပညာကို မယှဉ်နိုင်မှန်းသိသော်လည်း မပေါ့ဆဘဲ သတိထား၍ခုခံသည်။

ထိုသူအား ထိခိုက်စေရန်ထက် ကိုယ့်ကိုမထိခိုက်စေရန် ဂရုထားနေသဖြင့် တိုက်ကွက်သုံးဆယ်ကျော်လာသည်။

ထိုစဉ် လင်းထက်ဆွေသည် သူသွားရမည့်ခရီးစဉ်ကို သတိရလာ၏။ သူ ဆောင်ရွက်ရမည့်တာဝန်ကို သတိရလာ၏။ ထို့ကြောင့် ငွေမျက်နှာဖုံးကို ခပ်ကြမ်းကြမ်း ရိုက်ထုတ်ပစ်လိုက်သည်။

"ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတယ်၊ ခင်ဗျားနဲ့ အဓိပ္ပာယ်မရှိတဲ့ အချိန်မဖြုန်းနိုင်သေးဘူး"

သူသည် စကားဆုံးသည်နှင့်ခုန်ထွက်လိုက်၏။ သို့သော် ငွေမျက်နှာဖုံးက သူ့လမ်းရှေ့သို့ ခုန်ထွက်လာပြီး တားဆီးလိုက်၏။

"ဒီလိုသွားလို့ ဘယ်ရမလဲ"

"ဟား... ဟား... ဟား ခင်ဗျားကများ တစ်ပြန်စီးပြီး ပြောနေရသေးတယ်၊ ဒီစကားက ကျုပ်ပြောရမယ့်စကားပါ"

"ခွေးသားလေး... မင်း မသွားရဘူး"

"စော်ကားလှချည်လား... ဖယ်စမ်းဗျာ၊ ခင်ဗျားကြောင့် တန်ဖိုးရှိတဲ့အချိန်တွေ အတော်ကုန်သွားတယ်"

"ကောင်းပြီ... မင်း သွားချင်ရင် ငါ့ကျာပွတ်ကို ပြန်ကောက်ပြီး ငါ့လက်ထဲ ထည့်ပေး"

လင်းထက်ဆွေသည် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ဟား... ဟား... ဟား၊ ဘယ့်နှယ် ကိုယ့်ဘာသာ အသုံးမကျလို့ ကျာပွတ်ကျသွားတာ၊ သူများကို ခင်ဗျားခိုင်းလို့ ကောက်နိုင်းရက်တယ်၊ ခင်ဗျား မရှက်ဘူးလား၊ ဒီပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိပါဘူးဗျာ၊ ကဲ... ကိုယ့်ဘာသာ ကောက်ယူလိုက်ပါ၊ လမ်းကိုလဲ ဖယ်ပေးပါ"

လင်းထက်ဆွေသည် ထိုလူကိုကွေ့ရှောင်သွားရန် ကြိုးစား၏။ ငွေမျက်နှာဖုံးသည် မာန်သွင်းအော်ဟစ်လျက် လင်းထက်ဆွေ၏နောက်စေ့ကို ကုတ်ဆွဲရန် ခုန်ဝင်လာပြန်လေ၏။

"ဒီလောက်သေချင်နေတဲ့လူ သိရောပေါ့ကွာ"



ထို့နောက် နှစ်ယောက်သား အပြင်းအထန် တိုက်ခိုက်ကြပြန်တော့၏။

လင်းထက်ဆွေသည် အချိန်မနှောင့်နှေးစေရန်အတွက် ကျောက်စိမ်းဇကရာဇ်သိုင်းကွက်၏ ပထမတစ်ကွက်ကိုသုံး၍ ထိုလူအားတားဆီးရန် စိတ်ကူးလိုက်သည်။

ထိုသိုင်းကွက်ကိုမသုံးပါက ထိုလူသည် အမှတ်မရှိပဲ သူ့အား ၁လ်နှောင့်ယှက်ဦးမည်မှာ သေချာသည်။

ထိုစဉ်...

"ဝုန်း... ဝုန်း... ဝုန်း"

"ခွပ်... ခွပ်... ခွပ်"

"ဖြောင်း... ဖြောင်း... ဖြောင်း"

အလွန်တရာ သန်မာထွားကျိုင်းသောမြင်းကြီးရှစ်ကောင်သည် တမုဟုတ်ချင်း တိုက်ပွဲစည်းကို ပတ်လည်ရံထားလိုက်တော့သည်။

ထိုသူများသည် အနက်ရောင်ဝတ်စုံများ ဝတ်ထားပြီး ခေါင်းစည်းအနီများကို ဦးခေါင်း၌ပတ်ထား၏။

မြင်းကြီးများက ထွားကျိုင်းသလောက် ထိုလူရှစ်ယောက်၏ ခန္ဓာကိုယ်များက ပုညက်သေးကွေးလှ၏။ သူတို့၏လက်ထဲ၌ ငါးမန်းခွယ်ကဲ့သို့သော လက်နက်များ၊ ဓားများကိုကိုင်ဆောင်ထားသည်။

ထိုရှစ်ယောက်၏ခေါင်းဆောင်ဖြစ်ဟန်တူသူက မြင်းပေါ်မှ လှမ်းအော်သည်။

'ဒုတိယခေါင်းဆောင်ကြီး... ဒီဝက်မသားလေးကို ကျွန်တော် ဆုံးမချင်ပါတယ်၊ ခေါင်းဆောင်ကြီး ခဏလောက် နားပါခင်ဗျာ"

ထိုစကားကို ကြားလိုက်ရသောအခါမှ မြင်းစီးလူရှစ်ယောက်သည် ငွေမျက်နှာဖုံး၏ တပည့်များဖြစ်ကြောင်း သိလိုက်ရတော့သည်။

လင်းထက်ဆွေ ပို၍စိတ်ညစ်သွားသည်။ ထိုလူရှစ်ယောက်နှင့် ထပ်မံတိုက်ခိုက်ရလျှင် ပို၍ အချိန်ကြန့်ကြာပေတော့မည်။

ထိုစဉ် ငွေမျက်နှာဖုံးက ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်၏။

"ဒီကောင် သိပ်အစွမ်းထက်တယ်၊ တစ်ယောက်ချင်းတိုက်လို့ မရဘူး၊ အားလုံးတစ်ပြိုင်နက် တက်ကြပေတော့"

ဝတ်စုံနက်ရှစ်ယောက်တို့သည် သူတို့၏လက်နက်များကို တစိုးစိုး ဝှေ့ယမ်းပြီး မြင်းများပေါ်မှခုန်ချကာ တိုက်ပွဲထဲသို့ ခုန်ဝင်လာကြလေတော့၏။

လင်းထက်ဆွေသည် အတွင်းအားထုတ်လျက် စောစောကထက် ကြမ်းတမ်းစွာ ခုခံရတော့သည်။

"ဒီကောင့်ကို မလွတ်စေနဲ့"

ငွေမျက်နှာဖုံးက အမိန့်ပေးသည်။

လင်းထက်ဆွေသည် ကျိတ်၍ သက်ပြင်းချမိ၏။ ဤလူရှစ်ယောက် အလွယ်တကူ နောက်ဆုတ်သွားစေရန် အညာကိုင်ရပေတော့မည်။



လင်းထက်ဆွေသည် သိုးငယ်များအကြား ကျားတစ်ကောင်ဝင်သလို တဝုန်းဝုန်း ဝင်ရောက်တိုက်ခိုက်ရာမှ လျှပ်တစ်ပြက်နောက်ကျွမ်းထိုး ထွက်လာ၏။

ငွေမျက်နှာဖုံး၏ ဖခေါင်းထက်မှကျော်ပြီး ကျောနောက်သို့ ရောက်ရှိသွားတော့သည်။ ငွေမျက်နှာဖုံး၏ပခုံးကို ခိုင်မြဲသော လက်ချောင်းများဖြင့် ဆုပ်ကိုင်ဖမ်းညှစ်လိုက်၏။

လင်းထက်ဆွေ၏လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် ဝတ်စုံနက်ရှစ်ယောက်သည်လည်းကောင်း၊ ငွေမျက်နှာဖုံးသည်လည်းကောင်း မည်သို့မျှ မခုခံနိုင်ဘဲ လင်းထက်ဆွေ၏လက်ထဲ၌ အရုပ်ကလေးတစ်ရုပ်အလား အဖမ်းခံလိုက်ရတော့သည်။

ငွေမျက်နှာဖုံးမှာ လင်းထက်ဆွေ၏ဖိညှစ်ဆုပ်ကိုင်မှုကြောင့် တစ်ကိုယ်လုံး ထုံကျဉ်လာသည်။

ဝတ်စုံနက်ရှစ်ယောက်သည် ရုတ်တရက် သတိဝင်လာပြီး လင်းထက်ဆွေအား ဝိုင်းဝန်းထိုးခုတ်ကြတော့သည်။ လင်းထက်ဆွေသည် သူ့လက်ထဲရှိ ငွေမျက်နှာဖုံးစွပ်အား ဒိုင်းသဖွယ် ခံပေးသည်။

"ဟာ..."

"ဟေ့... မလုပ်ကြနဲ့"

"ဒုတိယခေါင်းဆောင်ကြီးကို ထိမယ်"

တစ်ယောက်တစ်ပေါက် ဆူညံစွာ အော်ဟစ်ပြီး ရှဲခနဲ နောက်ဆုတ်သွားကြတော့သည်။

အနီရောင်ခေါင်းပေါင်းနှင့် ဝတ်စုံနက်ရှစ်ယောက်တို့မှာ ဆိုးရွားသော အခြေအနေကိုကြည့်ပြီး မလှုပ်ရဲတော့ပေ။

သူတို့ အနည်းငယ်လှုပ်သည်နှင့် လင်းထက်ဆွေ အော်ဟစ်ခြိမ်းခြောက်လိုက်လေ၏။

"ဘယ်သူလှုပ်ရဲသလဲ... လှုပ်ရဲတဲ့လူ လှုပ်ကြည့်လိုက်စမ်း၊ မင်းတို့ခေါင်းဆောင် ချက်ချင်း သေသွားမယ်"

လင်းထက်ဆွေက အတွင်းအားထုတ်ဖျစ်ညှစ်လိုက်သဖြင့် ငွေမျက်နှာဖုံးမှာ သူ့လက်ထဲ၌ ထွန့်ထွန့်လူးသွားသည်။

ဝတ်စုံနက်များသည် မလှုပ်ရဲဘဲ နောက်သို့ဆုတ်သွားကြသည်။ ငွေရောင်မျက်နှာဖုံး၏ မျက်လုံးများပင် ကြောက်ရွံ့ထိတ်လန့်မှု အရိပ်အယောင်တို့မှာ တဖျတ်ဖျတ် ပေါ်ထွက်လာသည်။

လင်းထက်ဆွေအား ထိတ်ထိတ်ပျာပျာကြည့်ပြီး တုန်ယင်သောလေသံဖြင့် မေးလိုက်သည်။

"မင်း... မင်း... ငါ့ကို ဘာလုပ် ဘာလုပ်မလို့လဲ"

"ကျုပ်က ဘာမှမလုပ်ချင်ဘူး၊ အကြောင်းမဲ့ လူမသတ်ချင်ဘူး၊ ဒီတော့ ခင်ဗျားရဲ့ ဘယ်လိုမှ အသုံးမပြုလိုက်ရတဲ့ ကျာပွတ်ကို ကောက်ယူပြီး ထွက်သွားပေတော့"

"ဘာ... ငါ့ကိုကျာပွတ်ကောက်ခိုင်းတယ် ဟုတ်လား"

"ဟုတ်တယ်"

"ထွီ... ငါလိုကောင်က သေတောင် မကောက်ဘူးကွ... အား"

ငွေရောင်မျက်နှာဖုံးမှာ ဆက်မပြောနိုင်ဘဲ နာကျင်စွာပင်



အော်ဟစ်လိုက်သည်။ လင်းထက်ဆွေက အတွင်းအားထုတ်၍ သူ့အကြောများကို ဖျစ်ညှစ်လိုက်သောကြောင့် ဖြစ်ပေသည်။

ထိုအခါ ဝတ်စုံနက်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။

"ရပ်လိုက်စမ်း... တို့ရဲ့ခေါင်းဆောင်သာ တစ်ခုခုဖြစ်သွားရင် မင်း သေပြီသာ မှတ်ပေတော့"

လင်းထက်ဆွေသည် ထိုလူများအားလုံးကို လုံးဝဂရုမစိုက်ချေ။ ငွေမျက်နှာဖုံး၏ အကြောများကိုထိန်းချုပ်ပြီး တဖြည်းဖြည်း ရှေ့သို့တွန်းထိုးထား၏။

ကျာပွတ်အနီးသို့ လျှောက်သွားခြင်းဖြစ်သည်။

"ကျာပွတ်ကို မြန်မြန်ကောက်"

ငွေရောင်မျက်နှာဖုံးနှင့်လူမှာ နာကျင်ခြင်းဝေဒနာကို လက်တွေ့ခံစားပြီးပြီဖြစ်၍ မငြင်းဆန်ရဲတော့ပေ။

သူ့မျက်လုံးများ အရောင်မှိန်ဖျော့လာသည်။

"ကောင်းပြီ"

သူသည် မြေကြီးပေါ်၌ကျနေသော ကျာပွတ်ကို ညာခြေဖျားဖြင့် ဆတ်ခနဲ မြှောက်တင်လိုက်၏။ လေထဲတွင်ပင် ကျာပွတ်ကို ဖမ်းယူဝှေ့ယမ်းလိုက်ပြီး လင်းထက်ဆွေကို အံကြိတ်၍ပြော၏။

"မင်းကို ဒီနေ့ ငါရှုံးသွားခဲ့ပြီ၊ ငါ့နာမည် သင်းခွေချပ်၊ မင်းနာမည် ဘယ်သူလဲ၊ ငါ့ကိုပြောခဲ့"

လင်းထက်ဆွေက တုံ့ဆိုင်းခြင်းမရှိပဲ တည်ငြိမ်စွာပင် ပြန်ဖြေလိုက်သည်။

"လင်းထက်ဆွေ…"

"ကောင်းပြီ… မင်းနဲ့ငါ နောက်တစ်ခါထပ်တွေ့ကြဦးမယ်၊ အဲဒီအချက်ကို မြဲမြဲမှတ်ထား"

လင်းထက်ဆွေသည် ငွေမျက်နှာဖုံးကို တွန်းထုတ်လိုက်လေသည်။

ငွေမျက်နှာဖုံးသည် လင်းထက်ဆွေအား ဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် အခဲမကြေစွာ ကြည့်ပြီးခါက် သူ့လူများကို လှည့်၍ အမိန့်ပေးလိုက်၏။

"မင်းတို့ အလျင်သွားနှင့်ကြ"

ခေါင်းပေါင်းနီဝတ်စုံနက် ရှစ်ယောက်သည် မည်သို့မျှ စကားမပြောဝံ့ဘဲ မြင်းကို ဒုန်းစိုင်းကာ ထွက်ခွာသွားကြလေသည်။

သင်းခွေချပ်က အေးတိအေးစက် ပြုံးလိုက်ပြီးလျှင် သူ၏ ကျာပွတ်ကို မွတ်နေအောင် ဝှေ့ယမ်းလိုက်လေသည်။

"လင်းထက်ဆွေ… ဒီနေ့တော့ မင်း အောင်ပွဲခံခဲ့ပြီပေါ့ကွာ၊ အေး… နောက်တစ်နေ့တွေ့ရင်တော့…"

လင်းထက်ဆွေက ဘာမျှမဖြစ်သလို တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြော၏။

"ကျုပ် သူတစ်ပါးနဲ့ခိုက်ရန်မဖြစ်ချင်သလို ရန်ငြိုးရန်စလဲ မရှိချင်ပါဘူး၊ ဒီပြဿနာဟာ ခင်ဗျားကိုယ်တိုင်စခဲ့တဲ့ ပြဿနာပါ"

"ဘာပြောတယ်ကွ… အေးလေ… ဒီနေ့တော့ ရှိစေတော့"

သင်းခွေချပ်သည် ကျာပွတ်ကို ပြန်လည်ရုပ်သိမ်းလိုက်လေသည်။ သူ၏ ငွေရောင်မျက်နှာဖုံးကို ကျာပွတ်ရိုးဖြင့် တစ်ချက်ရိုက်



လိုက်ပြီး ဒေါသတကြီး ပြောလိုက်သည်။

"ဒီရန်ငြိုးရန်စကိုမရှင်းရရင် သံမဏိဂိုဏ်းရဲ့ ဒုတိယခေါင်းဆောင်ရာထူးက နုတ်ထွက်ပစ်လိုက်မယ်"

သူသည် ကြိုးဝါးအော်ဟစ်လိုက်ပြီးသည်နှင့်သူ့မြင်းကြီးကို ဒုန်းစိုင်းထွက်သွားစေတော့သည်။

လင်းထက်ဆွေသည် ငွေမျက်နှာဖုံး၏ကြုံးဝါးချက်ကို ဂရုမစိုက်ဘဲ သူ့ခရီးစဉ်ကို ဂရုစိုက်ပြေးလွှားလေတော့သည်။

## အခန်း(၁၀)
## သေဆုံးသူ၏လက်ကျန်ပစ္စည်း

လမ်းမကြီးတစ်လျှောက်တွင် ခရီးသွားသူများ အလျှိုလျှိုရှိနေကြ၏။

လူနေဒေသများ၌ ကိုယ်ဖျောပြေးလွှား၍ မသင့်တော်သဖြင့် လင်းထက်ဆွေသည် သာမန်လူတစ်ယောက်ကဲ့သို့သာ လျှောက်လှမ်းနေရပေသည်။

သို့သော်လည်း သူ့ခြေလှမ်းများက သာမန်ထက် ပိုမို၍ လျင်မြန်သွက်လက်လှသည်။

သူ့စိတ်ထဲတွင် ရဲ့ဖုံးလိမ်၏အသက်ကို အချိန်မီ ကယ်တင်ကသနိုင်ရန်သာ စိတ်ဆန္ဒစောနေသဖြင့် ခရီးတွင်လှပေသည်။

သူသည် ညဘက်တွင် ကိုယ်ဖျောပြေးလွှားပြီး နေ့ခင်းဘက်တွင် ပုံမှန်ခြေလှမ်းများဖြင့် လျှောက်သွားနေခဲ့သည်။

သူ၌ လမ်းခရီးတွင် စားသောက်နိုင်ရန် ရေဗူးနှင့်အစာခြောက်များကိုလည်း သယ်ဆောင်လာခဲ့ပေသည်။



ဤသို့ဖြင့် တတောဝင် တစ်တောင်ထွက်လှမ်းလာခဲ့ရာ အချိန်တို့ ကုန်မှန်းမသိ ကုန်ဆုံးပြီး ခရီးလည်း အတော်အတန် ပေါက်ခဲ့သည်။ သစ်တောတစ်ခုအတွင်း သူ ဝင်လာခဲ့သည်။

"ဖျပ်... ဖျပ်...."

သူ့ရှေ့မှ လူတစ်ယောက်ပြေးလွှားလာသံကို ကြားလိုက်ရ၏။ လင်းထက်ဆွေသည် သစ်ပင်ကြီးတစ်ပင်၏နောက်သို့ ဝင်ပုန်းလိုက်သည်။

မည်သူသည် အဘယ်ကဲ့သို့သောအရေးကိစ္စဖြင့် ပြေးလွှားလာနေရသနည်း။ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် ပြေးလာနေ၏။

သူပုန်းနေသည့် သစ်ပင်နှင့် မနီးမဝေးနေရာသို့ရောက်သောအခါ ထိုလူသည် ဝုန်းခနဲ လဲကျသွားလေတော့သည်။

"ဟာ...."

လင်းထက်ဆွေ ဟာခနဲ ဖြစ်သွားသည်။

ပြုတ်ကျသူက နာနာကျင်ကျင်လေး ရေရွတ်လိုက်သည်။ ထိုလူသည်လဲကျနေရာမှ ပြန်လည်ထလာနိုင်ခြင်း မရှိတော့သဖြင့် လင်းထက်ဆွေသည် ထိုနေရာသို့ပြေးထွက်သွားတော့သည်။

ထိုလူသည် လမ်းမပေါ်၌လဲကျနေပြီး တစ်ကိုယ်လုံးတွင် သွေးများ စိုရွှဲနေ၏။

ခန္ဓာကိုယ်တစ်ခုလုံးတွင် ဒဏ်ရာဒဏ်ချက်များပွနေပြီး သွေးများက ဒဏ်ရာများမှ စိမ့်ထွက်နေသည်။ ထိုလူ၏မိခင်အရင်းပင် ထိုလူကိုမှတ်မိမည် မဟုတ်တော့ပေ။

မျက်နှာတပြင်လုံး သွေးများ လူးပေနေသည်မဟုတ်ပါ

လော။ လင်းထက်ဆွေသည် ထိုသူကိုပွေ့ထူပေးလိုက်ပြီး သူ့လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်လိုက်သည်။

သွေးတိုးနှုန်းမ မှန်တော့။ သွေးကြောကိုစမ်း၍ပင် မရချင်တော့။ လင်းထက်ဆွေက တိုးညင်းစွာ မေးလိုက်သည်။

"ဘာဖြစ်တာလဲ… ခင်ဗျား ဘယ်လိုဖြစ်တာလဲ မိတ်ဆွေ"

ထိုလူ၏မျက်လုံးများ ပွင့်လာ၏။

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး…

"ခင်ဗျား… ခင်ဗျား"

လင်းထက်ဆွေသည် သူ့အသံကိုကျက်မိသွားပြီး ချက်ချင်းပင် သတိရလိုက်တော့သည်။

"ဟင်… ခင်ဗျား ရွှေနဂါးလေး ရောက်ကျင်းလုံမဟုတ်လား"

ထိုသူမှာ ဝမ်လုံပန် ဂိုဏ်းချုပ်ကြီး ရောက်မိန်ယွမ်၏ တစ်ဦးတည်းသောသား ရောက်ကျင်းလုံပင်တည်း။

ရောက်ကျင်းလုံးမှာ နှုတ်ခမ်းကို တဖွဖွ လှုပ်နေသော်လည်း အင်အားမရှိသဖြင့် အသံမထွက်နိုင်အောင်ဖြစ်နေ၏။

လင်းထက်ဆွေသည် သူ၏သေလုမျောပါးအဖြစ်ဆိုးကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိ၏။

ထို့ကြောင့် သူ၏အတွင်းအားကိုလှည့်ပတ်လိုက်ပြီး ရောက်ကျင်းလုံး၏ယယ်ထိပ်ပေါ်သို့ ဖိကပ်တင်ထားလိုက်သည်။

"ရောက်ကျင်းလုံး… ကျုပ် ခင်ဗျားကို ကူညီမယ်၊ ကျုပ်ရဲ့အတွင်းအားကိုခံယူနိုင်အောင် ကြိုးစားပါ"

"ဝေါ့…"



ရောက်ကျင်းလုံမှာ လင်းထက်ဆွေက ယယ်ထိပ်ပေါ်သို့ လက်ဖဝါးဖိကပ်ပေးလိုက်သည်နှင့် သွေးများ ထိုးအန်တော့သည်။

လင်းထက်ဆွေက အထိတ်တလန့်ဖြစ်သွားကာ သူ့လက်ဖဝါးကို အလျင်အမြန်ခွာလိုက်ပြီး အတွင်းအားကို ရုပ်သိမ်းလိုက်၏။

သူ့စိတ်ထဲတွင် ရှန်ကျိန့်ကျိအကြောသုံးဆယ့်ခြောက်နေရာကို စဉ်းစားမိသည်။

ထိုပညာကို လျံသန်းဖုံးက သူ့အား သင်ပေးစဉ်က သေလုမျောပါးလူကိုပင် ပြန်၍နိုးထလာစေနိုင်သည်ဟု ပြောဖူး၏။

ထို့ကြောင့် သူ့လက်ညှိုးနှင့်လက်ခလယ်ကို အသုံးပြုကာ ရောက်ကျင်းလုံး၏ အကြောနေရာများသို့ ထိုးချလိုက်တော့သည်။

"အင်း…"

လျံသန်းဖုံး ပြောသည့်အတိုင်း မှန်လှပေသည်။ ရောက်ကျင်းလုံမှာ အသက်ရှူမှန်လာပြီး သတိပြန်လည်လာ၏။

လင်းထက်ဆွေက ဝမ်းသာအားရ မေးလိုက်မိသည်။

"ရောက်ကျင်းလုံး… ခင်ဗျားကို ဘယ်သူက…"

"ပြန်သွား… ပြန်သွားတော့"

သူ့စကားကိုဆုံးအောင်ပင် မမေးလိုက်ရချေ။ ရောက်ကျင်းလုံက သူ့အား မော့ကြည့်ပြီး ခပ်တိုးတိုး ပြောသည်။ လင်းထက်ဆွေမှာ နားထဲတွင်မရှင်းသဖြင့် မျက်မှောင် ကြုတ်လိုက်မိ၏။

"ဘယ်ကိုပြန်သွားရမှာလဲ... ကျုပ်က ခင်ဗျားကို အိမ်ပြန်ပို့ရမှာလား"

ရောက်ကျင်းလုံမှာ သိပ်ပြီး အရေးတကြီး ရှိနေပုံရသည်။ သူ၏ပါးစပ်နှင့် နှာခေါင်းပေါက်များမှ သွေးများ ထွက်လာသည်ကိုပင် ဂရုမစိုက်ဘဲ စောစောက စကားကိုပင် ပြန်ပြောနေသည်။

"ရောက်ကျင်းလုံ... ခင်ဗျား ဘာပြောတာလဲ"

ရောက်ကျင်းလုံမှာ အသက်ငွေ့ငွေ့ကလေးသာ ကျန်ရှိတော့သည်။ သို့သော်လည်း အားခဲကာ အံကြိတ်ပြောလိုက်ပြန်သည်။

"ခင်ဗျား... ခင်ဗျား ပြန်သွားတော့"

ထိုမျှသာ ပြောနိုင်ပြီးလျှင် စကားမဆက်နိုင်တော့။ သူ့ခါးတွင် ချိတ်ထားသည့် ပစ္စည်းမျိုးစုံထည့်သားသော အိတ်တစ်လုံးကို ပုတ်ပြလိုက်ပြီး ပင်ပန်းနွမ်းနယ်သည့် လေသံပျော့ပျော့ဖြင့်ပင် ပြောလိုက်ပြန်သည်။

"ခင်ဗျား ယူပြီး... ပြန်... ဝေါ့"

သွေးခဲများ အန်ထွက်လာပြန်သည်။ လင်းထက်ဆွေမှာ ဘာမှုနားမရှင်းသေးသဖြင့် ရောက်ကျင်းလုံကို ကိုင်လှုပ်မေးပြန်သည်။

"ရောက်ကျင်းလုံ... ခင်ဗျား ကျုပ်ကို ဘာပစ္စည်းယူပြီး ပြန်ခိုင်းနေတာလဲ"

ရောက်ကျင်းလုံမှာ ဘာမျှပြန်မဖြေနိုင်ဘဲ ဇက်ကျိုးသွားသည်။ ရောက်ကျင်းလုံ သေဆုံးလေပြီ။ လင်းထက်ဆွေသည် သူ၏အသေဆိုးပုံကိုကြည့်ပြီး ရင်ထဲ တွင် နင့်ခနဲ ဖြစ်သွားရ၏။

သူ့စိတ်ထဲတွင် ရောက်ကျင်းလုံပြောခဲ့သည်တို့ကို မရှင်းမ



လင်းဖြစ်နေ၏။ ထို့ကြောင့် ရောက်ကျင်းလုံ၏အိတ်ကို ဖြုတ်ယူနှိုက်ကြည့် လိုက်သည်။

အိတ်အတွင်း၌ ဒဏ်ရာရလျှင်လိမ်းသော ဆေး အနည်းငယ်နှင့် မီးခတ်ကျောက်သာလျှင် ရှိနေ၏။ လင်းထက်ဆွေ နောက်ထပ်ဘာမျှစမ်း၍မရသဖြင့် အိတ်ကို သွန်ချကြည့်လိုက်သည်။

အိတ်ထဲကထွက်လာသော ပစ္စည်းများက လရောင်အောက်တွင် အရောင်လက်နေ၏။

ထိုအထဲတွင် သိုင်းလောကသားတို့ အသုံးပြုတတ်သော ငွေရောင်သုံးမြွှောင် ငွေပြားကလေးတစ်ခုကို တွေ့လိုက်ရ၏။

ယင်းငွေပြားသည် လရောင်၌ပင် မျက်စိစူးအောင် တလက်လက် တောက်ပနေသည်။

"သူပြောတဲ့ပစ္စည်းဟာ ဒါလေးများလား မသိဘူး"

လင်းထက်ဆွေသည် ထိုငွေပြားကလေးကို ကောက်ယူကြည့်မိသည်။ သည်တော့မှ ထိုငွေပြားပေါ်တွင် အံ့သြဖွယ်ကောင်းသော စာလုံးများ ထွင်းထုထားသည်ကို တွေ့ရသည်။

"ဂိုဏ်းသုံးဂိုဏ်း၏ ဝိညာဉ်တောင်းခံ အမိန့်ပြန်စာ"

စာလုံးလေးများက ငွေပြားပေါ်တွင် ညီညာသေသပ်စွာရှိနေ၏။ လင်းထက်ဆွေသည် ကျောဘက်သို့ လှန်ကြည့်လိုက်ပြန်လေသည်။

"ဆယ်နှစ်ကာလ သွေးပင်လယ်ကြွေး"

ထိုစာလုံးများကလည်း ချောက်ချားဖွယ်ရာပင်။

လင်းထက်ဆွေသည် ထိုငွေပြားကလေးကို အပြန်ပြန် အ

လှန်လှန် ကြည့်ရှုနေသော်လည်း ထိုစာတန်းနှစ်ခု၏ အဓိပ္ပာယ်ကို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေမိ၏။

မည်သည့်ဂိုဏ်း၏အမိန့်ပြန်စာမှန်းလည်း မသိရချေ။

သို့သော် ထိုငွေပြားသည် ရောက်ကျင်းလုံက သေကာနီး တွင် အရေးတကြီး ယူသွားနိုင်းသော ပစ္စည်းတစ်ခုဖြစ်ရမည်ကိုမူ သူ ခန့်မှန်းမိပေသည်။

ထို့ကြောင့် ထိုငွေပြားကလေးကို အိတ်ထဲသို့သိမ်းဆည်း ထားလိုက်ပြီးလျှင် ရောက်ကျင်းလုံ၏အလောင်းကို လမ်းဘေးတစ် နေရာ၌ ကျင်းတူးမြှုပ်နှံပေးလိုက်သည်။

ထို့နောက် သူ့ခရီးစဉ်ကို ရှေ့ဆက်လှမ်းခဲ့တော့သည်။



## အခန်း(၇၁)
## စောင့်ကြိုနေသောငွေငှက်ဂိုဏ်း

လင်းထက်ဆွေ ဆက်လက်ခရီးနှင်လာခဲ့ရာ ကွီပြည်နယ် တောင်တန်းပေါင်း တစ်သောင်းနေရာသို့ရောက်ရှိလာ၏။

နောက်ထပ်ငါးရက်လောက် ခရီးနှင်လိုက်လျှင် မြောင်ကျန်း ပြည်နယ်သို့ရောက်ရှိနိုင်မည်ဟု သူ ခန့်မှန်းမိသည်။

အချိန်က မှောင်ရီပြိုးဖျအချိန်ဖြစ်နေသဖြင့် လင်းထက်ဆွေ မှာ အလျင်အမြန် ခရီးဆက်နေရ၏။

ထိုစဉ် သူ့ရှေ့မှလူရိပ်တစ်ခုမြင်ရပြီး ငွေရောင်ရတ်တရက် လက်သွားသည်ကို တွေ့လိုက်သည်။

တစ်ကိုယ်လုံး ငွေရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူ တစ်ယောက်သည် သူ့သွားလမ်းကို ပိတ်ဆို့တားဆီးထားလေပြီ။

ထိုလူက မောက်မာစွာ ဆီး၍ မေးသည်။

"ခင်ဗျား အလယ်ပိုင်းမြေပြန့်ဒေသက လင်းထက်ဆွေ မ ဟုတ်လား"

"ဟုတ်တယ်... ခင်ဗျား ဘယ်သူလဲ"

"ခင်ဗျားသတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့"

ထိုသူသည် စကားဆုံးသည်နှင့်တောင်ကုန်းများရှိရာသို့ အဆက်မပြတ် ခုန်ပျံပြေးလွှားသွားတော့သည်။

ထိုသူ၏ကိုယ်ဖော့ပညာမှာ မည့်လှပေ။ လင်းထက်ဆွေက စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

"ကံဆိုးပြီဆိုရင် အန္တရာယ်ကို ဘယ်လိုမှရှောင်လို့မရတော့ပါလား၊ သူများက ငါ့နာမည်ကို မှန်ကန်အောင်တောင် ပြောနိုင်မှတော့ သူတို့တွေ ကြိုတင်စီစဉ်ထားမှာ သေချာတယ်၊ ဒီတော့ လိုက်သွားတာပဲကောင်းမယ်"

သူလည်း ထိုသူ၏နောက်မှလိုက်ပါသွားတော့သည်။ ထိုသူကလည်း ရှေ့မှ လျင်မြန်သောအဟုန်ဖြင့် ပြေးလွှားနေ၏။

လက်ဖက်ရည်တစ်အိုးကျလောက်တွင် သူတို့နှစ်ယောက်မှာ တောင်ကြားတစ်ခုအတွင်းသို့ ရောက်လာခဲ့တော့သည်။

ရှေ့မှသွားနေသော ငွေရောင်ဝတ်စုံနှင့်လူသည် ထိုတောင်ကြားသို့ရောက်သည်နှင့် အရှိန်သတ်ရပ်လိုက်သည်။

"ခင်ဗျား ဒီမှာခဏစောင့်နေပါ မိတ်ဆွေ"

"ခင်ဗျား ကျွန်တော့်ကိုခေါ်လာတာ ဘာကိစ္စလဲ"

"စောင့်သာ ကြည့်နေပါ"

ထိုသူက တောင်ကြားဝသို့ညွှန်ပြလိုက်၏။ လူတစ်ရပ်ခန့်မြင့်သောကျောက်တိုင်တစ်တိုင်က ရှေ့တွင် ထီးတည်းမတ်မတ် ရှိနေလေ၏။



လင်းထက်ဆွေက ကျောက်စာတိုင်ကို ဂရုတစိုက်ကြည့်လိုက်သည်။

"မရဏတောင်ကြား"

လင်းထက်ဆွေသည် အသံထက်ပြီး စာဖတ်လိုက်၏။

ငွေရောင်ဝတ်စုံနှင့်လူက....

"မိတ်ဆွေ မသိဘူးလား"

"ဟင့်အင်း... မသိဘူး"

"မရဏတောင်ကြားဆိုတာ ကျုပ်တို့ဂိုဏ်းရဲ့ ဌာနချုပ်နေရာပဲ"

"ခင်ဗျားတို့ဂိုဏ်းက ဘာဂိုဏ်းလဲ"

ထိုစဉ် အကျီစလေတိုးသံများကို ရုတ်တရက် ကြားလိုက်ရသည်။

လူဆယ်ယောက်ခန့်သည် ပြိုးပြိုးလက်သောငွေရောင်ဝတ်စုံများဖြင့် တောင်ကြားအတွင်းမှထွက်ပေါ်လာကြသည်။

ရှေ့မှဦးဆောင်လာသောသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အသက်အစိတ်ခန့်ရှိ၏။

သူမ၏ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုသာ ရှိသော်လည်း မျက်ဝန်းညိုကြီးများကမူ လူတစ်ယောက်ကို ညှို့ယူနိုင်စွမ်းရှိနေသည်။

သူမက လူမရောက်လာမီမှာပင် လင်းထက်ဆွေကို အော်

ဟစ်ဖြေလိုက်သည်။

"ငွေငှက်ဂိုဏ်းဆိုတာကို ရှင် မကြားဖူးသေးဘူးနဲ့တူတယ်"

စောစောက လင်းထက်ဆွေကိုခေါ်လာခဲ့သူက ဘေးသို့အသားတိုးကပ်ပြီး လေသံဖြင့်သတိပေးလိုက်သည်။

"ဂိုဏ်းချုပ်ရောက်လာပြီ မိတ်ဆွေ... သတိထားဆက်ဆံပါ"

လင်းထက်ဆွေသည် မည်သည့်စကားမျှမပြောဘဲ ထိုအမျိုးသမီးကိုသာ အကဲခတ်နေ၏။

ထိုအမျိုးသမီးသည် လင်းထက်ဆွေနှင့် ငါးဂိုက်ခန့်အကွာတိုးကပ်လာပြီး ချိုချိုသာသာပင် စကားပြောသည်။

"ကျွန်မဟာ ငွေငှက်ဂိုဏ်းရဲ့ဂိုဏ်းချုပ် ဝန်အိရှာပါ၊ သိုင်းလောကထဲမှာ အမည်နာမမရှိသေးတဲ့ အညတရ တစ်ယောက်ပေါ့ရှင်"

လေသံက မာနကင်းလှ၏။ ထို့ကြောင့် လင်းထက်ဆွေကလည်း ပြေပြေပြစ်ပြစ် ချေချေငံငံပင် စကားပြောသည်။

"ကျွန်တော်မသိတာကို ခွင့်လွှတ်ပါခင်ဗျာ"

ဝန်အိရှာက ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်၏။

"ရှင် လွန်ခဲ့တဲ့ဆယ်နှစ်လောက်က သိုင်းလောကထဲက လှုပ်ရှားခဲ့မယ်ဆိုရင်တော့ ငွေငှက်ဂိုဏ်းရဲ့နာမည်နဲ့ စိမ်းမှာမဟုတ်ပါဘူး... ဒါပေမယ့်...."

ဝန်အိရှာ၏ မျက်နှာအမူအရာမှာ ရုတ်ခြည်းပင် ပြောင်းလဲသွား၏။ မျက်နှာထားမှာ အုံ့ညှိုးဖွယ်ကောင်းလောက်အောင် တင်းမာခက်ထန်လာသည်။



"ဒါပေမယ့် ဘာဖြစ်သလဲ"

ဝန်အိရှာ၏လေသံမှာ စောစောကလောက် နူးညံ့သိမ်မွေ့ခြင်းမရှိတော့ပေ။

"အဲဒီတုန်းက အမေဟာ ဂိုဏ်းကိုအုပ်ချုပ်နေတဲ့အချိန်ပေါ့၊ ဂိုဏ်းနာမည်ကလေးလဲ သိုင်းလောကထဲမှာ နည်းနည်းပါးပါး ထင်းစပြုနေတဲ့အချိန်ပေါ့၊ မမျှော်လင့်ဘဲ အလယ်ပိုင်းမြေပြန့်သိုင်းသားတွေက ကျွန်မအမေ မုဆိုးမကြီးကို စိတ်ဆင်းရဲအောင် နှိပ်စက်ခဲ့ကြတယ်၊ ဂိုဏ်းငါးဂိုဏ်းက ကျွန်မအမေရဲ့ဂိုဏ်းအလံကိုဖြုတ်ချပြီး ကျွန်မတို့ဂိုဏ်းကို အစိပ်စိပ် အမြွာမြွာ ပြိုကွဲစေခဲ့တယ်"

ဝန်အိရှာမှာ ပြောရင်း ပြောရင်းက ဒေါသထွက်လာလေသည်။ မျက်လုံးက အရောင်တဖျပ်ဖျပ် တောက်လာပြီး လေသံလည်း တဖြည်းဖြည်း တုန်ယင်လာသည်။

"ကျွန်မ အမေဟာ ဒဏ်ရာဒဏ်ချက်ပေါင်း သုံးဆယ်ကျော်ရပြီး ဒီနေရာမှာ လာပုန်းခိုနေရတယ်၊ နောက်ဆုံးတော့ ဒီဒဏ်ရာတွေနဲ့ပဲ ကွယ်လွန်ခဲ့ရတယ်"

လင်းထက်ဆွေ စိတ်မကောင်းဖြစ်သွားသည်။ ထိုစဉ် ဝန်အိရှာက ဆက်ပြော၏။

"တွက်ကြည့်မယ်ဆိုရင်တော့ ဒီအဖြစ်အပျက်တွေဟာ ဒီနေ့အထိ အမြဲသစ်နေတာပဲ"

လင်းထက်ဆွေ ခပ်အေးအေးပင် မေးသည်။

"သမီးလုပ်တဲ့သူက အမေရဲ့ပြဿနာကို ပြန်လည်ရှင်းလင်းတယ်ဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုပါပဲ၊ ဒါပေမယ့် ဂိုဏ်း

ကြီးငါးဂိုဏ်းရဲ့အင်အားက အင်မတန်မှ တောင့်တင်းပြည့်စုံကြတယ်၊ ခင်ဗျားတစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

ဝန်အိရှာမှာ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ကျွန်မတို့ဂိုဏ်းနဲ့ ကံတူအကျိုးပေးဂိုဏ်းတွေ ရှိတယ်လေ၊ သံမဏိဂိုဏ်းနဲ့ ရေနဂါးဂိုဏ်းက ကျွန်မတို့နဲ့ပူးပေါင်းလိုက်တယ်၊ ဒီဂိုဏ်းသုံးဂိုဏ်းက ဆယ်နှစ်ကျော်က ပြဿနာကို အပြတ်ရှင်းကြမယ်"

လင်းထက်ဆွေသည် သူမ၏စကားကို နားထောင်နေရင်းမှ ငွေရောင်သုံးမြှောင့်တံဆိပ်ကလေးကို ဖြတ်ခနဲ သတိရလိုက်သည်။

"ဂိုဏ်းသုံးဂိုဏ်းရဲ့ 'ဝိညာဉ်တောင်အမိန့်ပြန်စာ'၊ ဆယ်နှစ်ကာလ သွေးပင်လယ်ကြွေး"

လင်းထက်ဆွေ တွေးနေ၏။ ဝန်အိရှာ၏ မျက်နှာထားသည်လည်း ပုံမှန်အခြေအနေသို့ရောက်ရှိလာ၏။

သူမ၏လေသံကလည်း ပျော့ပျောင်းညင်သာလာသည်။

နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်ပြီး....

"ဒီည ရှင့်ကိုဖိတ်ခေါ်လိုက်ရတဲ့ကိစ္စကို ဖြုန်းခနဲလုပ်လိုက်ရလို့ အရေးမကြီးဘူး မထင်လိုက်ပါနဲ့၊ ကျွန်မတို့အတွက် သိပ်အရေးကြီးပါတယ်ရှင်"

သူမကပင် သူ့ကိုခေါ်လာရသည့်အကြောင်းကို စကားစပေးလိုက်သဖြင့် လင်းထက်ဆွေ ပြုံးလိုက်မိသည်။

"ကျွန်တော်လဲ ခင်ဗျားကိုမေးမလို့ပါပဲ၊ ဘာကိစ္စများရှိလို့ ဝန်ဂိုဏ်းချုပ်က ကျွန်တော့်ကိုခေါ်လာရတာလဲခင်ဗျာ"



ဝန်အိရှာက....

"သိုင်းလောကထဲမှာ လူပြောသူပြောများနေတာက လင်းသူ့ရဲကောင်းလေးမှာ ဆပ်စရာရှိတဲ့သွေးကြွေးတွေကို အခုထက်ထိ မဆပ်ရသေးလို့ ကြားရတယ်၊ နောက်ပြီး ဂိုဏ်းကြီးငါးဂိုဏ်းနဲ့လဲ အရှုပ်အရှင်းရှိခဲ့တယ်လို့ပြောကြတယ်၊ ဒီကိစ္စဟာ အမှန်ပဲလား"

လင်းထက်ဆွေသည် နဖူးကြောရှုံ့ကာ စဉ်းစားလိုက်မိသည်။ ဝန်အိရှာ၏ စကားအသွားအလာက သူတို့၏ဂိုဏ်းသုံးဂိုဏ်း ပူးပေါင်းမှုအစီအစဉ်ထဲတွင် ပါဝင်ရန် အစပျိုးနေခြင်းဖြစ်ပေမည်။

ဝန်အိရှာက ဆက်ပြောပြန်သည်။

"ကျွန်မနဲ့ရှင်ဟာ ဝေဒနာတူတဲ့လူတွေမို့လို့ အပြန်အလှန်ကိုယ်ချင်းစာမိပါတယ်၊ ရှင်ကသာ မငြင်းဘူးဆိုရင် ရှင့်ကို ကျွန်မတို့ဂိုဏ်းကိုဦးဆောင်ဖို့ ဖိတ်ခေါ်ပါတယ်၊ ကျွန်မကိုယ်တိုင် ရှင့်စကား ရှင့်အမိန့်အတိုင်း နားထောင်လိုက်နာပါ့မယ်"

လင်းထက်ဆွေက စဉ်းစဉ်းစားစားပင် ပြောသည်။

"မဟုတ်သေးပါဘူး... ကျွန်တော့်မှာ အဖေ့ကိုသတ်သွားတဲ့ သွေးကြွေးတွေရှိနေပေမယ့် ခုထက်ထိ ဘယ်သူလဲဆိုတာ မသိရသေးပါဘူး၊ နောက်ပြီး ကျွန်တော်က သိုင်းလောကတစ်ခုလုံးရဲ့ သွေးချောင်းစီးမယ့်အဖြစ်အပျက်ကို မလိုလားဆုံးပါပဲ၊ ခင်ဗျားရဲ့ဂိုဏ်းကလဲ ခင်ဗျားအမေလက်ထက်ကတည်းက တည်ထောင်ထားခဲ့တဲ့ ဂိုဏ်းဖြစ်နေတော့ ကျွန်တော်ပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားကလွဲလို့ ဘယ်သူမှ ဦးမဆောင်သင့်ပါဘူး"

"လင်းသူ့ရဲကောင်းကလေးသာ ကျွန်မရဲ့ဂိုဏ်းထဲကိုပါဝင်ဖို့

စိတ်မဝင်စားဘူးဆိုရင် ရှင့်အတွက် ကျွန်မ သိပ်ကိုစိုးရိမ်နေမိတယ်"

"ဘာကို စိုးရိမ်တာလဲဗျ"

"ကျွန်မ အစိုးရိမ်ဆုံးက လင်းသူရဲကောင်းလေး ဒီကိုရောက်လာတဲ့ကိစ္စပါပဲ"

"ကျွန်တော် ဒီကိုလာခဲ့တဲ့ကိစ္စ ဟုတ်လား"

"ဟုတ်ပါတယ်... ဂိုဏ်းသုံးဂိုဏ်းပူးပေါင်းဖို့ ဒီနေရာမှာကျမ်းကျိန် သစ္စာဆိုခဲ့ကြတယ်၊ ဒီလိုကျမ်းကျိန်တဲ့အချိန် ဒီကိုရောက်လာတဲ့သူကို ရန်သူမဟုတ်ရင် မိတ်ဆွေလို့ ယူဆလိုက်ကြတယ်၊ နောက်တော့လဲ"

"ဒါတွေ ကျွန်တော် မသိပါဘူးဗျာ၊ ကိုယ့်ကိစ္စနဲ့ကိုယ် မြောင်ကျန်းပြည်နယ်ကို အရေးတကြီးသွားစရာရှိနေလို့ ဒီကိုရောက်လာတာပါ၊ ဒီနေရာမှာ ကျမ်းကျိန်တဲ့ကိစ္စ ရှိနေတယ်ဆိုတာ သတိမထားမိခဲ့ပါဘူး"

"ဒါပေမယ့် သူရဲကောင်းလေးက သံမဏိဂိုဏ်းနဲ့ ပြဿနာရှိခဲ့တယ် ဟုတ်လား၊ အဲဒီပြဿနာက ဖြေရှင်းဖို့ မလွယ်ပါဘူး"

လင်းထက်ဆွေသည် ငွေမျက်နှာဖုံးရှင်ကို သတိရလိုက်လေ၏။

ဝန်အီရှာက....

"ကျွန်မ·စဉ်းစားမိသလောက်တော့ ရှင် ဝမ်လုံပန်ဂိုဏ်းက ဂိုဏ်းချုပ်လေး ရောက်ကျင်းလုံနဲ့တွေ့ပြီးပြီထင်တယ်"

လင်းထက်ဆွေသည် ရောက်ကျင်းလုံ အသတ်ခံရသည့်ကိစ္စသည် ဤဂိုဏ်းနှင့်သက်ဆိုင်နိုင်သည်ဟူ၍တော့ တွေးမိလေသည်။



သို့သော် ပြဿနာမဖြစ်လိုသဖြင့် သူ ထုတ်မမေးခဲ့ပေ။ ယခုမူ ဝန်အီရှာက ရောက်ကျင်းလုံ၏ အဖြစ်အပျက်ကို ပြောပြပြီး မိမိအား ခြိမ်းခြောက်လာသဖြင့် ဒေါသထွက်လာတော့သည်။

"ဒါဟာ ခင်ဗျားတို့ရဲ့ရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေပေါ့ ဟုတ်လား"

ဝန်အီရှာက ပေါ့ပါးစွာ ရယ်လိုက်သည်။

"အဟင်း ဟင်း... ရက်စက်တဲ့လုပ်ရပ် ဟုတ်လား၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကာလတုန်းက အလယ်ပိုင်းမြေပြန့်သိုင်းလောကမှာ သူတို့တတွေဟာ သိုင်းလောကရဲ့နာမည်ကို ပြုပြင်မယ်လို့ကြွေးကြော်ခဲ့တယ်၊ ကျွန်မတို့ဂိုဏ်းသုံးဂိုဏ်းကိုလဲ ပြေးစရာမြေမရှိအောင် တိုက်ခိုက်ခဲ့ကြတယ်၊ သူတို့ဟာ ကျွန်မတို့တတွေကို တစ်ခါတည်း လက်စတုံးဖျောက်ဖျက်ပစ်ဖို့ ကြံစည်ခဲ့ကြတယ်၊ အဲဒါကတော့ ရက်စက်ယုတ်မာတဲ့လုပ်ရပ်တွေ မဟုတ်ဘူးလား၊ ကျွန်မတို့ဂိုဏ်းသုံးဂိုဏ်း အကြွေးပြန် ဆပ်တဲ့ကိစ္စကိုတော့ ရက်စက်ယုတ်မာတဲ့လုပ်ရပ်လို့ ရှင် ပြောရက်သလား"

လင်းထက်ဆွေက ခေါင်းခါလိုက်၏။

"ဒါတွေအားလုံးဟာ ကျွန်တော် ဘာမှမသိခဲ့တဲ့ကိစ္စတွေပဲ၊ ဒီကိစ္စတွေထဲမှာ ကျွန်တော့် အဖြစ်လုံးဝမရှိပါဘူး၊ ကျွန်တော့်ကိစ္စနဲ့ ကျွန်တော် ဒီကိုဖြတ်သွားတဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိနေသ

လား"

ဝန်အိရှာက တဟားဟား ရယ်လိုက်ပြီး...

"ဝမ်လုံပန် ဂိုဏ်းချုပ်လေး ရောက်ကျင်းလုံလဲ ဒီနေရာက ဖြတ်သွားတာပဲ"

သူမစကားထဲ၌ ခြိမ်းခြောက်မှုများပါလာသဖြင့် လင်းထက်ဆွေ ဒေါသထွက်လာသည်။

"ဒီမှာ ဝန်ဂိုဏ်းချုပ် ရောက်ကျင်းလုံဟာ ရောက်ကျင်းလုံပဲ၊ လင်းထက်ဆွေကလဲ လင်းထက်ဆွေပဲ၊ ဒီလိုလုပ်လို့ ဘယ်ရမလဲဗျာ၊ ကျွန်တော်က ဘယ်သူကမှလာမထိရင် ကျွန်တော်ကလဲ ဘယ်သူ့ကိုမှ လက်တုံ့ပြန်မှာ မဟုတ်ပါဘူး၊ ကဲ... ခင်ဗျားမှာ တခြားကိစ္စတွေ ရှိကောင်း ရှိနေလိမ့်မယ်၊ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်"

သူသည် စကားဆုံးသည်နှင့် ထွက်ခွာသွားရန် ကိုယ်ဟန်ပြင်လိုက်သည်။ ထိုစဉ် ညာဘက်တောင်နံရံအပေါ်မှ လေချွန်သံတစ်သံက စူးရှစွာ ထွက်ပေါ်လာသည်။

လင်းထက်ဆွေ၏စိတ်ထဲ၌ ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်မိသည်။ ဤသို့ခြေလှမ်းဆုတ်လိုက်ရခြင်းမှာ ကြောက်ရွံ့သောကြောင့်မဟုတ်။

အန္တရာယ်ကိုရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လိုက်ခြင်းသာ ဖြစ်သည်။

"ဝန်ဂိုဏ်းချုပ်... ခင်ဗျားတို့ငွေငှက်ဂိုဏ်းက ဒီလိုပဲ လူတွေကို ခိုးကြောင်ခိုးဝှက် လုပ်ကြနေတာပဲလား"

ဝန်အိရှာ ဘာမျှပြန်မပြောနိုင်မီ တောင်နံရံမှ စကားသံထွက်



ပေါ်လာသည်။

"သွားမယ်ဆိုရင်လဲ သွားနိုင်ပါတယ်၊ ဒါပေမယ့် ပစ္စည်းလေးတော့ လူအစား ထားခဲ့ရလိမ့်မယ်"

ထိုအသံနှင့်အတူ တောင်နံရံထက်မှ ကြီးမားသောခန္ဓာကိုယ်ကြီးတစ်ခုသည် လင်းယုန်ငှက်သဖွယ် ထိုးဆင်းလာသည်။

ထိုသူ၏အင်္ကျီလက်စမှာ ကြီးမားရှည်လျားလှပြီး လေတိုးသံတရှဲရှဲကို ဖြစ်ပေါ်စေ၏။ လင်းထက်ဆွေသည် ဤကဲ့သို့ အံ့ဖွယ်ထူးခြားသော အတွင်းအားပိုင်ရှင်မျိုးကို မကြုံဖူးသေးချေ။

ထိုလူကြီးကိုရင်ဆိုင်နိုင်ရန် သူ့အတွင်းအားများကို အဆင်သင့်ပြင်ဆင် ထားလိုက်ရတော့သည်။

ထိုသူသည် တောင်နံရံ ပေါ်မှ ဆင်းလာပြီး ကျောက်တုံးကြီး တစ်တုံးပေါ်တွင် မတ်မတ်ရပ်နေသည်။

သူ့မျက်နှာပုံပန်းသဏ္ဌာန်မှာ စွန်ရဲတစ်ကောင်ကဲ့သို့ရှိပြီး သူ့ဆံပင်များက အပေါ်သို့ထောင်မတ်နေ၏။ သူ့မျက်လုံးများမှာ ကြွက်မျက်လုံးကဲ့သို့သေးငယ်ကာ အဝါ ရောင်လက်နေ၏။

နှာခေါင်းကောက်သလောက် နှုတ်ခမ်းများက ထော်နေသဖြင့် အတော်ပင် အကြည့်ရဆိုးပေသည်။ ချိုင့်ဝင်နေသော နားထင်နှစ်ဖက်က ထိုသူ၏ အတွင်းအားကောင်းမှုကို သက်သေပြနေပေသည်။

သူ့ကိုယ်ပေါ်တွင် အဝါလိုလို မီးခိုးရောင်လိုလို ဝတ်ရုံကြီး တစ်ခုကို ခြုံထား၏။

"ကျုပ်ရဲ့ ရှိင်းပြမှုကို ခွင့်လွှတ်ပါ ဂိုဏ်းချုပ်"

ထိုသူက ဝန်အိရှာကိုနုတ်ဆက် လက်အုပ်ချီတောင်းပန်လိုက်သည်။ ဝန်အိရှာကလည်း ထိုသူကို အထူးတလည် အရေးပေးပုံရ၏။

သူမကလည်း ဦးညွှတ်အရိုအသေ ပြုလိုက်ပြီး....

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဂိုဏ်းချုပ်ကြီးရယ်"

သူမက အချိုသာဆုံးပြုံးကာ ပြောလိုက်၏။

တစ်ဖန် လင်းထက်ဆွေဘက်သို့လှည့်ကာ....

"လင်း သူ့ရဲ့ကောင်းလေးကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက သံမဏိဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး စွန်ရဲတောင်ပံ ချင့်ကျိန်ရှင်းပါပဲ"

လင်းထက်ဆွေက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ သံမဏိဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ်နဲ့တော့ ကျွန်တော် တွေ့ဖူးပြီးပါပြီ'

ချင့်ကျိန်ရှင်းက တဟားဟား အော်ရယ်လေတော့၏။

"ငါလဲ ဒီကိစ္စအတွက် လာခဲ့တာပဲ၊ အဲဒီကိစ္စအတွက် ငါ ကျေနပ်လောက်အောင် မင်း ရှင်းပြရလိမ့်မယ်"

လေသံက စီးပိုးလှသည်။ လင်းထက်ဆွေက ဒေါသဖြင့် ပြန်အော်လိုက်၏။

"ကျုပ် ဘာမှရှင်းပြစရာမရှိဘူး၊ ဒီကိစ္စတွေဟာ သင်းခွေချုပ်



ရဲ့အပြစ်ပဲ၊ တခြားလူကို ဘာမှအပြစ်တင်စရာ မလိုဘူး"

"တိတ်စမ်း"

ချင့်ကျိန်ရှင်းက အော်ငေါက်လိုက်ပြီး ကျောက်တုံးပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။ လင်းထက်ဆွေနှင့် ခုနစ်ပေခန့်အကွာတွင် ရင်ပေါင်တန်းလိုက်သည်။

"ဂိုဏ်းသုံးဂိုဏ်း ပူးပေါင်းလိုက်တာဟာ အလယ်ပိုင်းမြေပြန့်သိုင်းလောကသားတွေကို ရှင်းလင်းချင်လို့ပဲ၊ ဒီအချိန်မှာ ကိုယ့်ဒုက္ခကိုယ်ရှာပြီး ရောက်လာတဲ့မင်းကို ဘယ်လိုမှ ချမ်းသာမပေးနိုင်တော့ဘူး"

"ဟား... ဟား... ဟား... ရယ်စရာကောင်းလိုက်တာဗျာ၊ ကျုပ် ကိုယ်ပေါ်က မွေးညင်းကလေးတွေကိုပဲထိအောင် လုပ်ကြည့်စမ်းပါဦး"

"မင်းက ကိုယ့်ကိုယ်ကို အတော် အထင်ကြီးနေတာကိုး"

"သိပ်အထင်ကြီးမနေစမ်းနဲ့.... ခင်ဗျားကို ကျုပ် ကြောက်နေတာ မဟုတ်ဘူးဗျ"

ချင့်ကျိန်ရှင်း၏ သေးငယ်သောမျက်လုံးများ ဝိုင်းဝိုင်းလည်သွား၏။ လင်းထက်ဆွေကို ဒေါသတကြီး စိန်ခေါ်လိုက်တော့သည်။

"ဒါဆို ငါတို့ယှဉ်ကြည့်ကြရအောင်"

"ခဏနေဦး"

ဝန်အိရှာက သူတို့နှစ်ယောက်အကြားသို့ ရုတ်တရက် ဝင်ကာ ဟန့်တားလာလေ၏။

## အခန်း(၇၂)
## မရဏတောင်ကြားတိုက်ပွဲ

လင်းထက်ဆွေသည် သူတို့နှစ်ယောက်ကြားသို့ ဝင်ရောက်လာသည့် ဝန်အိရာကို ငေးကြည့်နေမိ၏။

ဝန်အိရာက သံမဏိဂိုဏ်းချုပ်ဆီသို့ မျက်နှာမူလိုက်သည်။

"ဂိုဏ်းချုပ်ကြီး... ရှင်တစ်ခုတော့ သတိထားရမယ်"

"ဘာများလဲ ဝန်ဂိုဏ်းချုပ်ရဲ့"

"လင်းသူရဲကောင်လေးဟာ သူ့မိဘအတွက် သူ့ဆရာအတွက် အကြွေးဆပ်ဖို့ သိုင်းလောကထဲရောက်လာတာ ဖြစ်ပါတယ်၊ ကျွန်မတို့မဟာမိတ် ဂိုဏ်းသုံးဂိုဏ်းနဲ့ ရည်ရွယ်ချက်ချင်း တူညီနေတာကို သတိထားရမယ်၊ သူနဲ့ပြေပြေလည်လည် ဆွေးနွေးတာ အကောင်းဆုံးပါပဲ၊ ဒီအချိန်ဟာ ဓါးသွေးထွက်ရမယ့်အချိန် မဟုတ်ပါဘူး"

"ရပါတယ်လေ... ဝန်ဂိုဏ်းချုပ်လေးရဲ့ အလိုကိုလိုက်ပြီး ဒီကောင်ကို ကျုပ်က လွှတ်ပေးလိုက်ပါ့မယ်၊ ကဲ... မင်းကိုယ်ပေါ်က ပစ္စည်းကိုထားခဲ့ပြီး ဒီကထွက်သွားမလား.... ဒါမှမဟုတ် ငါကိုယ်



တိုင်ရအောင် ယူရမလား၊ မင်း အဲဒီနှစ်လမ်းကိုရွေးလိုက်"

လင်းထက်ဆွေ နားမလည်နိုင်သလို ဖြစ်သွားရသည်။

"ဘာပစ္စည်း ချန်ထားခဲ့ရမှာလဲ"

"ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းစာအုပ်"

ချင့်ကျိန်ရှင်း၏စကားကို ကြားလိုက်ရသောအခါ လင်းထက်ဆွေသည် တုန်လှုပ်ရမည့်အစား တဟားဟား အော်ဟစ်ရယ်မောမိလေတော့၏။

လင်းထက်ဆွေ၌ အကြောက်တရားဟူ၍ ဆံချည်တစ်မျှင်စာမျှ မရှိချေ။

"ဘာရယ်တာလဲ... ဘာအဓိပ္ပာယ်နဲ့မင်းက ရယ်နေရတာလဲ"

"ရယ်စရာကောင်းလို့ ရယ်တာပေါ့ဗျာ"

"ရယ်တာ မရယ်တာ အကြောင်းမဟုတ်ဘူး၊ ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းကိုသာ ဒီမှာထားခဲ့၊ ဒါပဲ ပြောမယ်"

"အဟင်း... ဟင်း၊ ခင်ဗျားထင်တဲ့အတိုင်းပါပဲဗျာ၊ ကျောက်စိမ်းကေရာဇ်သိုင်းကျမ်းစာအုပ်က ကျုပ်ကိုယ်ပေါ်မှာ မလွဲမသွေ ရှိနေပါတယ်"

"အဲဒီစာအုပ်ထားခဲ့ရင် မင်း အသက်အန္တရာယ် မဖြစ်နိုင်တော့ဘူး"

"ဟား... ဟား... ဟား၊ ဒီသိုင်းကျမ်းကို ကျုပ်ဆီက လုတဲ့လူ မနည်းတော့ဘူးဗျ၊ ဒါပေမယ့် ဘယ်သူမှ ဒီသိုင်းကျမ်းကို ရမသွားပါဘူး၊ ဒီတော့ ကျုပ်ကို ဗလာချီ လာခြိမ်းခြောက်နေတဲ့ ခင်ဗျားကိုတွေ့တော့ ဒီလိုရယ်မိတာပေါ့ဗျာ"

"မင်း... ထုတ်ပေးမလား၊ မထုတ်ပေးဘူးလား"

"ခင်ဗျား ကျုပ်ဆီက ရအောင်ယူနိုင်ရင် ယူလိုက်လေ"

"သိပ်သတ္တိကောင်းတဲ့ ကောင်ပါလား၊ ကြည့်ရသေးတာပေါ့ကွာ"

ချင့်ကျိန်ရှင်းက တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။ ထိုစဉ် ငွေရောင်အရိပ်တစ်ခုက ဖြတ်ခနဲ လွှပ်ရှားလိုက်ပြီး သူတို့နှစ်ဦးအကြားတွင် ရပ်လာပြန်သည်။

"ဂိုဏ်းချုပ်ကြီး ခဏနေပါဦး"

ဝန်အီရှာက ဝင်ရောက်တားမြစ်နေပြန်သည်။ ဒီတစ်ကြိမ်တွင်တော့ ချင့်ကျိန်ရှင်းသည် ဝန်အီရှာကိုစိတ်ဆိုးသွားသည်။

"ဝန်ဂိုဏ်းချုပ်... မင်းက သူခိုးကို ဓားရိုးကမ်းနေတာလား"

ဝန်အီရှာ မျက်နှာရဲခနဲ ဖြစ်သွားရသည်။ ချင့်ကျိန်ရှင်းက ဆက်၍ ပြောလေ၏။

"ဂိုဏ်းသုံးဂိုဏ်းပူးပေါင်းထားတဲ့ ကျမ်းကျိန်သစ္စာစကားက ပူပူနွေးနွေးပဲ ရှိသေးတယ်၊ မင်းက ဘာဖြစ်လို့ သူတစ်ပါးကိုကူညီနေရတာလဲ"

လင်းထက်ဆွေသည် ငွေငှက်ဂိုဏ်း၏ အဆင့်အတန်းကို ချက်ချင်း သဘောပေါက်သွား၏။ ချင့်ကျိန်ရှင်းသည် ဂိုဏ်းသုံးဂိုဏ်း



ပေါင်းရာ၌ ပထမနေရာ၌ ရပ်တည်နေသူ ဖြစ်ပေလိမ့်မည်။

ဤသို့သာမဟုတ်လျှင် သီးခြားဂိုဏ်းတစ်ခု၏ ဂိုဏ်းချုပ်အဆင့်ရှိသူ ဝန်အီရှာအနေဖြင့် ဤသို့အအော် အငေါက်ခံရမည်မဟုတ်ပေ။

လင်းထက်ဆွေက ဝန်အီရှာကိုလက်ကာပြပြီး ချင့်ကျိန်ရှင်းကို စိန်ခေါ်လိုက်၏။

"ခင်ဗျား ဒီလောက်အထိ မောက်မာမနေပါနဲ့ဗျ၊ ခင်ဗျားမှာ ဘာအစွမ်းအစတွေ ရှိလို့လဲ၊ ခင်ဗျားလိုလူကို ကျုပ်က လုံးဝဂရုမစိုက်ဘူးဗျ... ဒါပဲ"

"တော်တော် လေလုံးကြီးတဲ့ကောင်ပါလား"

"ဒီ..."

ချင့်ကျိန်ရှင်းက ဒေါသတကြီး ရေရွတ်ပြီးသည်နှင့် ဘယ်ညာလက်နှစ်ဘက်ဖြင့် တိုက်ခိုက်လေတော့၏။

⁂

ဒိဂ... အင်အားကြီးမားသဖြင့် လေဟုးဟုး ထသွားသည်။

လံ... လင်းထက်ဆွေသည် ထိပ်တိုက်မခုခံဘဲ ရုတ်တရက် ခုန်

ရှောင်... ၌သွားလေ၏။

ချင့်ကျိန်ရှင်းက....

ပ... "ဘယ်လိုလဲ ကောင်လေးရဲ့၊ စောစောက ပြောတာကတစ်... တာက တစ်မျိုးပါလား"

မျိုး၊ ခုလုပ်...

လင်းထက်ဆွေသည် မည်သည့်စကားမျှမပြောဘဲ ချင့်ကျိန်ရှင်း၏ တိုက်နိုက်မှုကို နောက်ဆုတ်ရှောင်လာသည်။

"ဟ... ဘယ်လိုလဲ၊ မင်း ဒီလိုချည်းပဲ ဆုတ်ပြေးနေတော့မှာလား၊ အခုမှ သူ့ရဲ့ဘောကြောင်တဲ့ကောင်နဲ့ လာတွေ့နေရတယ်"

ဤသို့ဖြင့် တဖြည်းဖြည်း မရဏတောင်ကြားဟု ရေးထိုးထားသော ကျောက်စာတိုင်ရှိရာသို့ ရောက်ရှိလာလေ၏။

တောင်ကြားနှစ်ခုအကြားမှ လွတ်မြောက်လာခဲ့လေပြီ။

လင်းထက်ဆွေက သူ၏ဓားကို ရွမ်းခနဲ ဆွဲထုတ်လိုက်၏။

"ခင်ဗျားသိုင်းကွက် ငါးကွက်အတွင်း ခင်ဗျားဝတ်ရုံရဲ့ အကျီလက်စရှည်ကိုမဖြတ်နိုင်ခဲ့ရင် ကျုပ် ကိုယ်ပေါ်မှာရှိတဲ့ ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းကို ဒူးထောက်ပြီး ပေးခဲ့တယ်"

"မင်း တကယ်ပြောတာလား"

"ယောကျ်ားဆိုတာ မှန်ကန်တဲ့သစ္စာစကားကို တစ်ခါပဲ ဆိုတတ်တယ်၊ ကျုပ် ခင်ဗျားကို ကတိပေးတယ်"

ထိုစဉ် ဝန်အိရှာသည် လင်းထက်ဆွေအနီးသို့ ကပ်လာပြီး လှမ်းခေါ်လိုက်၏။

"လင်း သူ့ရဲ့ကောင်း"

သူမသည် စကားကိုဆုံးအောင်မပြောလိုက်ရချေ။

ချင့်ကျိန်ရှင်းက သူမရှေ့သို့ခုန်တက်ကာ ဒေါသတကြီး ဟန့်တားလိုက်၏။

"ဝန်ဂိုဏ်းချုပ်... မင်း ဘာပြောစရာရှိသေးလို့လဲ"

ဝန်အိရှာက ခပ်တိုးတိုးပြောသည်။



"ဟို... ဟို... ကျွန်မ... ကျွန်မက ဂိုဏ်းချုပ်ကြီးရဲ့ နတ်ခွန်ရဲ့ တောင်ပံအကျီလက်သိုင်းကွက်ရဲ့ အစွမ်းထက်မြက်ပုံကို လင်းသူ့ရဲကောင်းကလေးကို ပြောပြချင်လို့ပါ၊ ဒါမှ ဂိုဏ်းချုပ်ကြီးရဲ့ဂုဏ်သတင်းကို သူ သိသွားမယ်မဟုတ်လား"

သူမမှာ ထိုစကားကို မလွဲသာ မရှောင်သာဘဲ ပြောလိုက်ရ၏။ ချင့်ကျိန်ရှင်းမှာ ခေါင်းမော့လျက် တဟားဟား ရယ်တော့သည်။

"ဝန်ဂိုဏ်းချုပ်... မင်းက ငါ့ကိုလိမ်ချင် ညာချင်သေးတယ် ပေါ့လေ၊ မင်း ဘယ်လိုလှုပ်ရှားလိုက်တာနဲ့ ဘာလုပ်တော့မယ်၊ ဘာပြောတော့မယ်ဆိုတာ ငါက ချက်ချင်း သိပြီးသား"

"ဂိုဏ်းချုပ်ကြီး ဒီလိုမပြောသင့်ပါဘူး"

"ပြောတယ်ဟေ့... ပြောတယ်၊ မင်းဟာ သူခိုးဓားရိုးကမ်းသလို အတွင်းက လိုက်စားနေတယ်လို့ ပြောလိုက်တာပဲ၊ မင်းစိတ်ထဲမှာ စိတ်ကူးနှစ်ခုရှိနေတယ်"

"စိတ်ကူးနှစ်ခု ဟုတ်လား"

"ဟုတ်တယ်... တစ်ခုက လင်းထက်ဆွေကို မင်းရဲ့ ငွေငှက်ဂိုဏ်းထဲဝင်ဖို့စည်းရုံးပြီး သံမဏိဂိုဏ်းနဲ့ ရေနဂါးဂိုဏ်းကိုယှဉ်ပြီး တဗိုလ်တမင်းစင်ပြိုင်မယ်၊ နောက်တစ်ခုက သူ့ဆီက ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းကို လိုချင်လို့ပဲ"

ချင့်ကျိန်ရှာက ဝန်အိရှာ၏စိတ်ကူးနှစ်ခုကို ဒက်ခနဲ ပြောချလိုက်သည်။

သူတို့၏ ပူးပေါင်းထားသော ဂိုဏ်းသုံးဂိုဏ်းအနက် သံမဏိဂိုဏ်းမှာ အင်အားအတောင့်တင့်ဆုံးဖြစ်ပြီး အဆင့်မြင့် သိုင်းသ

မားများလည်း အများဆုံး ဖြစ်၏။

ငွေငှက်ဂိုဏ်းမှာမူ ဂိုဏ်းချုပ်ကိုယ်တိုင်က အမျိုးသမီးဖြစ်နေပြီး ထူးချွန်ထက်မြက်သော သိုင်းသမားကောင်းဟူ၍ ရှိမနေပေ။

ထို့ကြောင့် ဂိုဏ်းသုံးဂိုဏ်းတွင် သံမဏိဂိုဏ်းက အဓိကကျနေပြီး ကျန်ဂိုဏ်းနှစ်ဂိုဏ်းကို အလိုလို ကြီးစိုးလွှမ်းမိုးထားနိုင်ပေသည်။

သံမဏိဂိုဏ်း၏ အဓိကရည်ရွယ်ချက်မှာ သိုင်းလောကတစ်ခုလုံး တုန်လှုပ်စေကာ သူ့ဂိုဏ်းအဖွဲ့အစည်း နာမည်ကြီးရန် သက်သက်သာဖြစ်၏။

လက်စားချေရန်ဟူသော ရည်ရွယ်ချက်မှာ အဓိကမဟုတ်ဘဲ အကြောင်းပြကောင်းရုံသာ ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဝန်အိရာသည် လင်းထက်ဆွေကိုစည်းရုံးပြီး ကျန်ဂိုဏ်းနှစ်ဂိုဏ်းနှင့် ပခုံးချင်းယှဉ်နေချင်သည်။

နေရာတကာတွင် သူတစ်ပါး၏ စော်ကားခြင်းခံနေရသဖြင့် ဤသို့ကြံစည်နေခြင်းဖြစ်သည်။

သို့သော်လည်း သူမမှာ အစီအစဉ်ကို ထုတ်ဖော်ဝန်ခံ၍ မဖြစ်နိုင်ပေ။ ဝန်အိရာက လျင်မြန်စွာ ဖြေရှင်းသည်။

"ဒါ... ဒါကတော့ သက်သက်အထင်လွဲတာပဲ"

"ဒီလိုမှမဟုတ်ပြန်ဘူးဆိုရင်တော့ မင်းဟာ ဟား... ဟား'



ချင့်ကျိန်ရှင်းမှာ ပါးစပ်ကိုပင် မစေ့နိုင်ဘဲ အားရပါးရရယ်ကာ စောင်းမြောင်းပြောပြန်တော့သည်။

ဝန်အိရာမှာ ဂိုဏ်းတစ်ဂိုဏ်း အဖွဲ့အစည်းတစ်ခု၏ ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ပေရာ သူ့ဂိုဏ်းသားများရှေ့၌ ဤသို့ စော်ကားမော်ကား ပြုလုပ်လာသည်ကို သည်းမခံနိုင်ပေ။

"ဂိုဏ်းချုပ်ကြီး... ရှင့်စကားကိုရှင် ရှင်းအောင်ပြောစမ်းပါ၊ ...ကြောင့် ဒီလောက်ရယ်နေရတာလဲ"

ချင့်ကျိန်ရှင်း နှာခေါင်းရှုံ့လိုက်ပြီး နောက်ခွတ်ခွတ် လေသံဖြင့်....

"ဟိုအချက်နှစ်ခုစလုံးမဟုတ်ဘူးဆိုရင် မင်းမှာစိတ်ကူးတစ်ခု ထပ်ရှိနေဦးမယ်၊ အဲဒီစိတ်ကူးက လူကိုအပိုင်သိမ်းပြီး မေတ္တာခြံမှ လုံမယ်လို့ မင်းထင်မှတ်ထားတယ် မဟုတ်လား၊ ဟား... ဟား... ဟား"

"အရူးစကားတွေ"

ဟိန်းဟောက်သံနှင့်အတူ ဓားရောင်က ဖျတ်ခနဲ လင်းသွားသည်။ မိုးကြိုးသွားဓားက ချင့်ကျိန်ရှင်းထံသို့တိုးဝင်သွားသည်။

"ဟာ...."

"ရှပ်...."

ချင့်ကျိန်ရှင်း အထိတ်တလန့်လး ဖြစ်ကာ သူ့အင်္ကျီလက်စဖြင့် ရိုက်ပုတ်လျက် ဘေးသို့ခုန်ရှောင်လိုက်ရသည်။

"အရူးကြီး... ခင်ဗျားက ပြေးဖို့စိတ်ကူးနေတယ်ပေါ့၊ ဟုတ်လား"

လင်းထက်ဆွေသည် သူ့နောက်မှ အရိပ်သဖွယ်ကပ်လျက် လိုက်ပါသွားသည်။

သူ့လက်ထဲမှ တံတောင်ခန့်သာရှည်လျားသော ဓားရောင်မှာလည်း ပြိုးပြိုးပြက်ပြက် လက်နေတော့သည်။

ချင့်ကျိန်ရှင်းမှာ သေလုမျောပါး ရောင်တိမ်းလိုက်ရသဖြင့် အကြီးအကျယ် ဒေါသထွက်လာသည်။ မျက်လုံးများ နီရဲလာ၏။

"ဩော်... မင်းက အသက်ချင်း ထပ်မလို့ပေါ့လေ၊ ဒါဆိုရင်တော့ မင်းသေလမ်း မင်းရှာတာပဲ"

လင်းထက်ဆွေ ထပ်တိုက်သည်။ ဓားဦးချွန်က ချင့်ကျိန်ရှင်း၏သေကွင်း သေကွက်များဆီသို့ ဦးတည်နေ၏။

လင်းထက်ဆွေက မိုးကြိုးသွားဓားသိုင်းနှင့် သက်တန့်ပျံဓားသိုင်းနှစ်မျိုးစလုံးကို ပေါင်းစပ်တိုက်ခိုက်ခြင်းဖြစ်သဖြင့် တိုက်ကွက်များမှာ ပို၍ပြင်းထန်နေသည်။

ချင့်ကျိန်ရှင်းမှာ ပထမတွင် သူ၏အင်္ကျီလက်စကို ပြင်းထန်စွာ ဝှေ့ယမ်းနေပေသေးသည်။

သူ့စိတ်ကူးထဲတွင် လင်းထက်ဆွေ၏ လက်ထဲမှဓားကို လွတ်ကျစေပြီး နောက်သို့တစ်ဆုတ်တည်းဆုတ်ကာ အရှုံးပေါ်စေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်၏။

သို့သော် သူ၏အင်္ကျီလက်ကို ဝှေ့ယမ်းနေသော်လည်း လင်းထက်ဆွေ၏အရိပ်ကိုပင် ကွဲပြားပီပြင်အောင် ပုံဖမ်းမရဖြစ်နေသဖြင့် မည်သည့်နေရာတွင် လင်းထက်ဆွေ ရောက်နေသည်ကို မသိနိုင်ပေ။



သူ ဝှေ့ယမ်းနေသော အင်္ကျီလက်စမှာ လေထုကို အသားလွတ်ရိုက်ပုတ်တိုက်ခိုက်နေသည့်အလား ရှိနေ၏။

"ဒီကောင်လေးရဲ့ လေ့ကျင့်သင်ကြားခဲ့တဲ့ သိုင်းသက်တမ်းက ငါ့ထက်များ ပိုနေသလား မသိဘူး"

နောက်ဆုံး၌ သူ အထူးတလည် လေ့ကျင့်ခဲ့သော နတ်စွန်ရဲတောင်ပံအင်္ကျီလက်သိုင်းကွက်ဖြင့် အစွမ်းကုန်တိုက်ခိုက်တော့သည်။

"ဝိုး... ဝိုး"

အင်္ကျီလက်စနစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင် လေတိုးသံများက မိုးခြိမ်းသည့်အလား ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အင်္ကျီစဝှေ့ယမ်းသဖြင့် ထွက်ပေါ်လာသည့် လေလှိုင်းများကလည်း ရေလှိုင်းများကို တလိပ်ပြီးတလိပ် လွင့်လာသည်။

သူ၏ တိုက်ကွက်များကြောင့် ငွေငှက်ဂိုဏ်းသားများမှာ အနီးအပါး၌ မနေကြတော့ဘဲ နောက်သို့ဆုတ်ခွာသွားကြ၏။

အတွင်းအားလှိုင်း ထိခတ်ဒဏ်ရာရရှိမည်ကို စိုးရိမ်သောကြောင့် အချို့လည်း ကျောက်တုံးကျောက်ဆောင်များ နောက်၌ ပုန်းကွယ်ခိုအောင်းကာ ကြည့်ကြသည်။

"ကျား..."

လင်းထက်ဆွေက မာန်သွင်းအော်ဟစ်လိုက်ပြီး သူ့ဆီသို့ ရိုက်ချလာသော ချင့်ကျိန်ရှင်း၏ အင်္ကျီလက်စအတွင်းသို့ ဓားကို ထိုးသွင်းလိုက်လေတော့သည်။

"ဝုန်း..."

ဓားအဖျားနှင့် အင်္ကျီလက်စတို့ ထိခတ်မိသည်နှင့် အတွင်း

အားချင်းထိခတ်မိကာ ဝုန်းခနဲ မြည်ဟည်းသွားရသည်။

နှစ်ယောက်စလုံး နောက်သို့ ခုတ်ဆုတ်လာကြသည်။

နှစ်ယောက်စလုံးမှာ တစ်ယောက်အခြေအနေကိုတစ်ယောက် ကောင်းစွာသိရှိထားကြ၏။

အထူးသဖြင့် လင်းထက်ဆွေက ချင့်ကျိန်ရှင်း၏ နတ်စွန်ရဲ အင်္ကျီလက်အတွင်းအားလှိုင်းမှာ ယခုထက်မက အစွမ်းထက်မှန်း ရိပ်မိပေသည်။

သူ၏အင်္ကျီလက်မှာလည်း သာမန်ဝါဂွမ်း၊ ပိုးလျှော်တို့ဖြင့် ပြုလုပ်ထားခြင်း မဖြစ်နိုင်ပေ။ ထူးခြားသည့် ပစ္စည်းတစ်ခုခုနှင့် ပြုလုပ်ထားရမည်မှာ မလွဲပေ။

ချင့်ကျိန်ရှင်းကလည်း လင်းထက်ဆွေ၏လက်ထဲမှဓားကို အထင်မသေးဝံ့ပေ။ ပါးစပ်ကသာ ချိုးချိုးနှိမ်နှိမ် ပြောနေသော်လည်း စိတ်ထဲကမူ သတိကြီးစွာထား၍ တိုက်ခိုက်နေရသည်။

အချိန်က နာရီဝက်ခန့်မျှပင် ကြာမြင့်သွားခဲ့ရသည်။ လရောင်က အနောက်ဘက်သို့ ခပ်စောင်းစောင်းရှိနေရာမှ ခေါင်းပေါ်တည့်တည့်သို့ ကျလာ၏။

လင်းထက်ဆွေသည် ဤမျှအထိ ကြာမြင့်အောင် တိုက်ခိုက်ပြီးသည့်တိုင် အရှုံးအနိုင်မပေါ်သေးသဖြင့် စိတ်မရှည်တော့။ ရုတ်တရက် တိုက်ကွက်ပြောင်းလိုက်သည်။

သူလက်ထဲမှဓားရှည်ကို လက်ညှိုးပမာထားလျက် ရှန်ကျင့်ကျိကြေသုံးဆယ်ခြောက်နေရာအတိုင်း တိုက်ခိုက်လိုက်တော့သည်။

"ဝှစ်... ဝှစ်"



ချင့်ကျိန်ရှင်းမှာ လင်းထက်ဆွေ၏ တိုက်ကွက်များကို အလိုက်သင့်စွာ ပြန်လည်ခုခံနေရပေသည်။

လောလောဆယ်အခြေအနေတွင် သူက ပြန်လည်၍ တိုက်စစ်ဆင်ရန် မဖြစ်နိုင်အောင်ရှိနေ၏။

ဓားဖျားက သူ့ရင်အုံအနီးသို့ ကျရောက်တိုးဝင်လာသည်ကို တွေ့ရလျှင် သူလက်နှစ်ဖက်စလုံးမှာ အင်္ကျီစဖြင့် လင်းထက်ဆွေ၏ ဓားများကို ရစ်ပတ်လိမ်ဆွဲရန် ကြိုးစားလိုက်ရသည်။

"ရွှပ်...."

လင်းထက်ဆွေသည် သူ့ဓားကို ရုတ်တရက် နောက်သို့ ပြန်ရုပ်လိုက်ပြီး လူကိုယ်တိုင်လည်း နောက်သို့ဆယ်ပေခန့် ခုန်ဆုတ်ပြီး ပြုံးလိုက်သည်။

ချင့်ကျိန်ရှင်းကလည်း သူ့အင်္ကျီလက်စကိုရုပ်ပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။

လင်းထက်ဆွေက....

"ကဲ... ခင်ဗျား ဘာပြောချင်သေးသလဲ"

ချင့်ကျိန်ရှင်းကလည်း အသံသြကြီးဖြင့်....

"မင်းကကော ဘာပြောချင်သေးလို့လဲ"

လင်းထက်ဆွေသည် တဟားဟား အော်ဟစ်ရယ်မောလေတော့သည်။

"ခင်ဗျားက နည်းနည်းပါးပါးလဲ သတိထားဦးမှပေါ့၊ ကိုယ့်ကိုယ်ကိုလဲ တော်တော်အထင်ကြီးတဲ့လူပဲ၊ ခင်ဗျားရဲ့ နတ်စွန်ရဲအင်္ကျီလက်ကိုလဲ ကြည့်လိုက်စမ်းပါဦး"

"ဘာလဲ… မင်းက ငါ့အင်္ကျီလက်စကိုထိနိုက်အောင် လုပ်နိုင်ခဲ့လို့လား"

"ခင်ဗျားကိုယ်တိုင် ကြည့်ပြီးမှပြောရင် ကောင်းမယ်"

ချင့်ကျိန်ရှင်းသည် သူ့လက်ကိုမြှောက်ကြည့်လိုက်၏။

"ဟင်…"

သူ၏အင်္ကျီလက်ကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးကြောင်ကြည့်နေမိသည်။

သို့သော် ချက်ချင်းလိုလို ဒေါသရိပ်များက မျက်နှာပေါ်သို့ လွှမ်းအုပ်လာသည်။

သူ့ဘယ်ဘက်အင်္ကျီလက်မှာ ခုနစ်လက်မခန့်ကွဲထွက်နေပြီး လေအဝှေ့၌ တယမ်းယမ်း လှုပ်ရှားနေပေတော့သည်။



## အခန်း(၈၃)
## ဆိုက်ရောက်လာသောသေခြင်းတရား

လင်းထက်ဆွေက အေးဆေးစွာ ပြောလိုက်သည်။

"ဒီအချက် တစ်ချက်တည်းနဲ့ပဲ ခင်ဗျားဟာ ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းနဲ့ မထိုက်တန်တော့ဘူးဆိုတာ ရှင်းနေပြီ"

ချင့်ကျိန်ရှင်းသည် ငိုင်ငေးနေရာမှသတိပြန်ဝင်လာသည်။

"မင်း… မင်း"

လင်းထက်ဆွေက အလျှင်အမြန်ပင် လက်ဝါးကာ တားဆီးလိုက်ပြီး…

"ကျုပ် ခင်ဗျားနဲ့နောက်ထပ် စကားပြောဖို့ အချိန်မပေးနိုင်တော့ဘူး၊ စောစောက ကျုပ်ပြောပြီးပြီ မဟုတ်လား၊ ကျုပ်ရှုံးရင် ကျောက်စိမ်းဧကရာဇ်သိုင်းကျမ်းစာအုပ် ခင်ဗျားကို ပေးလိုက်မယ်ဆိုတာလေ၊ အခု ခင်ဗျားရှုံးသွားပြီ… ဒါကြောင့် ဒေါသထွက်နေလို့လဲ အပိုပဲ"

"ကောင်းပြီ… မင်းနဲ့ငါ ရှေ့လျှောက်တွေ့ကြသေးတာပေါ့

ကွာ"

ချင့်ကျိန်ရှင်းသည် လျှင်မြန်စွာ ထွက်ပြေးသွားတော့သည်။

လင်းထက်ဆွေသည် ငေးငိုင်နေသော ဝန်အိရှာဘက်သို့လှည့်ကာ ဦးညွှတ်အရိအသေ ပေးလိုက်သည်။

"ဝန်ဂိုဏ်းချုပ်... ကျွန်တော် ခင်ဗျားကိုစကားတစ်ခွန်းပြောစရာ ရှိနေပါတယ်၊ ဒီစကားအတွက် ခင်ဗျားစိတ်ထဲမှာ ဘယ်လိုမှမအောက်မေ့ပါနဲ့"

ဝန်အိရှာသည် မသက်မသာပြုံးလိုက်ပြီး....

"ပြောစရာရှိတာကိုသာ ပြောပါ လင်းသူရဲကောင်းလေး"

"အမေ့အတွက် ပြဿနာဖြေရှင်းတယ်ဆိုတာ သားသမီးတွေအတွက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုပါ၊ ဒါပေမယ့် ပြဿနာဖြေရှင်းတယ်ဆိုတဲ့ အလုပ်ကိုတော့ ပြောင်ပြောင်တင်းတင်းပဲလုပ်သင့်ပါတယ်၊ အခုလို ဒုစရိုက်ဂိုဏ်း၊ အောက်လမ်းဂိုဏ်းက သိုင်းသမားတွေနဲ့ ပူးပေါင်းလက်တွဲပြီး အလုပ်မလုပ်သင့်ပါဘူး၊ ဘာကြောင့် ဒီလိုပြောရသလဲဆိုတာ ခင်ဗျားရဲ့ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေမပြည့်ခင်မှာဘဲ သူတို့ရဲ့လုပ်ကြံမှုကို ခံရနိုင်လို့ပါပဲ"

ဝန်အိရှာမှာ လင်းထက်ဆွေ၏ အကျိုးသင့်အကြောင်းသင့် ရှင်းပြချက်ကို နားလည်သဘောပေါက်၏။ မျက်ရည်ကလေးများ လည်လာသည်။



သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ကျွန်မ မသိဘဲ နေပါ့မလားရှင်၊ ဒါပေမယ့် ကျွန်မမှာမတတ်နိုင်ဘဲ"

လင်းထက်ဆွေက ဆက်၍ရှင်းပြ၏။

"အင်အားချင်း မယှဉ်နိုင်ဘူးဆိုရင်တော့ တစ်ခုတည်းပဲရှိတာပေါ့၊ အပင်ပန်းခံပြီး သိုင်းပညာတိုးတက်အောင် ဆက်လေ့ကျင့်ရုံပဲ၊ ခင်ဗျားဟာ ဂိုဏ်းချုပ်ဖြစ်သလို ဂိုဏ်းတစ်ခုလုံးကိုလဲ ပိုင်ဆိုင်ထားတယ်၊ အသက်ကလဲ ငယ်နေသေးတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖြစ်ချင်တဲ့ အစီအစဉ်ဟာ အောင်မြင်သွားနိုင်မှာပါ"

ဝန်အိရှာက သက်ပြင်းတစ်ချက် ထပ်မံချလိုက်ပြန်သည်။

"ရှောင်လို့မရတော့လဲ အဖော်ကောင်းမဟုတ်မှန်း သိလျက်သားနဲ့ ကြိတ်မှိတ်နေလိုက်ရတော့တာပါပဲရှင်၊ အရေးတကြီးကိစ္စကလဲ ဖြစ်နေတော့ သူတို့နဲ့ခဏတဖြုတ် ပူးပေါင်းလိုက်ရတော့တာပေါ့၊ ကျွန်မအနေနဲ့ သံမဏိဂိုဏ်းအပေါ် မကျေနပ်ဒေါသဖြစ်ရတာလဲ မနည်းတော့ပါဘူးရှင်ရယ်"

လင်းထက်ဆွေမှာ သူမအတွက် စိတ်မကောင်းဖြစ်သွားရသည်။ စကားကိုသွယ်ဝိုက်ပြောမနေတော့ဘဲ တည့်တည့်မတ်မတ်ပင် ပြောချလိုက်မိသည်။

"သိုင်းလောကမှာ သွေးသောက်မိတ်ဆွေဖွဲ့တယ်ဆိုတာ နှစ်ဘက်စလုံးက စိတ်ပါမှဖြစ်ကြတာပါ၊ တစ်ဘက်ဘက်က အတင်းအကျပ် တိုက်တွန်းရုံနဲ့တော့ မဖြစ်နိုင်ပါဘူး၊ အခုအချိန် သူတို့အုပ်စုထဲက နှုတ်ထွက်လိုက်လို့ ခင်ဗျားအတွက် နောက်မကျသေးပါဘူး"

ဝန်အိရှာ ခေါင်းမော့ထားလိုက်သည်။ စို့ပြုလာသောမျက်ရည်စများ ထွက်ကျလာမည်စိုးသဖြင့် မျက်တောင် တဖျပ်ဖျပ် ခတ်နေရသည်။

အတန်ကြာမှ စိတ်ကိုထိန်းချုပ်နိုင်ပြီး ခပ်တိုးတိုးပြောသည်။

"ပထမတုန်းကတော့ ကျွန်မ သူတို့ကို လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က အလယ်ပိုင်းမြေပြန့်သိုင်းဂိုဏ်းတွေ ကျွန်မတို့ ဂိုဏ်းသုံးဂိုဏ်းကို မောင်းထုတ်စော်ကားခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဖြေရှင်းလိမ့်မယ်လို့ အမှန်တကယ်ပဲ ထင်ခဲ့မိပါတယ်၊ အခုနောက်ပိုင်းကျတော့ ကျွန်မလဲ သူတို့ရဲ့အကြံအစည်ကို နားလည်ခဲ့တယ်... ဒါပေမယ့်..."

စကားကိုတန်းလန်းရပ်ထားပြီး သက်ပြင်းကို လေးလေးပင်ပင်ကြီး ချလိုက်မိသည်။

သူမ၏နောင်တတရားသည် အချိန်မမီတော့ဆိုသည့် သဘောပင်တည်း။

လင်းထက်ဆွေလည်း သူမကို အားပေးနှစ်သိမ့်ရုံမှတပါး မည်သို့မျှ မတတ်နိုင်တော့ချေ။

"အခြေအနေက ဒီအထိတောင် ဖြစ်လာပြီဆိုတော့ ဝန်ဂိုဏ်းချုပ်လဲ ကိုယ့်ကိုယ်ကို ကောင်းအောင်သာ သတိထားနေပါ၊ ကဲ... ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ကျွန်တော် သွားတော့မယ်"

"ခဏနေပါဦးရှင်"



ဝန်အိရှာက လင်းထက်ဆွေ၏သွားလမ်းကိုပိတ်ပြီး တားဆီးထားသည်။

"ကျွန်မတို့ရဲ့ ဂိုဏ်းဌာနချုပ်တည်နေရာက ဒီကနေ ဘာမှအလှမ်းမဝေးတော့ပါဘူးရှင်၊ ဒီတစ်ည ကျွန်မတို့ဆီမှာ ခဏတဖြုတ်လောက် အနားယူပြီးမှ ခရီးဆက်စရာရှိတာဆက်ပေါ့"

"ကျွန်တော့်မှာ သိပ်ကိုအရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ မြောင်ကျန်းပြည်နယ်ကိုသွားရမှာမို့ပါ၊ ဝန်ဂိုဏ်းချုပ်ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်ဗျာ"

ဝန်အိရှာ၏ မျက်လုံးကလေးများက မှိုင်းသွားရသည်။

သူမသည် လင်းထက်ဆွေကို စေတနာအပြည့်အဝပါသောမျက်နှာထားဖြင့် ထပ်မံဖိတ်ခေါ်လေ၏။

"ရှင် ဒီကနေသွားရင် တောင်ကြီးငါးလုံးကိုကျော်ရဦးမယ်၊ မိုင်ပေါင်း မရေမတွက်နိုင်အောင် ခရီးဆက်ရဦးမယ်၊ မြို့တွေ ရွာတွေမရှိသလို လူနေအိမ်ခြေဆိုလို့လဲ လမ်းတစ်လျှောက်လုံးမှာရှိတာ မဟုတ်ဘူး၊ လင်းသူ့ရဲကောင်းလေး ခရီးဆက်ဖို့ကိစ္စမှာ စားဖို့သောက်ဖို့ဘယ်ကမှ ရှာမရလို့ ဒုက္ခတွေ့နိုင်ပါတယ်၊ ဒီတော့ ကျွန်မဆီမှာ ညဥ့်ဝက်လောက် အနားယူပြီး လမ်းမှာစားသောက်ဖို့ အစာခြောက်တွေလဲ ပြင်ဆင်သွားတာပေါ့၊ သိပ်ပြီး အရေးကြီးတယ်ဆိုပေမယ့်လဲ လင်းသူ့ရဲကောင်းလေးရဲ့ အတွင်းအားပညာနဲ့ဆိုရင် ဒီညဥ့်လောက်အချိန်ဖြုန်းလိုက်ရတာ ဘယ်လိုမှထူးခြားသွားလိမ့်မယ်လို့ မထင်ပါဘူး"

လင်းထက်ဆွေမှာ မည်သို့မျှ မငြင်းဆန်ရက်တော့ပေ။

"ကဲ... ကဲ... ဒီတစ်ညတော့ ခင်ဗျားကို ကျွန်တော် ဒုက္ခပေး

ရဦးမှာပေါ့လေ"

ဝန်အိရှာ၏ မျက်နှာကလေးမှာလည်း တိမ်စင်လနှယ် ဝင်းပကြည်လင်သွားတော့သည်။

ထို့နောက် သူ့ဂိုဏ်းသားများဘက်သို့လှည့်ကာ အော်ဟစ်အမိန့်ပေးလိုက်၏။

"မင်းတို့အားလုံး အလျင်ဆုံး ပြန်နှင့်ကြ၊ လင်းသူ့ရဲ့ကောင်းလေးကို ညှဉ်းခံဖို့အတွက်လဲ ပြင်ဆင်ထားလိုက်ကြ"

ငွေငှက်ဂိုဏ်းသားများလည်း ဦးညွှတ်အရိုအသေပေးပြီး ရှေ့မှ ပြေးထွက်သွားနှင့်ကြသည်။

ထိုသူများ ခပ်လှမ်းလှမ်းသို့ရောက်မှ နှစ်ယောက်သားမှာ စကားတပြောပြောနှင့် လရောင်အောက်တွင် ဖြည်းညင်းစွာ လမ်းလျှောက်လာခဲ့ကြတော့သည်။

ဝန်အိရှာမှာ သူပ၏မိခင်ထံမှ သိုင်းပညာအမွေအနှစ်သာမက တရုတ်ပြည်ကြီး၏ရာဇဝင်၊ ကျမ်းစာပေစာ၊ သိုင်းလောက၏ ဖြစ်စဉ်တို့ကိုပါ သင်ကြားတတ်မြောက်ထားသဖြင့် အတော်ကလေး ဗဟုသုတရှိသူတစ်ဦး ဖြစ်ပေသည်။

လင်းထက်ဆွေမှာ သူမထက် သိုင်းပညာကောင်းသည့် အချက်တစ်ခုသာ သာသည်။ အခြားဗဟုသုတအရာတွင် ဝန်အိရှာက သူ့ထက်များစွာ သာပေသည်။



ဝန်အိရှာကဲ့သို့သော မိန်းကလေးတစ်ဦး သိုင်းလောကထဲတွင် နစ်မြုပ်နေရသည့်အတွက် လင်းထက်ဆွေ လွန်စွာ နှမြောနေမိလေသည်။

"ကျွန်တော့်သဘော ပြောရရင်တော့ ဝန်ဂိုဏ်းချုပ်မှာ ရွေးစရာနည်းလမ်း နှစ်လမ်းသာရှိနေပါတယ်"

ဝန်အိရှာ၏မျက်လုံးကလေးများ ဝိုင်းသွားသည်။

"ဘာတွေများပါလိမ့် ရှင်ရယ်... လင်းသူ့ရဲ့ကောင်းလေးကပဲ ကျွန်မကို အကြံပေးလမ်းညွှန်ပြပါလားရှင်"

လင်းထက်ဆွေက ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ပထမနည်းလမ်းကတော့ ခင်ဗျားအနေနဲ့ သိုင်းလောကထဲက အမြန်ဆုံးထွက်ခွာပြီး ရန်ငြိုးရန်ဘက်တွေကို ဒီအချိန်စပြီး ပယ်ဖျက်မေ့ပျောက်ပစ်လိုက်ဖို့ပါပဲ၊ ဒုတိယနည်းလမ်းကတော့ အလယ်ပိုင်းမြေပြန့်သိုင်းလောကကိုသွားပြီး သိုင်းလောကနာမည်ကြီး ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပါ၊ ဟိုတစ်ချိန်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ရှင်းပြပြီး တရားမျှတအောင် စီစဉ်ပေးနိုင်းသင့်ပါတယ်"

ဝန်အိရှာ မျက်နှာကလေး ဝင်းပသွားသည်။ လင်းထက်ဆွေကို ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

"ကျွန်မဘဝတစ်လျှောက်လုံးမှာ လင်းသူ့ရဲ့ကောင်းလေးလို အကြံကောင်းဉာဏ်ကောင်းပေးတဲ့လူဆိုလို့ တစ်ယောက်မှ မတွေ့မိခဲ့ဖူးပါဘူးရှင်၊ လင်းသူ့ရဲ့ကောင်းလေးသာ ကျွန်မအပေါ် စေတနာအစစ်အမှန်နဲ့ နည်းပေးလမ်းပြ ပထမဆုံး လုပ်ခဲ့တဲ့သူပါ၊ ကျွန်မကို စဉ်းစားဖို့တော့ အချိန်နည်းနည်းပေးပါဦး၊ လင်းသူ့ရဲ့ကောင်းလေး

အကြံပေးတဲ့လမ်းနှစ်သွယ်ထဲက ဘစ်ခုခုကိုတော့ ရွေးချယ်ဆုံးဖြတ်နိုင်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်"

တဖြည်းဖြည်း လျှောက်လာခဲ့ကြရာ ပန်းပွင့်ပုံဖော်ထားသော အဆောက်အအုံကြီးတစ်ခုအနားသို့ ရောက်လာခဲ့ကြသည်။

လင်းထက်ဆွေက ပြုံး၍ပြောလိုက်၏။

"ခင်ဗျားရဲ့ ဒီဂေဟာကြီးပုံစံနဲ့ တည်နေရာကိုကြည့်ပြီးပြောရရင် ကိုယ့်ဘာသာကိုယ် တသီးတခြား အေးအေးဆေးဆေး နေချင်တဲ့ပုံစံပဲ၊ ဂိုဏ်းတစ်ခုခုရဲ့ ဂိုဏ်းချုပ်ဂေဟာနဲ့ကို မတူဘူး"

"ကျွန်မက ဂိုဏ်းချုပ်သာဆိုတယ်၊ ရိုးရိုးအအနဲ့ အသုံးမဝင်တဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့်လဲ ကျွန်မမှာ ဂိုဏ်းတစ်ဂိုဏ်းရဲ့ ဂုဏ်ရောင်ဂုဏ်ဝါ မရှိတာပေါ့"

"ခင်ဗျားက ကိုယ့်ကိုယ်ကို တော်တော်နှိမ့်ချပြောတတ်တာပဲ"

ဂေဟာသို့ရောက်သည်နှင့် တံခါးဖွင့်လိုက်သည်။

တံခါးဝ၌ ငွေရောင်ဝတ်စုံနှင့်ဂိုဏ်းသားရှစ်ယောက်က ရပ်ပြီး ဧည့်ဝတ်ကြိုဆိုနေကြ၏။ ဧည့်ခန်းမထဲတွင် စားသောက်ဖွယ်ရာများက ပြင်ဆင်ထား ပြီးဖြစ်နေသည်။

ဝန်အိရှာတို့နေထိုင်ရာ တောင်ကြားဒေသသည် အစားအသောက်အတွက် အခက်အခဲရှိနိုင်စရာအကြောင်းရှိသော်လည်း ယခုမြင်တွေ့နေရသော စားပွဲထက်မှဟင်းလျာကမူ အထက်တန်းကျကျ စုံလင်လှပေသည်။

အရက်နံ့ကလည်း သင်းပျံ့မွှေးကြိုင်လွန်းလှပေသည်။



လင်းထက်ဆွေမှာ တစ်နေ့လုံး လှုပ်ရှားတိုက်ခိုက်လာရ၍ အတော်ပင် ဆာလောင်မွတ်သိပ်နေပြီဖြစ်၏။

ဟင်းနံ့နှင့်အရက်နံ့ကို ရှူရှိုက်မိသည်နှင့် မထိန်းနိုင် မသိမ်းနိုင်တော့ဘဲ ဗိုက်ထဲ၌ တကျွတ်ကျွတ် မြည်လာရပေသည်။

စားသောက်ပွဲတွင် ငွေငှက်ဂိုဏ်း၏ အရှိန်အဝါရှိသော ဂိုဏ်းခေါင်းဆောင်များ ပါဝင်စားသောက်ကြသည်။ အားလုံးမှာ မျော့ပျော့ပါးပါး ဝမ်းသာရွှင်လန်းစွာ ရှိနေကြ၏။

စားသောက်ပြီးသောအခါ ဝန်အိရှာက လင်းထက်ဆွေအား......

"လင်းသူ့ရဲကောင်းလေး မြောင်ကျန်းပြည်နယ်က ပြန်လာတဲ့အခါ ကျွန်မတို့မရဏတောင်ကြားကို ခဏလောက် ဝင်လာခဲ့စမ်းပါဦး၊ အဲဒီအချိန်လောက်ဆိုရင်တော့ ကျွန်မလဲ ဆုံးဖြတ်ချက်ချနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ရှင့်ရဲ့အားပေးထောက်ခံမှုကိုယူပြီး ကျွန်မ ဒီကထွက်သွားနိုင်လိမ့်မယ်နဲ့ တူတယ်"

လင်းထက်ဆွေ ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်ပြီး....

"ကျွန်တော် ခင်ဗျားကို အပြည့်အဝ အကူအညီပေးပါ့မယ်၊ စိတ်ချလက်ချသာ နေပါ"

ဝန်အိရှာ ပြုံးပြလိုက်သည်။ လင်းထက်ဆွေကို ဘာမျှတော့ ပြန်မပြော။ သူ့ဂိုဏ်းသားလေးယောက်ကိုသာ လင်းထက်ဆွေအား အိပ်ဆောင်သို့ ပို့ဆောင်ရန် အမိန့်ပေးလိုက်သည်။

လင်းထက်ဆွေ ကောင်းမွန်သပ်ရပ်လှသော အိပ်ရာနှင့် လုံခြုံစိတ်ချရသော ဂိုဏ်း၏ဂေဟာထဲ၌ အနားယူရသဖြင့် စိတ်ချ

လက်ချဖြစ်ကာ ခေါင်းချလိုက်သည်နှင့်ပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားခဲ့လေတော့သည်။

လင်းထက်ဆွေ အိပ်ရာမှလန့်နိုးလာသောအခါ ပြတင်းပေါက်ဘောင်ပေါ်သို့ နေရောင်က ထိုးဆင်းဖြာကျနေပြီဖြစ်၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်သည်မှာ အချိန်လွန်သွားသဖြင့် အိပ်ရာမှ အလူးအလဲ ထလိုက်မိသည်။

သူ့အိပ်ရာနံဘေး စားပွဲပေါ်တွင် ငွေငှက်ဂိုဏ်းသားများက မျက်နှာသစ်ရန် အသုံးအဆောင်များ အဆင်သင့်ပြင်ဆင်ထားသည်ကို တွေ့ရှိလိုက်ရသည်။ လင်းထက်ဆွေသည ဝန်အိရှာ၏ ဧည့်ဝတ်ကျေပွန်မှုကို အထူးပင်ကျေးဇူးတင် အားနာနေမိတော့သည်။

"ဒေါက်... ဒေါက်"

ထိုစဉ် အပြင်ဘက်မှတံခါးခေါက်သံနှင့်အတူ ဝန်အိရှာ၏ ချိုချိုကြည်ကြည်အသံလေးကို ကြားလိုက်ရ၏။

"ကဲ... မျက်နှာသစ်ပြီးရင် ဧည့်ခန်းမှာ အဆာပြေစားသောက်ပြီး စကားစမြည်လေး ဘာလေးပြောကြရအောင်'

လင်းထက်ဆွေသည် မျက်နှာသစ်ပြီးသည်နှင့် ဝန်အိရှာနှင့်အတူ လိုက်လာခဲ့ရသည်။ ဧည့်ခန်းမသို့ရောက်လျှင် စားပွဲထက်၌ စားသောက်ဖွယ်ရာများက ပြည့်လျှံနေသည်။

လင်းထက်ဆွေက ဧည့်သည်ထိုင်ရမည့်ထိုင်ခုံတွင် ဝင်ထိုင်



လိုက်သည်။

ထိုစဉ် ငွေရောင်ဝတ်စုံနှင့် ဂိုဏ်းသားတစ်ယောက်ရေးကြီးသုတ်ပျာလျှောက်လာပြီး ဦးညွှတ်အရိုအသေပြု၍လျှက်သတင်းပို့သည်။

"ဂိုဏ်းချုပ်ခင်ဗျာ... ဂေဟာရဲ့အပြင်ဘက်မှာ လူတစ်ယောက်က ဂိုဏ်းချုပ်ကိုတွေ့ဆုံဖို့ တောင်းဆိုနေပါတယ်"

ဝန်အိရှာမျက်နှာထား တည်ကြည်သွားသည်။

လက်ခါပြ လိုက်ပြီးလျှင်....

"ဒီမှာဧည့်သည်ရှိနေတယ်... မတွေ့နိုင်သေးဘူး၊ နောက်မှ အချိန်ပေးနိုင်မယ်"

လင်းထက်ဆွေမှာ သူ့ကြောင့် လုပ်ငန်းအနှောင့်အယှက်ဖြစ်ရသည်ဟု ထင်မှတ်ကာ အားနာသွားရသည်။

အလျှင်အမြန်ပင် မတ်တတ်ထရပ်လိုက်ပြီး....

"ဂိုဏ်းချုပ်မှာ အလုပ်ကိစ္စရှိနေရင် ကျွန်တော့်ကို အားမနာပါနဲ့၊ လုပ်စရာရှိတာကို လုပ်နိုင်ပါတယ်"

လာရောက်သတင်းပို့သူက အပြည့်အစုံရှင်းပြသည်။

"အပြင်ဘက်မှာရောက်နေတဲ့လူက သံမဏိဂိုဏ်းရဲ့မြင်းဖြူခြေမြန်တော်ပါ၊ သူက ဂိုဏ်းချုပ်လက်ထဲကို အရေးတကြီးပေးစရာပစ္စည်းတစ်ခုရှိနေပါတယ်တဲ့၊ ဒါကြောင့် ကျွန်တော်လဲ သတင်းမပို့ရင်မဖြစ်တာမို့ လာပြောရတာပါ"

"ဟုတ်လား"

ဝန်အိရှာ မျက်ခုံးရှုံ့လိုက်သည်။ လင်းထက်ဆွေက ဝန်အိရှာမလှုပ်မယှက်ဖြစ်နေသည်ကို ကြည့်ပြီး ကြားဝင်ပြောလိုက်ပြန်သည်။

"ဒီအတိုင်းဆိုရင် သူ့ကိုအထဲခေါ်ပြီး ဘာလို့မေးမြန်းမကြည့်ရတာလဲ ဂိုဏ်းချုပ်"

သည်တော့မှ ဝန်အိရာမှာ စက်ရုပ်တစ်ရုပ်သဖွယ် ခေါင်းညိတ်ပြလိုက်ပြီး....

"သူ့ကို အထဲခေါ်ခဲ့ပါကွယ်"

ဂိုဏ်းသားလည်း နောက်ဘက်သို့လှည့်ကာ ခြေမြန်တော်ဆိုသူအား အော်ဟစ်ခေါ်လိုက်တော့သည်။

"သံမဏိဂိုဏ်းကမိတ်ဆွေ... ခင်ဗျားကိုဂိုဏ်းချုပ်က တွေ့ဆုံဖို့ ခေါ်နေပါတယ်"

အပြင်ဘက်မှလူ၏ ပြန်လည်ထူးလိုက်သံ ပေါ်ထွက်လာသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် စကားသံဆုံးသည်နှင့် ထိုသူဝင်ရောက်လာသည်။

သူ့ခေါင်းထက်တွင် ခေါင်းပေါင်းအနီကိုပေါင်းထားသည်။

သူ့ရင်ခွင်ထဲတွင် အနီရောင်သေတ္တာလေးတစ်လုံးရှိနေသည်။

ထိုသေတ္တာမှာ သာမန်ရိုးရိုး သေတ္တာလေးတစ်ခုသာဖြစ်ပြီး တစ်ပေခန့်ရှည်၍ အကျယ်ခြောက်လက်မ၊ အမြင့် ငါးလက်မခန့်ရှိ၏။

ထိုသူက လှေကားကို ကျော်တက်လှမ်းလာပြီးလျှင် ဦးညွတ်အလေးပြုသည်။

"ကျွန်တော်က သံမဏိဂိုဏ်းရဲ့ မြင်းဖြူခြေမြန်တော် ခေါင်းဆောင်ငယ် အုံမိန်ဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ဒီသေတ္တာလေးကို ဝန်ဂိုဏ်းချုပ်ဆီ လာရောက်ပို့အပ်ပါတယ် ခင်ဗျာ"



"ကောင်းပြီ... ဒါဆိုလဲ သေတ္တာကို ထားခဲ့ပေတော့"

အုံမိန်က ထိုစကားကိုကြားတော့မှ သေတ္တာလေးကို တရိုတသေ ပွေ့ထူကာ ဝန်အိရာနှင့် မလှမ်းမကမ်းဆီသို့ လျှောက်လာခဲ့သည်။

အနီးသို့ရောက်သည်နှင့် လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်လိုက်ပြီး....

"ဂိုဏ်းချုပ်ခင်ဗျာ... သေတ္တာကိုချိတ်ပိတ်ထားတာ မှန်ကန်ကြောင်း စစ်ဆေးပေးပါ"

သေတ္တာကလေးအပေါ်တွင် အဝါရောင်ဖဲကြိုးနှစ်ခုကို ချိတ်ထိုး၍ ကြက်ခြေခတ်ရစ်ပတ်ထားသည်၊ ဖဲကြိုးတစ်ခုပေါ်၌ 'သံမဏိဂိုဏ်း၏ လျှို့ဝှက်ချိတ်ပိတ်ရန်' ဟု ရေးထားသည်။

အခြားဖဲကြိုးတစ်ခုပေါ်၌မူ 'အရေးကြီးသော သက်ဆိုင်သူသာ ဖွင့်ရမည်။ မဆိုင်သူဖွင့်က သေဒဏ်'ဟု ရေးသားထား၏။

ဝန်အိရာက စစ်ဆေးပြီးလျှင် သေတ္တာကိုလှမ်းယူလိုက်၏။

ထိုစဉ် ခြေမြန်တော်အုံမိန်က ရုတ်တရက် ဝင်ရောက်ပြောဆို ပြန်သည်။

"ဂိုဏ်းချုပ်ကိုတင်ပြပါရစေ ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ အမိန့်အရ ဒီသေတ္တာအလွတ်ကိုတော့ ပြန်ယူသွားရပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော် ဒီသေတ္တာလွတ်ကို ပြန်ယူသွားနိုင်အောင် အမြန်ဆုံး ဆောင်ရွက်ပေးပါလို့ တိုက်တွန်းပါရစေခင်ဗျာ"

"ဒီသေတ္တာကိုပြန်ပေးရမယ် ဟုတ်လား၊ ကောင်းပြီလေ..."

ဒါဆိုလဲ ငါ ဒီသေတ္တာ ပြန်ပေးလိုက်ပါ့မယ်၊ မင်းလဲ အမြန်ပြန်ပြီး သတင်းပို့လို့ရတာပေါ့"

လင်းထက်ဆွေသည် ထိုင်နေရာမှထလိုက်၏။

ဝန်အိရာ...

"လင်းသူ့ရဲ့ကောင်းလေး... သူ့ရဲ့ကောင်းလေး ကြည့်ရှုလို့ရပါတယ်"

လင်းထက်ဆွေက ခေါင်းခါလိုက်၏။

"နေပါစေ... ကျွန်တော် အခန်းပြင် ခဏထွက်နေလိုက်ပါမယ်၊ ဝန်ဂိုဏ်းချုပ်အတွက် လျှို့ဝှက်အပ်တဲ့ကိစ္စဖြစ်ချင် ဖြစ်နေမှာမို့ပါ"

"ဒီလိုဆိုရင်လဲ အခန်းပြင်က ခဏစောင့်ပါ၊ ခဏကလေးပါ"

"ကိစ္စမရှိပါဘူး... ဖြည်းဖြည်းဆေးဆေးပဲ လုပ်ပါ"

လင်းထက်ဆွေ အပြင်သို့ထွက်ခွာသွားလေ၏။

ဝန်အိရာသည် သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း သေတ္တာကလေး၏အဖုံးကို ညင်ညင်သာသာပင် ဖွင့်လိုက်သည်။

"ဝုန်း..."

ယမ်းဘီလူးပေါက်ကွဲသံကြီးက ကျယ်လောင်စွာ မြည်ဟည်းသွားသည်။ မီးပွင့် မီးပွားများနှင့်အတူ ပန်းကန်ခွက်ယောက်တို့သည် လည်း အဝေးသို့လွင့်စဉ်ကုန်ကြသည်။

ထို့အတူ သွေးစက်များသည်လည်း ရဲခနဲ ဖြစ်သွားလေတော့သည်။



အခန်း(၈၄)

ရေနံ့ဂါးစစ်ကူ

လင်းထက်ဆွေသည် အခန်းထဲသို့ ခုန်ပျံဝင်ရောက်လာ၏။ အခန်းထဲ၌ အသက်ရှင်ကျန်ရစ်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။

ငွေငှက်ဂိုဏ်းချုပ် ဝန်အိရာသည်လည်းကောင်း၊ သံမဏိဂိုဏ်း၏တမန် အုံမိန်သည်လည်းကောင်း ကြည့်မကောင်း ရှုမကောင်းသောသေခြင်းဖြင့် သေဆုံးသွားခဲ့လေပြီ။

လင်းထက်ဆွေသည် စိတ်သဘောထားဖြူစင်သည့် ဝန်အိရာအတွက် လွန်စွာ စိတ်ထိခိုက်မိသည်။ သံမဏိဂိုဏ်း၏ ပက်စက်သောအကြံအစည်ကိုလည်း လွန်စွာ ဒေါသထွက်မိသည်။

လင်းထက်ဆွေသည် ယမ်းနံ့ဖုံးလွှမ်းနေသော အခန်းထဲ၌ သူ့ဦးခေါင်းကိုအုပ်ကိုင်ကာ ထိုင်နေမိ၏။

"တွေ့မယ်... ယုတ်မာတဲ့ သံမဏိဂိုဏ်းချုပ်နဲ့ ငါနဲ့ တွေ့မယ်ဟေ့"

လင်းထက်ဆွေ၏အသံသည် အခန်းထဲ၌ပဲ့တင်ထပ်သွား

လေ၏။

ထိုစဉ်...

"လာပါပြီ... လာပါပြီ၊ မင်း လာတွေ့စရာ မလိုပါဘူး။ ငါ ကိုယ်တိုင် မင်းကို လာတွေ့ပါပြီ"

လင်းထက်ဆွေ ခုန်ထလိုက်သည်။

အဝါရောင်ဝတ်ရုံကြီးကို လွှမ်းခြုံထားသော အဘိုးကြီးတစ်ယောက်သည် ပေါ့ပါးသောအရှိန်အဟုန်ဖြင့် အခန်းထဲဝင်လာလေ၏။

"ခင်ဗျား ဘယ်သူလဲ"

လင်းထက်ဆွေက မေးလိုက်၏။

"ငါ သံမဏိဂိုဏ်းချုပ်ကြီးလေ"

အဘိုးကြီးက အေးစက်စက် ဖြေကြား၏။ လင်းထက်ဆွေ အံ့ဩသွား၏။

"ချင်ကျိန်ရှင်းက ဘာလဲ၊ သံမဏိဂိုဏ်းချုပ် မဟုတ်ဘူးလား"

"ဟား... ဟား... ဟား... ဂိုဏ်းချုပ်တော့ ဂိုဏ်းချုပ်ပါပဲ၊ ငါမရှိတဲ့အခါမှာ သူက ဂိုဏ်းချုပ်ပေါ့၊ ငါက သူတို့နောက်ကွယ်မှာပဲ နေတယ်၊ အရေးကြီးတဲ့အခါမှ ရှေ့ကိုထွက်တယ်"

လင်းထက်ဆွေသည် မကြည့်ရက်မမြင်ရက်စရာ အခန်းတစ်ခုလုံးကို လက်ဖြင့်ဝှေ့ယမ်းပြလိုက်ပြီး...

"ခင်ဗျားက ဂိုဏ်းသုံးဂိုဏ်းပူးပေါင်းပြီး ဆယ်နှစ်ကြာ သွေးကြေးဆပ်မယ့်ကိစ္စကိုတော့ အကောင်အထည်မဖော်ဘဲနဲ့ ကိုယ့်မဟာမိတ်ဂိုဏ်းအချင်းချင်း သတ်ဖြတ်လုပ်ကြံတဲ့ကိစ္စကို ဒီလိုပဲအကောင်



အထည်ဖော်ရသလား။ သံမဏိဂိုဏ်းရဲ့သစ္စာတရားက ဒါပဲလား"

သံမဏိဂိုဏ်းချုပ်ဟုဆိုသည့် အဘိုးကြီး၏ မျက်နှာသည် တည်ကြည်သွား၏။ ဘာမှမခံစားရသည့်အလား အေးစက်စက်ပင် ပြန်ပြောသည်။

"ဘာကြောင့် လုပ်ရတယ် ဟုတ်လား... မေးသင့်တယ်၊ ဒီမေးခွန်းမျိုး သိပ်မေးသင့်တယ်၊ ဘာကြောင့်လုပ်ရသလဲဆိုတော့ သူ့ရဲ့သစ္စာဖောက်တဲ့ စိတ်ဓာတ်နဲ့ ဂိုဏ်းသုံးဂိုဏ်းပူးပေါင်းမှု အစီအစဉ်ကို ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့အပြစ်အတွက် သူ့ကို အပြစ်ဒဏ်ပေးလိုက်တာပဲ"

"အပြစ်ဒဏ် ဟုတ်လား"

"ဟုတ်တယ်... မင်းဟာ တို့ဂိုဏ်းသုံးဂိုဏ်းနဲ့ ဘာမှမသက်ဆိုင်ကဲ့လူတစ်ယောက်ပဲ၊ ဘယ်သူကမှ မင်းလိုဂိုဏ်းသုံးဂိုဏ်းရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ မပါဝင်နိုင်ဘူး။ သံမဏိဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်ကို မင်း စော်ကားခဲ့တယ်၊ ဒီအတွက် ချင်ကျိန်ရှင်းက မင်းကိုလိုက်ရှာတဲ့အခါ ဝန်ဂိုဏ်းချုပ်က ဂိုဏ်းသုံးဂိုဏ်း ပူးပေါင်းထားတဲ့ ကတိအတိုင်း မင်းကိုဖိုင်းဖမ်းပေးရမယ်"

"တိတ်စမ်း... ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ"

"သူ့တာဝန်ကို သူကျေခဲ့သလား။ အဟင်းဟင်း မိန်းကလေးတစ်ယောက်ရဲ့ကူဖြေမှုကြောင့်တောင် မထိန်းဘဲ မင်းကို ဒီမှာ တစ်ညတည်းခိုဖို့တောင် ခေါ်ထားလိုက်သေးတယ် မဟုတ်လား"

သံမဏိဂိုဏ်းချုပ်၏စကားက တဖြည်းဖြည်း သူနှင့် ဝန်အိရာတို့၏ သိက္ခာနှင့်သမာဓိကို စော်ကားမော်ကား ပြုလာတော့သည်။

လင်းထက်ဆွေ သည်းမခံနိုင်တော့ပေ။ လက်ဝါးရိုက်ချက် တစ်ချက်ကို ရုတ်တရက် ထုတ်လိုက်သည်။

"ပေါက်ကရစကားတွေ လျှောက်ပြောမနေနဲ့"

"ဗိုး…"

လင်းထက်ဆွေ ရိုက်ထုတ်လိုက်သောလက်ဝါးအားမှာ ပြင်းထန်လှပေသည်။

သို့သော် သံမဏိဂိုဏ်းချုပ်က ဆယ်ပေခန့်အကွာသို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်သဖြင့် ထိချက်လွဲချော်သွားရလေသည်။

"ဟား… ဟား… ဟား… မင်းက ငါ့ကိုရင်ဆိုင်ဖို့စိတ်ကူးနေတာလား၊ ဒီလောက်လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်လို့ ရပ့ါမလားကွာ၊ ဟေ့… ငါ့လူတွေ လာခဲ့ကြစမ်း"

သံမဏိဂိုဏ်းချုပ်သည် ဂေဟာရှေ့မြေကွက်လပ်ထဲသို့ ခုန်ပျံသွားပြီး သူ့လူများကို အချက်ပေးလိုက်သည်။ အနက်ရောင်ဝတ်စုံနှင့် လူပုကလေးများ ခုန်ဆင်းလာခဲ့ကြသည်။

သူတို့၏လက်ထဲတွင်ကား လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီး သံမဏိဂိုဏ်းချုပ်၏ တစ်ဘက်တစ်ချက်စီတွင် ရပ်လိုက်၏။

လင်းထက်ဆွေကလည်း မြေကွက်လပ်ဆီသို့ခုန်ထွက်လိုက်၏။ သံမဏိဂိုဏ်းချုပ်အား လက်ညှိုးငေါက်ငေါက်ထိုး၍ ပြစ်တင်ရှုတ်



ချတော့သည်။

"ဂိုဏ်းသုံးဂိုဏ်းက သွေးဖောက်ပြီး သွေးသောက်မဟာမိတ်တွေအဖြစ် ဖွဲ့စည်းခဲ့ကြတာဟာ ဒီလိုအောက်တန်းကျတဲ့နည်းလမ်းတွေနဲ့ အမျိုးသမီးတစ်ယောက်ကို လုပ်ကြဖို့ ဖွဲ့စည်းခဲ့ကြတာလား၊ ဒီလုပ်ရပ်ကြောင့် ခင်ဗျားတို့သုံ့ဂိုဏ်းကို သူရဲကောင်းအဖြစ် သတ်မှတ်ရမှာလား၊ အရှက်မရှိတဲ့အောက်တန်းစားတွေ"

သံမဏိဂိုဏ်းချုပ် မျက်နှာတပြင်လုံးနီရဲနေတော့သည်။ သူ့လူများကို ဒေါသတကြီး အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ဒီလောက်စော်ကားတဲ့ကောင်ကို စိစိညက်ညက် ချေပစ်လိုက်ကြစမ်း"

"ရှမ်း…"

ဓားတစ်ချက် ဝှေ့ယမ်းလိုက်တိုင်း ငွေရောင်လျှင်းလုံးများက ဝေ့ဝဲပျက်ပြားသွားရသည်။

ခေါင်းပေါင်းနီနှင့် သံမဏိဂိုဏ်းသားများကလည်း သူတို့၏လက်နက်များဖြင့် အစွမ်းကုန် အော်ဟစ်တိုက်ခိုက်ကြသည်။

သို့သော် သူတို့၏သိုင်းပညာမှာ လင်းထက်ဆွေနှင့် ယှဉ်လိုက်လျှင် အလွန်ပင် အဆင့်နိမ့်နေသောကြောင့် ကလေးနှင့်လူကြီး ယှဉ်ပြိုင်နေရသလို ရှိတော့သည်။

ထို့ကြောင့် သွေးရဲရဲသံရဲရဲအော်သံများကလည်း ငရဲပွက်သကဲ့သို့ ရှိတော့သည်။ သံမဏိဂိုဏ်းသားများမှာ သေသူသေ ဒဏ်ရာရသူရဖြင့် မြေကြီးပေါ်သို့ အတုံးအရုံး လဲကျသွားရလေသည်။

သံမဏိဂိုဏ်းချုပ်လည်း သူလက်အောက်ငယ်သားများ

သူ့ရှေ့မှောက်တွင် အခြေအနေမလှဖြစ်နေသည်ကို မြင်ရသောအခါ မချိမဆန့် ခံစားလာရသည်။

"ချလွမ်း..."

သံမဏိဂိုဏ်းချုပ်သည် သူ့လက်နက်ကိုဆွဲထုတ်လိုက်သည်။

အစနစ်ဘက်တွင် သံလုံးတစ်လုံးစီ တပ်ဆင်ထားသော သံကြိုးတစ်ချောင်းပင်တည်း။

သံကြိုး၏အရှည်မှာ ဆယ်ပေခန့်ရှိပြီး သံလုံးနှစ်လုံးမှာ ကရားအိုးအရွယ်ခန့်ရှိကာ သံမဏိဖြင့်ပြုလုပ်ထားသည်။ ထိုလက်နက်၏အလေးချိန်ကပင် ဝိဿလေးငါးဆယ်ခန့် လေးနေပေသည်။

"ဝိုး... ဝိုး..."

သံဏိဂိုဏ်းချုပ်က ရှေ့သို့လှမ်းတက်လိုက်ပြီး သံလုံးများကို ဝှေ့ယမ်းကာ လင်းထက်ဆွေအား ရိုက်ချသည်။

"ဝုစ်....."

သံလုံးက ပြင်းထန်သောအရှိန်အဟုန်ဖြင့် လင်းထက်ဆွေ၏ မျက်နှာဆီသို့ တန်းတန်းမတ်မတ် တိုးဝင်လာသည်။

သူ အထိတ်တလန့် ခုန်ရှောင်လိုက်ရသည်။ သူ၏ လျှင်မြန်သွက်လက်မှုကြောင့် ကပ်ကာသီကာ လွတ်မြောက်သွားသည်။

"ဟား... ဟား... ဟား ဘယ်လိုလဲ လင်းထက်ဆွေ၊ မင်း ငါ့အကြောင်း သိပြီမဟုတ်လား"

"အဘိုးကြီး... ခင်ဗျား သိပ်ကြီးကျယ်မနေနဲ့၊ ပွဲပြီးအောင် ကြည့်ဦးဗျ"

လင်းထက်ဆွေ၏ညာလက်က ဓယ်ဆက်သလို လှုပ်ရှား



သွားသည်။ ဓားရိပ်များက သူ့တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။

အခြေအနေက ပြောင်းပြန်အနေအထားသို့ ရောက်ရှိသွားသည်။ သံမဏိဂိုဏ်းချုပ်မှာ ပြန်လည်တိုက်စစ်ဆင်ရန် မဆိုထားနှင့် အလူးအလဲ ရှောင်တိမ်းရန်ပင် အကွက်မလည်ဘဲ ဖြစ်နေရသည်။

သူတို့၏ တိုက်ကွက်များမှာ တဒင်္ဂအတွင်းမှာပင် အကွက် ပေါင်း ငါးဆယ်ကျော်သွားခဲ့သည်။

သူတို့နှင့်အတူ ငွေငှက်ဂိုဏ်းသားများနှင့် သံမဏိဂိုဏ်းသား များမှာလည်း အပြန်အလှန် တိုက်ခိုက်နေကြတော့သည်။

လင်းထက်ဆွေက အော်လိုက်၏။

"သတိထား ရှောင်ပေတော့"

သူ့အသံမဆုံးခင်မှာပင် ဓားရောင်က ဖြတ်ခနဲ လက်သွားသည်။

"ထန်း..."

"ရှဲ..."

သူ၏မိုးကြိုးသွားဓားက သံမဏိဂိုဏ်းချုပ်၏ ဘယ်ဘက်လက်မှ သံလုံးကို ဖြတ်တောက်မိသွားသည်။

အရှိန်အဟုန်ပြင်းထန်စွာ ဝှေ့ယမ်းနေသောသံလုံးမှာ သူ့အရှိန်နှင့်သူ ကြိုးမှပြတ်တောက်သွားပြီး ပေငါးဆယ်ခန့်အကွာတွင်ရှိသော အလှပြုလုပ်ဖန်တီးထားသည့် တောင်အတုဆီသို့ ပြေးဝင်နစ်မြုပ်သွားလေတော့သည်။

သံမဏိဂိုဏ်းချုပ်မှာ သူ့လက်တစ်ဖက်၌ သံလုံးမရှိတော့သော သံကြိုးကိုကိုင်ဆောင်ကာ ခုန်ဆုတ်သွား၏။

ဘယ်ညာသံလုံးနှစ်လုံးကို ချိန်ဆကာ တိုက်နိုက်ရသည့် လက်နက်ဖြစ်သဖြင့် ရုတ်တရက် ခုန်ဆုတ်လိုက်ရခြင်းဖြစ်ပေသည်။

"ဟား... ဟား... ဟား၊ ခင်ဗျား ဘယ်လောက်အထိ ထိန်းထားနိုင်မှာလဲဗျာ"

လင်းထက်ဆွေ၏ အော်ဟစ်ရယ်မောသံက မြက်ခင်းပြင်လုံး သိမ့်သိမ့်တုန်သွားလောက်အောင် အစွမ်းထက် ကျယ်လောင်လှပေသည်။ သံမဏိဂိုဏ်းချုပ်လည်း အကြီးအကျယ် ထိတ်လန့်နေတော့သည်။

လင်းထက်ဆွေ၏မိုးကြိုးသွားဓားက မုချမသွေ သူ့သံကြိုးကို ဖြတ်တောက်ပစ်နိုင်မှန်းသိသော်လည်း လောလောဆယ်ဆယ် အကာအကွယ်ရစေရန် တစ်ခုတည်းသောသံလုံးကို ဆယ်ပေအကွာခန့်မှ ဝှေ့ယမ်းနေရပေသည်။

သံကြိုးနှင့် လင်းထက်ဆွေ၏ဓား မထိခိုက်မိအောင်လည်း ဂရုတစိုက် ရှောင်တိမ်းနေရသည်။

အကယ်၍ ထိပ်တိုက်တိုးမိကာ သူ့သံကြိုး ပြတ်တောက်သွားပါက သူ့အတွက် အသက်အန္တရာယ်မှ မည်သို့မျှ ရှောင်တိမ်းလွဲဖယ်၍ မရနိုင်တော့ပေ။

သို့သော်လည်း သူ ကြာကြာ ဝှေ့ယမ်းရှောင်တိမ်းနိုင်စွမ်း မရှိချေ။ လင်းထက်ဆွေ၏ဓားက ရိပ်ခနဲ လင်းလက်သွားသည်ကိုသာ မြင်လိုက်ရသည်။

ဓား၏အသွားလမ်းကြောင်းကို မမြင်လိုက်ရချေ။ ထိုအချိန်မှာပင် လင်းထက်ဆွေ၏ဓားက သူ့သံကြိုးကို ဖြတ်တောက်သွားခဲ့ချေ



ပြီတကား။

"ထန်း..."

"ဝိုး..."

"ဟာ..."

သံလုံးကြီးက ပေလေးဆယ်ခန့် မြောက်တက်သွား၏။ သံမဏိဂိုဏ်းချုပ်၏ မျက်နှာတွင် သွေးမရှိတော့လောက်အောင် အမူအရာပျက်သွားရသည်။

သေခြင်းတရားက သူ့လည်ကုပ်သို့ ခွစီးလျက် ရှိနေပေပြီ။ လင်းထက်ဆွေသည် ဝန်အိရှာအတွက် ဒေါသမပြေနိုင်ဖြစ်နေရကား ရှေ့သို့ခုန်တက်ကာ ဝိညာဉ်ချွေဓားကွက်ဖြင့် ထိုးသွင်းလိုက်တော့သည်။

"ဝှစ်..."

သူ့ဓားဦးက သံမဏိဂိုဏ်းချုပ်ဆီသို့ ဦးတည်နေရာမှ ငွေရောင်အလင်းတန်းတစ်ခု ရိပ်ခနဲ ပြေးဝင်လာသဖြင့် ထိုအရာကို ရိုက်ပစ်လိုက်ရသည်။

"ထန်း..."

လက်နက်ပုန်း လွင့်စဉ်သွား၏။ သံမဏိဂိုဏ်းချုပ်လည်း အသက်ရှင်ခွင့်ရသွား၏။

တစ်ဆက်တည်းမှာပင် လူလေးယောက်က တိုက်ပွဲစည်း

ဝိုင်းအတွင်းသို့ ခုန်ဝင်လာကြ၏။

"ခွင့်လွှတ်ပါ ဂိုဏ်းချုပ်ကြီး... ကျွန်တော်တို့ အရောက်နောက်ကျသွားတယ်"

ဝင်လာသူများထံမှ အားပေးစကားများ ကြားလိုက်ရသော်လည်း သံမဏိဂိုဏ်းချုပ်ကြီးမှာ ကြောက်ရွံ့ထိတ်လန့်နေဆဲသာရှိသေးသည်။

"အတော်ပဲ... အဖွဲ့ခွဲခေါင်းဆောင်တွေရောက်လာတော့ အန္တိမ်ကောင်းပဲ၊ ဒီကောင်ဟာ ယမမင်းရဲ့သားပဲ၊ ဒီကောင့်ကို အခုမရှင်းရင် နောင် ဒုက္ခပေးလိမ့်မယ်"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး... ဒီကောင် မိုးပေါ်ပျံတက်မပြေးနိုင်သမျှ ကျွန်တော်တို့လက်က မလွတ်ပါဘူး"

လင်းထက်ဆွေ နောက်ထပ်ရောက်လာသူများကို မျက်လုံးဝေ့ကြည့်လိုက်သည်။

လူကြီးတစ်ဦး၊ တရုတ်ဘုန်းတော်ကြီးတစ်ပါး၊ ကြက်တောင်စည်းအဘိုးအိုတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ဖြစ်ကြ၏။

ထိုလေးဦးမှာ သူလမ်းတွင် ဆုံခဲ့ရသောပုဂ္ဂိုလ်များ ဖြစ်နေကြ၏။ ထိုသူများကိုမြင်ရလျှင် သူ မျက်မှောင်ကြုတ်လိုက်မိသည်။

"ခင်ဗျားတို့သတ္တိရှိရင် ဖြောင်တိုက်ပါလား... ဘာဖြစ်လို့လက်နက်ပုန်းနဲ့ ပစ်ရတာလဲ"

ထိုအထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသောတရုတ်ဘုန်းတော်ကြီးက အသံလေးလေးဖြင့် ရယ်မောပြောဆိုသည်။



"မင်းကို လက်နက်ပုန်းနဲ့ အလစ်တိုက်တာ မဟုတ်ဘူးကွ၊ အသိပေးတာ... ရေနဂါးဂိုဏ်းရဲ့ဂိုဏ်းခွဲခေါင်းဆောင်လေးဦးရောက်လာပြီ သတိထားပေတော့လို့ အချက်ပေးလိုက်တာပဲကွ၊ ဟား... ဟား... ဟား"

"ခင်ဗျားတို့ အချက်ပေးပေး မပေးပေး ကျုပ်ကတော့ လုံးဝဂရုမစိုက်ဘူးဗျ"

"တော်တော် လေလုံးကြီးတဲ့ကောင်ပဲ... ဒီလောက်ဖြစ်လှတာ စပြီး တိုက်ကြည့်စမ်းကွာ"

တရုတ်ဘုန်းတော်ကြီးက ပုတီးကုံးကိုထုတ်ကိုင်ပြီး စိန်ခေါ်လိုက်၏။ လူကြီးက မြင်းမြီးကျာပွတ်ကိုထုတ်လိုက်သည်။

ကြက်တောင်စည်းအဘိုးအိုက ခါးမှကြိုး ပျော့တစ်ချောင်းကို ဖြုတ်ယူလိုက်သည်။ အမျိုးသမီးကလည်း ကြီးမားသော လက်ကိုင်ပဝါကဲ့သို့ ပိတ်စတစ်စကိုထုတ်ယူလိုက်သည်။

လေးဦးစလုံး၏လက်နက်များမှာ လက်နက်ပျော့များသာဖြစ်ကြသဖြင့် ထိုသူများ၏အတွင်းအားပညာမှာ အထူးပင် ကောင်းမွန်ကြောင်း သိသာနိုင်ပေသည်။

သာမန်အတွင်းအား အဆင့်ရှိသူဆိုပါလျှင် ဤလက်နက်များဖြင့် ရန်သူကို မည်သို့မျှ ထိခိုက်ဒဏ်ရာရအောင် မစွမ်းဆောင်နိုင်ပေ။

"ခင်ဗျားတို့သာ အလျင်စတက်ခဲ့စမ်းပါ၊ တက်လာတဲ့လူမှန်သမျှ ကျုပ်က အပြတ်ရှင်းပစ်မှာပဲ"

"လူကြွားလေး... တွေ့ကြသေးတာပေါ့ကွာ"

ရေနဂါးအဖွဲ့ခေါင်းဆောင်လေးဦးသည် သူတို့၏လက်နက်များကို ဝှေ့ယမ်းလျက် ရှေ့သို့တက်လာကြလေ၏။

ထိုစဉ်....

"ရပ်လိုက်ကြစမ်း"

ကျယ်လောင်သော အော်ဟစ်အမိန့်ပေးသံတစ်သံက ခြသေ့တစ်ကောင်ဟိန်းဟောက်လိုက်သည့်အလား ထွက်ပေါ်လာတော့သည်။



အခန်း(၇၅)

## ပြိုကွဲပျက်စီးသောငွေငှက်ဂိုဏ်း

ကြံ့ခိုင်တောင့်တင်းသော လူကြီးတစ်ယောက်က မြက်ခင်းပြင်အတွင်းသို့ ဝင်ရောက်လာသည်။

သူ့မျက်နှာမှာ ဖြူဖွေးဝိုင်းစက်နေသည်။

ရေနဂါးအဖွဲ့ခွဲ ခေါင်းဆောင်လေးဦးတို့သည် ထိုသူကို တွေ့လိုက်ရလျှင် နောက်သို့အလျင်အမြန် ဆုတ်လိုက်ကြသည်။

သူတို့၏ လက်နက်ကိုရုပ်သိမ်းကာ ရိုကျိုးဦးညွတ်လျက် ခရီးဦးကြိုပြု နှုတ်ခွန်းဆက်လိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီးက အချိန်မီရောက်လာတာပဲ"

သံမဏိဂိုဏ်းချုပ်ကလည်း နှုတ်ဆက်လိုက်၏။

"ဖန်း သွေးသောက်ညီအစ်ကို ရောက်လာတာနဲ့အတော်ပဲ"

မျက်နှာဖြူဖြူနှင့်လူက အမူအရာမပြောင်းပဲ....

"ဘယ်လိုလဲ ဂိုဏ်းချုပ်ကြီး ရှုံးနေလို့လား"

သံမဏိဂိုဏ်းချုပ်ကြီးမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ သူ မည်သို့မျှမတတ်နိုင်တော့ပဲ ဝန်ခံလိုက်ရတော့သည်။

"ရက်ဖို့ကောင်းလိုက်တာဗျာ"

မျက်နှာဖြူနှင့်လူက လင်းထက်ဆွေဘက်သို့လှည့်ပြီး ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

အတန်ကြာမှ လေသံခပ်တင်းတင်းဖြင့် မေးလိုက်၏။

"မင်း ငါ့ကိုသိသလား"

လင်းထက်ဆွေ ခေါင်းခါလိုက်သည်။

"မသိပါဘူးခင်ဗျာ"

ထိုလူကြီး၏မျက်ခုံးများသည် အကြည့်ရဆိုးစွာ ကုတ်တက်သွား၏။

"မသိဘူး ဟုတ်လား... ငါ့နာမည် ဖန်းကုန်းကျို့ပဲ၊ ရေနဂါးဂိုဏ်းချုပ်ကြီးဆိုတာ ငါ၊ မင်း မသိဘူးဆိုတာတော့ အံ့ဩစရာကောင်းတယ်"

လင်းထက်ဆွေက ဂါရဝပြုလိုက်၏။

"တကယ်ကို မသိပါဘူးခင်ဗျာ"

ရေနဂါးဂိုဏ်းချုပ် ဖန်းကုန်းကျို၏ ဖြူဖွေးသော မျက်နှာပြင်မှာ နီရဲတင်းမာလာသည်။ သူ့ကိုမသိဟုဆို၍ ဒေါသထွက်သွားရသည်။

"ဘာပြောတယ်... ခုထက်ထိ မင်း မသိသေးဘူးလား"

လင်းထက်ဆွေမှာ မအောင့်နိုင်ပဲ ရယ်မိတော့သည်။

"အဟီးဟီး... ခုတော့ သိပြီပေါ့ဗျာ"

"အေး... သိပြီဆိုရင် ငါတို့နှစ်ယောက်ဟာ မိတ်ဆွေတွေပဲ၊ ဒီတော့ ရန်ဖြစ်ဖို့မလိုတော့ဘူး၊ ကဲ... မင်း အမြန်သွားပေတော့"

ထိုစဉ် သံမဏိဂိုဏ်းချုပ်ကြီးက ရှေ့သို့လှမ်းတက်လိုက်ပြီး အလုအယက် ဖြတ်ပြောလိုက်၏။

"ဖန်းဂိုဏ်းချုပ်ကြီး ဒီချာတိတ်က ကျုပ်တို့ကို အကြီးအကျယ် ဆန့်ကျင်နေတဲ့ လူတစ်ယောက်ပဲ၊ သူ့ကြောင့် ကျုပ်တို့တွေ အရှက်ကွဲခံခဲ့ရတယ်"

ထိုစကားကြောင့် ဖန်းကုန်းကျို့မှာ တစ်ချက်ငိုင်သွားသည်။

"သူက ခင်ဗျားနဲ့ဆန့်ကျင်ပေမယ့် ကျွန်တော်တို့နဲ့ဘာဆိုင်လို့လဲ"

"မဟုတ်သေးဘူးလေ... သူက ကျွန်တော်တို့ မဟာမိတ်ဂိုဏ်းသုံးဂိုဏ်းကို ဆန့်ကျင်နေတယ်ဆိုတော့ ခင်ဗျားတို့ ရေနဂါးဂိုဏ်းကိုလဲ ဆန့်ကျင်နေတာပဲပေါ့ဗျာ"

ရေနဂါးဂိုဏ်းချုပ်ကြီး ဖန်းကုန်းကျို့သည် ထိုအခါကျမှ မျက်နှာပျက်တော့သည်။ လင်းထက်ဆွေသည် သူနှင့်မိတ်ဆွေ မဟုတ်သည်ကို ထိုအခါကျမှ ရိပ်မိတော့သည်။

"ငါလို ဂိုဏ်းချုပ်ကြီးတစ်ယောက်ကို မင်းက ဆန့်ကျင်ရဲတယ် ဟုတ်လား"

နဂါးအဖွဲ့ခေါင်းဆောင် လေးဦးက ဦးညွှတ်လျက် ဝင်ပြောသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ... သူဟာ ကျွန်တော်တို့ဂိုဏ်းသုံးဂိုဏ်းကို စော်ကားခဲ့ပါတယ်၊ ဒါဟာ ရေနဂါးဂိုဏ်းကို အထင်သေးတဲ့သဘောပါပဲ၊ သူ့ကိုချမ်းသာပေးလို့ မဖြစ်ဘူးခင်ဗျ"

ရေနဂါးဂိုဏ်းချုပ် ဖန်းကုန်းကျို့မှာ ထိုစကားကိုကြားလျှင် အလွန်ပင် စိတ်ဆိုးလာပြီး သူ၏လက်နှစ်ဖက်ကို ဖြန့်းခနဲရိုက်၍ လင်း

ထက်ဆွေကို လက်ညှိုးညွှန်ကာ အော်ဟစ်လိုက်သည်။

"ခွေးတိရစ္ဆာန်လေး… မင်း ငါ့လိုဂိုဏ်းချုပ်ကြီးတစ်ယောက်ကို အထင်သေးရင် သေဖို့လမ်း တစ်လမ်းပဲရှိတယ်ဆိုတာ မသိဘူးလား"

သူ၏ဘယ်ဘက်လက်ဝါးက လင်းထက်ဆွေ၏ရင်ဘတ်ဆီဦးတည်ရိုက်ထုတ်လိုက်ပြီး ညာဘက်လက်ညှိုးဖြင့် မျက်လုံးကိုန္တိတ်ထုတ်လိုက်သည်။

သူ့သိုင်းကွက်မှာ အားပါးပြင်းထန်လှသည်။လင်းထက်ဆွေသည် ထိတ်ခနဲဖြစ်သွားပြီး ဆယ်ပေခန့်အကွာသို့ ခုန်ရှောင်လိုက်သည်။သူ နောက်ဆုတ်သွားသည်ကိုတွေ့ရလျှင် ဖန်းကုန်းကျိုက ရိုက်လက်စ လက်ဝါးကိုရုပ်သိမ်းလိုက်၏။

"ချာတိတ်လေး… မင်း ကြောက်နေပြီမဟုတ်လား"

လင်းထက်ဆွေမှာ သူ့လက်ထဲမှဓားဖြင့် သူ၏ရှေ့တွင် တည့်မတ်စွာ ထောင်ထားပြီး…

"ကျွန်တော် ဘယ်တုန်းကမှ လက်နက်မဲ့တဲ့သူကို လက်နက်နဲ့ မယှဉ်ပြိုင်ခဲ့ဖူးဘူး။ ခင်ဗျားက ခွင့်ပြုရင်တောင်မှ ကျွန်တော် မလုပ်နိုင်ဘူး"

"အင်း… မင်းစိတ်ဓာတ်က မဆိုးပါလား"

လင်းထက်ဆွေက သူ့လက်ထဲမှဓားကို သိမ်းဆည်းလိုက်သည်။ သူ၏လက်ချောင်းကလေးများကိုလည်း တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

"လာလေ… စပြီး တိုက်ကြရအောင်"



ရေနဂါးဂိုဏ်းချုပ်သည် တစ်ချက်ကလေးမှ ဆိုင်းငံ့မနေတော့ပဲ စတင်တိုက်ခိုက်တော့သည်။

လျှင်မြန်သွက်လက်လွန်းလှသဖြင့် လူရိပ်နှစ်ခုမှာ ဖြတ်ခနဲဖြစ်နေပြီး လက်ဝါးရိုက်သံများမှာလည်း တဝုန်းဝုန်း မြည်ဟည်းနေ၏။

အဆင့်မြင့် သိုင်းဘုရားနှစ်ယောက်ခြဝင်းကျယ်ကျယ် ကွက်လပ်ထဲ၌ လက်နက်မဲ့သူသေကိုယ်သေ တိုက်ခိုက်နေကြသည်မှာ ကြည့်ကောင်းလှပေသည်။

အကွက်ပေါင်း သုံးဆယ်ကျော်ခန့် တိုက်ခိုက်ကြပြီးလျှင် နှစ်ဦးစလုံး၏တိုက်ကွက်များမှာ ပို၍ ပြင်းထန်လာပေသည်။

ဘေးမှရပ်ကြည့်နေကြသူများမှာ သူတို့နှစ်ဦးအား မည်သူမည်ဝါဆိုသည်ကိုခွဲခြားမရနိုင်လောက်အောင် ဖြစ်နေရသည်။ ထိုစဉ် သူတို့နှစ်ယောက်၏လက်ဝါးချင်း ရိုက်ခတ်မိသွားကြလေသည်။

"ဝုန်း…"

လူရိပ်နှစ်ခုမှာ ပြန်လည်ခွဲထွက်သွား၏။

ရေနဂါးဂိုဏ်းချုပ်က ကျောက်လှေကားပေါ်သို့ခုန်တက်လိုက်ပြီး မျက်လုံးနှစ်လုံးမှာ မီးဝင်းဝင်းတောက်နေ၏။

"ချာတိတ်လေး… မင်းမှာ အကွက်ဆန်းတွေတော့ ရှိတာပဲကွ"

လင်းထက်ဆွေသည် အလှပြုလုပ်ထားသည့် ကျောက်တောင်အတု၏အနားတွင် သတိနှင့်ရပ်လိုက်ပြီး…

"ခင်ဗျားတိုက်ကွက်ကလဲ မဆိုးပါဘူး… ဒါပေမယ့် ခင်ဗျား

က မြင့်မြတ်တဲ့လုပ်ငန်းရပ်တွေမှာ အသုံးမချတာ ရင်နာစရာကောင်းတယ်"

ဤသို့ပြောလိုက်ရသော်လည်း သူ့စိတ်ထဲတွင် ဤသို့နံနံအအ လူတစ်ယောက်၏သိုင်းကွက်များက ဤမျှမာကျောပြီး အတွင်းအားလည်း ကောင်းနေသဖြင့် အံ့သြနေမိသည်။

သူအံ့သြနေစဉ်မှာပင် ရေနဂါးဂိုဏ်းချုပ်ကြီး ဖန်းကုန်းကျိုက ကျောက်လှေကားပေါ်မှတစ်ဆင့် လေထဲသို့ခုန်ပျံတက်လိုက်သည်။

"ချာတိတ်လေး... နောက်ထပ် တစ်ကွက်လောက် စမ်းကြည့်လိုက်ဦး"

လင်းထက်ဆွေကလည်း အလျင်အမြန်ပင် ကိုယ်ကိုနှိမ့်၍ လက်ဝါးနှစ်ဖက်ကို တွန်းထုတ်လိုက်သည်။

"ဝုန်း..."

လက်ဝါးအစုံချင်း ထိခတ်သွားမိပြီး ဖန်းကုန်းကျိုမှာ ဟင်ခနဲ အာမေဋိတ်သံ ထွက်ပေါ်သွားရသည်။

သူ၏တစ်ကိုယ်လုံးလည်း တုန်ယင်လှုပ်ရှားသွားပြီး ဒယီးဒယိုင်ဖြင့် နောက်သို့ခြေလှမ်း ငါးလှမ်းခန့် ဆုတ်လိုက်ရတော့သည်။

လင်းထက်ဆွေမှာမူ ပုံသဏ္ဌာန်မပျက် အေးဆေးတည်ငြိမ်စွာ ရပ်နေသည်။ ဖန်းကုန်းကျိုသည် ယခုမှ တကယ်ဒေါသထွက်တော့၏။

"ခွေးတိရစ္ဆာန်... သေချင်လို့ သေမင်းကို လာစိန်ခေါ်တယ်၊ ငါ့လူတွေ လာခဲ့ကြစမ်း"

ခြံဝင်းအတွင်းမှ အဝါရောင်ခေါင်းပေါင်း ပေါင်းထားသော တောင့်တင်းသန်မာသည့်လူနှစ်ယောက် ရောက်ရှိလာကြသည်။



"ဘာများ ဆောင်ရွက်ပေးရပါမလဲ ဂိုဏ်းချုပ်ကြီးခင်ဗျာ"

"ငါ့လက်အိတ်ပေးစမ်း"

"ကောင်းပါပြီ"

ရေနဂါးဂိုဏ်းသားနှစ်ယောက်လည်း သူတို့၏ကိုယ်တွင်းမှ ပိုးထည်အနီစဖြင့်ထုပ်ထားသည့် အထုပ်နှစ်ထုပ်ကိုထုတ်ဖြေလိုက်ကြပြီး ဖန်းကုန်းကျို၏ဘေးတစ်ဘက်တစ်ချက်စီတွင် ရပ်လိုက်ကြ၏။

ထိုအထုပ်နှစ်ထုပ်အတွင်း၌ တိရစ္ဆာန်သားရေဖြင့်ချုပ်ထားသောလက်အိတ်နှစ်အိတ်ရှိပြီး လက်ချောင်းထိပ်ဖျား၌ အရောင်ပြောင် လက်တောက်ပနေသည်။

သားရဲတိရစ္ဆာန်တစ်ကောင်ကောင်၏လက်သည်းများ ဖြစ်ဟန်တူပေသည်။

ရေနဂါးဂိုဏ်းသားနှစ်ယောက်မှာ ဖန်းကုန်းကျို၏တစ်ဘက်တစ်ချက်စီ၌ ဒူးထောက်ထိုင်ချလိုက်ပြီး ဖန်းကုန်းကျိုအား သူတို့အထုပ်ထဲမှ လက်အိတ်ကလေးများကို ဆွဲယူစွပ်ချပေးလိုက်ကြသည်။

ပြီးသည်နှင့်တစ်ပြိုင်နက် ငါးပေခန့်အကွာသို့ ရုတ်တရက်ခုန်ဆုတ်သွားကြသည်။ ဖန်းကုန်းကျိုက သူ့လက်အိတ်ကို နေသားတကျရှိမရှိပြန်ကြည့်ပြီးနောက် ရှေ့သို့ခြေတစ်လှမ်းတိုးတက်လိုက်သည်။

လင်းထက်ဆွေကို မီးတောက်လုမတတ် စိုက်ကြည့်လိုက်ပြီး...

"ငါ့အဖို့ ဒီလက်နက်ကို အလွယ်တကူနဲ့ ထုတ်သုံးခဲ့ဖူးတာ မဟုတ်ဘူး၊ ဒီတစ်ညတော့ ငါတစ်သက် ပထမဆုံးအကြိမ် ထုတ်သုံးလိုက်ရပြီ။ မင်း ကံကောင်းတယ်လို့ မှတ်လိုက်ပါ"

လင်းထက်ဆွေသည် ထိုလက်အိတ်လက်နက်မျိုးကို လုံးဝ မြင်တွေ့ဖူးခြင်း မရှိပေ။

အထူးအဆန်းတစ်ခုအဖြစ် အံ့အားသင့်မိသော်လည်း ကြောက်စိတ်ဟူ၍ သူ့တွင် မြူတစ်မှုန်စာမျှ မရှိပါချေ။

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်... ကျုပ်တစ်သက်မှာ ခင်ဗျားလက်နက်မျိုးကို တစ်ခါမှမတွေ့ဖူးပါဘူး၊ ခင်ဗျား စိတ်တိုင်းကျသာ အသုံးချတိုက်ခိုက်စမ်းပါ"

"အေး... ကောင်းပြီ၊ မင်းဓားကို ထုတ်လိုက်စမ်း"

"မလိုပါဘူးဗျာ... ကျုပ်က ဓား,ဓားချင်း လက်,လက်ချင်းပဲ ရင်ဆိုင်တတ်တယ်၊ ဓားမဟုတ်တဲ့ ဘယ်လက်နက်မျိုးပဲ လာလာ ကျုပ်ရဲ့ကိုယ်ပိုင်ဓားကိုတော့ ထုတ်သုံးတိုက်ခိုက်လိမ့်မယ် မထင်နဲ့"

"မင်းက ငါ့ရဲ့သတ္တုငါးသွယ်သရဲလက်စွယ်ကို မကြောက်ဘူးလား"

"ကျုပ် ဂရုမစိုက်ဘူး"

"ကောင်းပြီလေ... ဒီလောက်တောင် သေချင်နေမှတော့ မင်း သဘောပဲ"

ဖန်းကုန်းကျိသည် သူ့လက်အစုံကို ရှေ့သို့ဆန့်ထုတ်ကာ စတင်တိုက်ခိုက်တော့သည်။

သတ္တုငါးသွယ် သရဲလက်စွယ်များက တဖျိုးဖျိုး မြည်ကာ လင်းထက်ဆွေ၏ ဘယ်ဘက်ပခုံးကို လှမ်းကုတ်ပြီး မျက်လုံးတွင်း ရုတ်တရက် ထိုးနှိပ်သည်။

တိုက်ကွက်မှာ သွက်လက်ပြင်းထန်သလောက် ရက်စက်



ကြမ်းတမ်းလှသည်။ လင်းထက်ဆွေရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

"ဒီတိုက်ကွက်ကို မြင်ဖူးသလိုပဲ"

ဖန်းကုန်းကျိက အော်လိုက်၏။

"ဒီလိုရှောင်တိမ်းလို့ လွတ်မတဲ့လားကွာ"

ဖန်းကုန်းကျိကလည်း နောက်မှထက်ကြပ်မကွာ လိုက်ပါလာသည်။ သူ့လက်ချောင်းများမှ အလင်းရောင်များဖြာထွက်နေပြီး သေမင်းခေါ်သံကဲ့သို့ တဖျိုးဖျိုး အသံများကလည်း မြည်ဟည်းနေသည်။

သူ့တိုက်ကွက်များကို အသေအချာ အကဲခတ်ကြည့်ရှုလိုက်သောအခါမှ တစ်စုံတစ်ခုနှင့်သွား၍ နှိုင်းယှဉ်မိတော့၏။

"အို... ဒီသိုင်းကွက်က ရှန်ကျိန့်ကျိ အကြောသုံးဆယ့်ခြောက်နေရာသိုင်းကွက် အတိုင်းပါပဲလား"

အတွေးထဲတွင် ထိုအသိဝင်လာသည်နှင့် တစ်ပြိုင်နက် သူ့လက်နှစ်ဖက်ကလည်း ရွှေနဂါးဂိုဏ်းချုပ်ဖန်းကုန်းကျိ၏ သိုင်းကွက်များအတိုင်း လှုပ်ရှားလိုက်တော့သည်။

"ဟာ..."

ဖန်းကုန်းကျိ အကြီးအကျယ် အံ့အားသင့်သွားပြီးလျှင် ဆယ်ပေခန့်အမြင့်သို့ ခုန်ပျံရှောင်တိမ်းသွား၏။ လင်းထက်ဆွေအား မယုံကြည်နိုင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေမိသည်။

သူ မတိုက်ခိုက်ခင်ကပင် သူတိုက်မည့်တိုက်ကွက်များကို လင်းထက်ဆွေက ကြိုတင်ဟန့်တားထားသောကြောင့်ပင်တည်း။

"သတ္တုငါးသွယ် သရဲလက်စွယ်တိုက်ကွက်ဟာ ဒီလောက

မှာ ငါတစ်ယောက်တည်း တတ်ထားတဲ့သိုင်းကွက်ပါ၊ ဒီကောင်လေးမှာ ဒီသိုင်းကွက်မျိုးရှိတာ သိပ်အံ့ဩစရာကောင်းတာပဲ"

ဖန်းကုန်းကျိုမှာ ထိန်းမနိုင် သိမ်းမရလောက်အောင် ဒေါသထွက်လာသည်။ သူ့လက်နှစ်ဖက်ကို တဖြန်းဖြန်း ရိုက်လိုက်သောအခါ သတ္တုချင်းထိခတ်သံမှာလည်း တချွင်ချွင် မြည်နေသည်။

"အေး... မင်းကိုဖမ်းပြီးတဲ့အခါမှ သေသေချာချာ စစ်မေးရမယ်"

ဖန်းကုန်းကျို စတင်တိုက်ခိုက်ပြန်သည်။ လင်းထက်ဆွေမှာ မည်သို့မျှ စိုးရိမ်ကြောင့်ကြစိတ် မဖြစ်တော့ပေ။

ဖန်းကုန်းကျို၏ တိုက်ကွက်များကို ကြိုတင်သိရှိနေသဖြင့် အလွယ်တကူပင် ရင်ဆိုင်တိုက်ခိုက်နိုင်ပေသည်။

ဂိုဏ်းသုံးဂိုဏ်မှ ဂိုဏ်းသားများမှာလည်း တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက်နေကြရာမှ ရပ်တန့်လိုက်ကြပြီးလျှင် သိုင်းလောကတွင် ကြုံတောင့်ကြုံခဲတိုက်ပွဲကြီးကို ငေးမောကြည့်ရှုနေမိတော့သည်။

ရေကုန်ရေခန်းတိုက်ခိုက်နေသည့် တိုက်ပွဲကွင်းထဲသို့ အာရုံရောက်ရှိနေသဖြင့် အားလုံးမှာ အသက်ကိုပင် ပြင်းပြင်းမရှုရဲဘဲ ရှိနေကြသည်။

"ဒီတစ်ကွက်ကတော့ ခင်ဗျားပြင်မရအောင် မှားသွားပြီ"

ဖန်းကုန်းကျိုမှာ လင်းထက်ဆွေကို အလဲဖြိုနိုင်ရန် လောကြီးနေသဖြင့် ဟာကွက်တစ်ကွက်ကို မဖုံးဖိလိုက်မိချေ။

ထို့ကြောင့် ဖန်းကုန်းကျိုကို သတိပေးသံနှင့်အတူ သူ့လက်ကလည်း ဖန်းကုန်းကျို၏ လစ်ဟာနေသောနံပါးဆီသို့ ဖြတ်ခနဲရောက်ရှိသွားခဲ့သည်။



"အင့်..."

ဖန်းကုန်းကျိုသည် ဒူးခွေကျကာ ရှေ့သို့ငိုက်ဆင်းသွားလေသည်။ လက်နှစ်ဖက်ကို အလျင်အမြန် ထောက်ထားလိုက်၍သာ မြေကြီးပေါ်တွင်ပုံလျက် လဲကျမသွားရခြင်း ဖြစ်ပေသည်။

လင်းထက်ဆွေကလည်း ရှေ့သို့တိုးတက်လိုက်လာပြီး ဖန်းကုန်းကျို၏နောက်ပိုးကို လက်ဝါးစောင်းဖြင့် ခုတ်ချရန် ချိန်ရွယ်လိုက်သည်။ ဖန်းကုန်းကျိုအဖို့ လည်စင်းအသေခံရုံသာ ရှိတော့သည်။

သို့သော် လင်းထက်ဆွေသည် ဖန်းကုန်းကျိုကို မသတ်ဖြတ်ပါ။

"ခင်ဗျားရဲ့ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လေ့ကျင့်ထားရတဲ့ သိုင်းပညာတွေ နှမြောဖို့ကောင်းပါတယ်ဗျာ၊ ကျုပ် ခင်ဗျားကို မသတ်ရက်ပါဘူး"

လင်းထက်ဆွေသည် ရုတ်တရက် ခုန်ထွက်သွား၏။

ရေနဂါးဂိုဏ်းချုပ်ကြီး ဖန်းကုန်းကျိုမှာ အလွယ်တကူ ထုတ်သုံးလေ့မရှိသော သတ္တုငါးသွယ်သရဲလက်စွယ်ကို ထုတ်သုံးသော်လည်း မမျှော်လင့်ဘဲ လင်းထက်ဆွေကို အရှုံးကြီး ရှုံးသွားရသဖြင့် အရှက်ကြီး ရှက်သွားတော့သည်။

လင်းထက်ဆွေသည် သူ့ရင်တွင်းခံစားချက်များကို မသိရှိဘဲ အရိုးခံစိတ်နှင့် ထပ်မံ၍ စိန်ခေါ်လိုက်ပြန်သည်။

"ဖန်းကုန်းကျို... ခင်ဗျားမှာ ဒီထက်ကြောက်စရာကောင်းတဲ့

သိုင်းပညာတွေ ရှိသေးသလား။ ကျုပ်ကို ဘာမှအားနာမနေပါနဲ့ ထပ်ပြီး ယှဉ်လိုက်ကြရအောင်"

ဖန်းကုန်းကျိ ဘာမှမပြောနိုင်။ ရင်ထဲတွင် အကြီးအကျယ် လှုပ်ရှားနေသဖြင့် စကားလုံးများက သူ့နှုတ်ဖျားက ထွက်မလာနိုင်။

ထိုစဉ် သူ့လက်ထောက် ဂိုဏ်းခွဲခေါင်းဆောင်လေးဦးမှာ ဂိုဏ်းချုပ်ကြီးရှုံးနိမ့်သွားရသည်ကို မခံမရပ်နိုင်အောင်ဖြစ်သွားရပြီး သူတို့၏ လက်နက်ပျော့များကို ဆွဲထုတ်ဝှေ့ယမ်းကာ သံပြိုင်အော်ဟစ်လိုက်ကြသည်။

"ချာတိတ်လေး... မင်းက သိပ်ကြီးကျယ်နေတယ်ပေါ့လေ၊ တို့နဲ့ထပ်ပြီး တွေ့ကြသေးတာပေါ့"

ထိုလေးယောက်သည် လင်းထက်ဆွေ၏ရှေ့သို့ ခုန်ထွက်သွားကြ၏။

သို့သော်...

"မလုပ်ကြနဲ့... အားလုံးရပ်လိုက်ကြ"

လင်းထက်ဆွေအား တိုက်ခိုက်လုနီးအချိန်တွင် ဖန်းကုန်းကျိက အော်ဟစ်တားဆီးလိုက်သဖြင့် ရေနဂါးအဖွဲ့ခွဲခေါင်းဆောင်လေးဦးမှာ ရပ်တန့်သွားသည်။

ဖန်းကုန်းကျိမှာ တံခါးဝဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဆက်မတိုက်ကြနဲ့တော့... ငါတို့သွားကြမယ်"

ရေနဂါးအဖွဲ့ခွဲခေါင်းဆောင်လေးဦးမှာ ဘာမျှမပြောသာတော့ဘဲ သူတို့၏လက်နက်များကိုသိမ်းဆည်းကာ တံခါးဝမှ ကိုယ်စီ ထွက်ခွာသွားကြလေတော့သည်။



ဖန်းကုန်းကျိက လင်းထက်ဆွေကို တစ်ချက်စိုက်ကြည့်လိုက် ပြီး ရှင်းလင်းစွာ ဝန်ခံစကားဆိုလိုက်သည်။

"မင်းကို ငါရှုံးပြီဆိုတာ ဝန်ခံပါတယ်"

တစ်ဆက်တည်းမှာပင် အကျိုလှုပ်ခတ်သံများ ထွက်ပေါ်လာသည်။ ခြေသံများကလည်း တဖျတ်ဖျတ် ထွက်ပေါ်လာပြီး ရေနဂါးဂိုဏ်းသားများ အလျှိုလျှို ထွက်ပြေးသွားတော့သည်။

သံမဏိဂိုဏ်းသားများလည်း မနေရဲတော့ပဲ အလုအယက် ပြေးထွက်သွားကြပြန်သည်။ သံမဏိဂိုဏ်းချုပ်ကြီးလည်း ခြံစည်းရိုးမှ ခုန်ကျော်ပြေးထွက်သွား၏။

လင်းထက်ဆွေ သူ့ကိုစိတ်ဆိုးပြေနိုင်သေးသည်မို့ အော်ငေါက်ဟန့်တားလိုက်သည်။

"သူများတွေ ထွက်ပြေးသွားပေမယ့် ခင်ဗျားကတော့ သွားလို့မရဘူး"

ပြောပြောဆိုဆိုပင် နောက်မှပြေးလိုက်သွားသည်။

သံမဏိဂိုဏ်းချုပ်ကြီးက အစွမ်းကုန် ကိုယ်ဖော့ပညာ ထုတ်သုံးပြေးလွှားရင်းမှ...

"ငါလဲ မင်းကိုရှုံးခဲ့ပြီ၊ နောက်မှထပ်တွေ့ကြသေးတာပေါ့"

သူ၏ကိုယ်ဖော့ပညာမှာ ကောင်းမွန်လှပေရာ ယခုကဲ့သို့အသက်လုပြီး ပြေးလွှားရသောအခါ ပို၍မြန်ဆန်လှပေသည်။

တစ်ခဏအတွင်း ပေခုနစ်ဆယ်အတွင်းသို့ရောက်ရှိသွား၏။

မကြာမီ ထူထပ်စွာ ပေါက်ရောက်နေသော သစ်တောအုပ်အတွင်းသို့ တိုးဝင်သွားသည့် သူ၏ကျောပြင်ကြီးကိုသာ မြင်လိုက်ကြရ

သည်။

ငွေငှက်ဂိုဏ်းသားများလည်း သူတို့၏ဂိုဏ်းချုပ် မရှိတော့သဖြင့် အထုပ်အပိုးများပြင်ကာ ယောက်ယက်ခတ် ထွက်ပြေးသွားကြတော့သည်။

မထင်မှတ်သောအချိန်ကလေးအတွင်းမှာပင် အနှစ်နှစ်အလလက တည်ထောင်စုစည်းထားရသော ငွေငှက်ဂိုဏ်းမှာ ကြေကွဲဖွယ်ရာ ပြိုကွဲသွားရတော့သည်။

လင်းထက်ဆွေသည် ထွက်ပြေးသွားသူများကို ငေးကြည့်နေ၏။ မြောင်ကျွန်းပြည်နယ်သို့ အရေးတကြီး သွားရောက်ရမည့်ကိစ္စက သူ့ခေါင်းထဲသို့ဝင်လာသည်။

သူသည် သက်ပြင်းချလိုက်ပြီး သွေးစွန်းသောမြက်ခင်းပြင်မှ ခုန်ထွက်ကာ သူ့ခရီးကို စနှင်လေတော့သည်။

**တစဉ်(၆)ပြီး၏။**

**တစဉ်(၇)တတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။**

**တက္ကသိုလ်နေလင်းအောင်**